# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၃၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် အာဆီယံနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် ခိုင်မာစွာသန္နိဋ္ဌာန် ချမှတ်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ
(၅၄) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူများသို့
ပေးပို့သည့် သဝဏ်လွှာ
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း( အာဆီယံ ) ကို တည်ထောင်ခဲ့သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွသာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ထာဝရပြည့်စုံသော ဒေသတစ်ခုအတွင်း အတူတကွ ပေါင်းစည်းနေထိုင်ကြရန် တူညီသည့်ဆန္ဒဖြင့် အာဆီယံအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအပေါင်းနှင့် အာဆီယံဒေသတွင်းရှိ

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# ပါတီစုံဒီမိုကရေစီစနစ်ကို မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်ပြီး အခိုင်အမာ အာမခံချက်ပေးထား

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

မြန်မာ့အလင်း

# အကောင်းဆုံးသော ကာကွယ်ဆေး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း မအောင်မြင်စေရေးအတွက် အဖျက်အမှောင့်သမားတို့က မဟုတ်မမှန်သတင်းများ လွှင့်ထုတ်၍ နှောင့်ယှက်ခဲ့ကြစေကာမူ မြို့နယ်အသီးသီး၊ ဒေသအနှံ့အပြားတို့တွင် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြသည်။ အသစ်ရောက်လာသည့် ကိုဗစ်ကာကွယ်ဆေးကို ကမ္ဘာက အသိအမှတ်မပြုကြောင်း၊ ထိုးပါက အသက်အန္တရာယ်ရှိကြောင်းတို့ အပါအဝင် ကာကွယ်ဆေးထိုးနှံမှု မခံယူစေရေးအတွက် ပြည်သူလူထုကို လိမ်လည်လှည့်ဖြား သတင်းအမှားများပေးခဲ့သော်လည်း ပြည်သူက လက်မခံဘဲ ကပ်ရောဂါကာကွယ်ဆေးကို ယုံယုံကြည်ကြည်ဖြင့် ထိုးနှံမှု ခံယူနေကြခြင်းပင်ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးတွင် အဓိက အရေးပါသော လုပ်ငန်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုနှုန်း လျှော့ချရေး၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို တားဆီးရေးနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံစီးပွားရေးထိခိုက်မှုကို လျှော့ချနိုင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကာကွယ်ဆေးများ ထိုးနှံပေးနေခြင်းဖြစ်ရာ ပြည်သူလူထု၏ အသက်အန္တရာယ်နှင့် လူမှုစီးပွားရေးဘဝတို့အတွက် လွန်စွာအရေးကြီးလှသည်။ လက်ရှိမြန်မာနိုင်ငံတွင် ထိုးနှံပေးနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိရောက်မှု၊ စိတ်ချရမှု၊ အရည်အသွေးကောင်းမွန်မှုတို့အတွက် အတည်ပြုပေးထားပြီးဖြစ်သည့် ဆေးများဖြစ်သည်။ တရုတ်နိုင်ငံထုတ် အဆိုပါ ဆေးများဖြစ်သည့် ဆိုင်နိုဖမ်းနှင့် ဆိုင်နိုဗက်တို့ကို တရုတ်နိုင်ငံက ၎င်း၏ ပြည်သူများကိုလည်း သန်းပေါင်းများစွာထိုးနှံပေးထားပြီးဖြစ်သည်။ အာရှ၊ အာဖရိကနှင့် တောင်အမေရိကတိုက်တို့ရှိ နိုင်ငံများသာမက ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဟန်ဂေရီကလည်း တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံပေးခဲ့သည်။

ကမ္ဘာပေါ်တွင် ခေတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု တတိယအများဆုံးဖြစ်ပြီး သေဆုံးသူ ဒုတိယအများဆုံးဖြစ်သည့် ဘရာဇီးနိုင်ငံက ဆိုင်နိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြို့တစ်မြို့ရှိ အရွယ်ရောက်ပြီးသူအားလုံးကို ထိုးနှံပေးခဲ့ရာ ကိုဗစ်ကြောင့် သေဆုံးသည့်နှုန်း ၉၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် တွေ့ရသည်။ အခြားလက်တင်အမေရိကနိုင်ငံဖြစ်သည့် ချီလီနှင့် မက္ကဆီကိုတို့ကလည်း သူ့ပြည်သူများကို တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးကို ထိုးနှံပေးနေခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဓနအင်အားကြီးမားတောင့်တင်းသည့် ကမ္ဘာ့နိုင်ငံကြီးအချို့က လက်ဝါးကြီးအုပ်ဝယ်ယူမှုများကြောင့် ကျန်နိုင်ငံငယ် အများအပြားမှာ ကာကွယ်ဆေးရရှိရေး ရုန်းကန်နေကြရသလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးအစီအစဉ်ကိုလည်း စောင့်မျှော်နေကြရသည်ကို ကမ္ဘာ့သတင်းများတွင် တွေ့နိုင်သည်။

မြန်မာ့ကျန်းမာရေးပညာရှင်တစ်ဦး ပြောကြားခဲ့သလို မိမိတို့ထိုးနှံကြရမည့် ကာကွယ်ဆေးကို အကောင်းဆုံးအဖြစ် လက်ခံပြီး ယုံယုံကြည်ကြည်ထိုးနှံကြသူများမှာ အကျိုးများမည်သာဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံထုတ်သည့် ကာကွယ်ဆေးမှ ရာခိုင်နှုန်းပြည့် ကာကွယ်မပေးနိုင်သည်ကို လည်းကောင်း၊ ကာကွယ်ဆေးတစ်မျိုးမျိုး ထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်မှု၊ ပြင်းထန်မှု၊ သေဆုံးမှုတို့ကို အဆပေါင်းများစွာ လျှော့ချပေးနိုင်သည်ကိုလည်းကောင်း သိမြင်နားလည်ထားကြပြီး ဦးတည်အုပ်စုများအားလုံး ကာကွယ်ဆေးထိုးနှံပြီးသည့်အခါ ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်တားဆီးနိုင်လာမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အသိပေးကြေညာထားသည်။

အဆိုပါစာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဇူလိုင် ၁ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ဇူလိုင် ၃၀ ရက်အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ခဲ့ကြောင်းနှင့် ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်းအမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) (ခ) အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဇဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်စုဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၇-၈-၂၀၂၁ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၇၀ မှ Claxo 60 Injection အခု ၁၀၀၀၀၊ Enoxaparin Injection အခု ၂၅၀၀၀၊ Flow meter ၃၄၁၆ ခု၊ Hundifier ၆၁ ခု၊ Oxygen Mask အခု ၁၄၁၀၊ Oximeter အခု ၄၄၆၀၊ Oxygen Concentrator ၂၅၀၇ ခု၊ Oxygen Regulator ၂၅၄၁ ခု၊ Oxygen Terminal ၁၄ ခု၊ Remdigen Infusion အခု ၃၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၃၈၄၈၅.၂၅ Kg ၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ်၊ မြဝတီ) တွင် ကုမ္ပဏီ ၆၀ မှ Hand Antiseptic Rinse Free Gel နှစ်ပုံး၊ Liquid Oxygen ၁၄၆၂၅.၁ $m^3$၊ Disposable Mask ၁၅၈၉၂၇ Kg၊ Spary Bottle (100 ml) ၅၅၄၅ ခု၊ Glucose and Sodium Chloride Injection ၂၇၀၀၀ Kg၊ Oxygen Mask ၃၄၄၅၀၊ Glove အစုံ ၁၅၄၀၀၊ ဘီတာဆိုက်ဘာမတ်ထရင်း ဆေးရည် ၇၂ ပုံး၊ Rice တန် ၅၀၊ Oxygen Concentrator ၁၁၆၃ ခု၊ Flow Meter အခု ၁၁၆၇၀၊ PPE Gown ၄၆၇၄၂ ခု၊ Oximeter အခု ၅၀၀၀၊ Oxygen Cylinder Trolley အခု ၂၀၀၊ Oxygen Plant တစ်ခု၊ Goggle အခု ၅၄၀၊ Thermometer အခု ၅၄၀၊ Disposable Cap အခု ၁၈၄၀၀၊ Oxygen Cylinder ၈၄၅၆ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ကိုယ်ဝန်ဆောင်မိခင်အား အောင်မြင်စွာခွဲစိတ်မွေးဖွား

**ကျောင်းကုန်း ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ယမန်နေ့က ကိုဗစ်-၁၉ အတည်ပြုလူနာ ကိုယ်ဝန်ဆောင်မိခင်အား ရိုးရိုးမွေးဖွားရန် မဖြစ်နိုင်သောကြောင့် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း ကျန်းမာရေးဌာနက သိရသည်။

ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်၊ သူနာပြုဆရာမများ၊ ဒေါ်ဝေဝေသိန်း(မေ့ဆေး)နှင့် အထွေထွေပံ့ပိုးသူ ဦးမြင့်အောင်တို့က ခုနစ် ပေါင် ၁၁ အောင်စရှိသော ယောကျ်ားလေးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်ရောကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဇုန်(၂)တွင် အထက်တန်းသူနာပြု ဦးရဲထွဋ်၊ ဒေါ်အေးအေးခိုင်နှင့် ကလေးအထူးပြု ဒေါ်ငယ်ထွေးတို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## UMFCCI မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးဆိုင်ရာများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသဆေးရရှိရေး၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ နည်းလမ်းတကျ ရရှိရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) သည် သက်ဆိုင်ရာ ကော်မတီများ၊ ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် အရှိန်မြှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၁ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း ခေါင်းဆောင်သော UMFCCI Task Force ကို စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

Task Force သည် ကိုဗစ် -၁၉ ရောဂါ ကာကွယ် ကုသရေးနှင့် သက်ဆိုင်သည့် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများ တင်သွင်းရာတွင် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သို့ One-Time Permit များ လျှောက်ထားရာတွင် လက်ခံဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးနှင့် ချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ Task Force ရုံးအဖွဲ့ကို အသင်းချုပ်ရုံးမြေညီထပ်၌ နေ့စဉ်ဖွင့်လှစ်ထားပြီး ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသည့် လုပ်ငန်းရှင်များအား ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဖုန်းနံပါတ် ၀၉-၆၇၇၇၂၇၄၀၃၊ ၀၉-၆၇၇၇၂၇၄၀၄၊ ၀၉-၆၇၇၇၂၇၄၀၅ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်ခန**



# ကာကွယ်ဆေးများကို ဦးတည်အုပ်စုတွေနဲ့ ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျ ထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်

အစိုးရအနေနဲ့ ကာကွယ်ဆေးတွေရရှိဖို့အတွက် ဆက်လက်ညှိနှိုင်းဝယ်ယူဖို့ ဆောင်ရွက်လျက်ရှိသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေးအရေအတွက် ၄ သန်း အနက် အခု ဇူလိုင်လ စတုတ္ထပတ်မှာ ၃ သန်း ရောက်ရှိခဲ့ပြီးဖြစ်သလို ဆေးထိုးလုပ်ငန်းများ အမြန်ဆောင်ရွက်နေပါတယ်။ နောက်ထပ် ကာကွယ်ဆေး ၃ သန်းကလည်း ဩဂုတ်လအတွင်း ရောက်ရှိလာမှာဖြစ်လို့ ရရှိလာမယ့်ကာကွယ်ဆေးများကို ဦးတည်အုပ်စုတွေနဲ့ ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျ ထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေး ၂ သန်းဟာလည်း အသုတ်လိုက်ရောက်ရှိလာမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ ရရှိရန်ကျန်ရှိနေတဲ့ ကာကွယ်ဆေးများ ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။

**( ၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

○ *ရှေ့ဖုံးမှ*

ပြည်သူတစ်ရပ်လုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအချိန်သည် အာဆီယံ၏ အောင်မြင်မှုများနှင့် ယနေ့မိမိတို့ မြင်တွေ့နေရသည့် အာဆီယံအသင်းကြီးအဖြစ်သို့ ရောက်ရှိအောင် မည်သို့ဖြတ်သန်းခဲ့ရသည်ဆိုသည်ကို မိမိတို့အနေဖြင့် သတိချပ်ရမည့်အချိန်အခါကောင်းဖြစ်ပါသည်။ နိုင်ငံ ( ၅ ) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် "အသင်းအဖွဲ့" တစ်ခုအဖြစ်မှ ယနေ့ အာဆီယံသည် အဖွဲ့ဝင် (၁၀) နိုင်ငံလုံး အပြည့်အဝပါဝင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်း "အသိုက်အဝန်း" တစ်ခုအဖြစ်သို့ တိုးတက်ပြောင်းလဲလာခဲ့ပြီးဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် ယင်းအခြေအနေသို့ လွယ်လွယ်ကူကူဖြင့် ရောက်ရှိလာခဲ့ခြင်း မဟုတ်ပါ။ အာဆီယံအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခရီးတစ်လျှောက် ငွေကြေးအကျပ်အတည်းပြဿနာမှသည် ယနေ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအထိ အခက်အခဲ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါသည်။

ရာစုနှစ်တစ်ဝက်ကျော်ကြာ ဖြတ်သန်းလာခဲ့ပြီးနောက် အာဆီယံသည် အခက်အခဲများကြားမှ အောင်မြင်မှုများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့ပြီး အာဆီယံ၏ စုပေါင်းအင်အားကပင် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အာဆီယံအတွက် နည်းလမ်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည့်တာဝန်များ များစွာကျန်ရှိနေဆဲဖြစ်ပါသည်။ **"မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု"**ဟူသော အာဆီယံ၏ ဝိသေသလက္ခဏာကို ထိန်းသိမ်းရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ အာဆီယံသည် စည်းမျဉ်းကို အခြေခံသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် အောင်မြင်စွာတိုးတက်ပြောင်းလဲလာနိုင်သကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များ၊ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီ ရပ်တည်နိုင်ခဲ့ပါသည်။ မဟာဗျူဟာအရ ပြိုင်ဆိုင်မှုများ ကြီးမားလာခြင်းနှင့် နိုင်ငံများအကြား အကျိုးစီးပွားကွဲပြားလာမှုများနှင့်အတူ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် ဒေသတွင်းဖြစ်ပေါ်လာသည့် ယန္တရားအသစ်တွင် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်(TAC)ပါ အခြေခံမူများသည် နိုင်ငံအချင်းချင်းအကြား ဆက်ဆံရာ၌ အရေးပါသည့် အခြေခံမူများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒ( 2C )ကို အခြေခံသည့် အာဆီယံနည်းလမ်းတို့ကို ဆက်လက်ထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။

TAC တွင် ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ များပြားလာသကဲ့သို့ အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေး ထူထောင်လိုသည့် နိုင်ငံအရေအတွက်လည်း တိုးမြင့်လျက်ရှိသည့်အပေါ် မိမိတို့အနေဖြင့် အားတက်မိပါသည်။ ယင်းသို့ တိုးတက်များပြားလာခြင်းမှာ အခြားနိုင်ငံများက အာဆီယံ၏ စံတန်ဖိုးများအပေါ် ထားရှိသည့် ယုံကြည်ချက်ခိုင်မာမှုနှင့် လေးစားမှုကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း အာဆီယံအနေဖြင့် ၎င်း၏မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်း၊ ဥပမာအားဖြင့် အာဆီယံ-ဥရောပသမဂ္ဂဆွေးနွေးဖက်ဆက်ဆံရေးကို မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခြင်းကဲ့သို့သော အခြေအနေများသည်လည်း မိတ်ဖက်နိုင်ငံများအပေါ် အာဆီယံ၏ တန်ဖိုးထားမှုကို သက်သေပြနေခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် အာဆီယံဗဟိုပြုမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးထားလျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အာဆီယံအနေဖြင့် ကမ္ဘာကြီးနှင့် ပိုမိုထိတွေ့ဆောင်ရွက်နိုင်ရန် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီများကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ကမ္ဘာ့မြို့တော်များနှင့် အခြားအရေးပါသည့် မြို့ကြီးများတွင် အာဆီယံကော်မတီပေါင်း (၅၄)ခုကို တရားဝင်ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အဆိုပါကော်မတီများသည် အာဆီယံ၏ အကျိုးစီးပွားနှင့် ဝိသေသလက္ခဏာကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံများနှင့် နီးကပ်စွာထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အာဆီယံ၏ ပြင်ပမိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းစေရန်အတွက်လည်းကောင်း၊ အာဆီယံနှင့် အခြားကမ္ဘာ့နိုင်ငံများကို ပေါင်းကူးချိတ်ဆက်ပေးရန်အတွက် လည်းကောင်း ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါသည်။

**◆ ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အားလုံး လက်ရှိနဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုဖြစ်သည့် အားလျော်စွာ အာဆီယံအနေဖြင့် ဒေသတွင်း ရောဂါပိုးပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ကြောင့် ဘက်ပေါင်းစုံမှ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်**

ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အားလုံး လက်ရှိနဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုဖြစ်သည့် အားလျော်စွာ အာဆီယံအနေဖြင့် ဒေသတွင်း ရောဂါပိုးပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ကြောင့် ဘက်ပေါင်းစုံမှဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အာဆီယံ၏ စုပေါင်းအင်အားဖြင့် ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။ တာဝန်ယူမှုရှိသော အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၁ ခုနှစ် အာဆီယံဥက္ကဋ္ဌမှ ချမှတ်ထားသည့် **"သာယာဝပြောသော အာဆီယံသို့ အပြန်အလှန် ဖေးမကူညီမှုဖြင့် အတူတကွ ပြင်ဆင်ဆောင်ရွက်ကြပါစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ အာဆီယံနှင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေး ရန်ပုံငွေသို့ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာတစ်သိန်း ထည့်ဝင်လှူဒါန်းထားပြီးဖြစ်ပါသည်။ အာဆီယံအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံး ပြီးမြောက်ပါက အကျိုးကျေးဇူးများကို ပြည်သူများလက်ထဲသို့ အမြန်ဆုံး ပေးအပ်နိုင်မည်ဖြစ်ပါသည်။

လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းသည် အာဆီယံအသိုက်အဝန်း တည်ဆောက်မှု အောင်မြင်ရေးအပြင် နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးနိုင်ရေးအတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

အာဆီယံကို တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများ၏ အမြော်အမြင် ကြီးမားမှုနှင့် ရည်ရွယ်ချက်များသည် အာဆီယံကို စည်းမျဉ်းကိုအခြေခံ၍ ခိုင်မာအားကောင်းပြီး အောင်မြင်ကြွယ်ဝသည့် ဒေသဆိုင်ရာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် လမ်းကြောင်းများ ချမှတ်ပေးခဲ့ပါသည်။ အနာဂတ်အာဆီယံကို မည်သို့ ပုံဖော်ရေးသားမည်ဆိုသည်မှာ ယနေ့ အာဆီယံပြည်သူများအပေါ် မူတည်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အာဆီယံနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် ခိုင်မာစွာသန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ယခုအချိန်သည် အာဆီယံအသိုက်အဝန်းအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီမှုဝေဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါသည်။ အာဆီယံ၏ ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် အခွင့်ကြုံခိုက် တိုက်တွန်းအပ်ပါသည်။

◆ *ရှေ့ဖုံးမှ*

ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

❑ **အသွားအလာများကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကူးစက်မှုနှင့် သေဆုံးမှုများ တဖြည်းဖြည်း လျော့ကျလာ၊ ထိုကဲ့သို့ ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ၊ အောက်ဆီဂျင်ရရှိရေးကိစ္စရပ်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးမှအစ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုကြောင့် ကုသမှုအပိုင်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး

### တည်ငြိမ်မှုရှိလာပြီဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအခါ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသော်လည်း မျက်ခြည်မပြတ် ဆောင်ရွက်နေသလို နိုင်ငံလုံခြုံရေးနှင့် နိုင်ငံရေး အခြေအနေအားလုံးအား စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော အကြမ်းဖက် တိုက်ခိုက်မှုများမှအပ တည်ငြိမ်မှုရှိလာပြီ ဖြစ်ကြောင်း၊ အဆိုပါ အကြမ်းဖက်မှုများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုဩဂုတ်လမှစ၍ မရှိသလောက်ဖြစ်လာပြီ ဖြစ်ကြောင်း။

### အဆင့်ဆင့်တာဝန်ယူဆောင်ရွက်

လုပ်ငန်းတာဝန်ခွဲဝေမှုနှင့် စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ ရပ်ကျေးအဖွဲ့များ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အဆင့်ဆင့်ရှိကြောင်း၊ တပ်မတော်တွင်လည်း အလားတူပင် အဆင့်ဆင့်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် အဆင့်များကို ကျော်လွန်၍ တိုက်ရိုက်စီမံဆောင်ရွက်ခြင်းကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ ကျဆင်းလာနိုင်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်ချက် တင်ပြဆောင်ရွက်နိုင်သလို စီမံခန့်ခွဲနိုင်ခွင့်ပေးထားကြောင်း၊ စီမံခန့်ခွဲရေး နယ်ပယ်တွင် မိမိသဘောဆန္ဒဖြင့် မူဝါဒနှင့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန် ဆောင်ရွက်၍ မရသကဲ့သို့ ခွင့်ပြု၍လည်း မရကြောင်း၊ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်သည့် ကိစ္စရပ်များကို ခွင့်ပြုပေးထားကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် နှင့် ဦးတည်ချက် (၉)ရပ်အား အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး ယင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူဖြစ်ကြောင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအား ချမှတ်ထားခြင်းဖြစ်သဖြင့် ခိုင်ခိုင်မာမာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်ပြီး အခိုင်အမာ အာမခံချက်ပေးထားကြောင်း။

### သေဆုံးမှုများ တဖြည်းဖြည်းလျော့ကျ

ကိုဗစ်-၁၉ နှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၌ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း၊ ရောဂါကူးစက်မှုသည် ပြည်သူများ၏ သွားလာမှုနှင့် စည်းကမ်းလိုက်နာမှုအပေါ်တွင် မူတည်သဖြင့် စာသင်ကျောင်းများ ယာယီပိတ်ခြင်း၊ သွားလာမှုကန့်သတ်ခြင်းများအား တင်းကျပ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်လည်း ကူးစက်မှုနှုန်း မြင့်မားပြီး သေဆုံးမှုနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်မှုနှုန်း လျှော့ချနိုင်ရန်အတွက် ရုံးပိတ်ရက်များ သတ်မှတ်ပေးခဲ့ကြောင်း၊ တတိယလှိုင်း စတင်ဖြစ်ပွားသည့် ဇူလိုင်လဆန်းတွင် ကူးစက်မှုနှုန်းများ မြန်ဆန်ခဲ့ပြီး သေဆုံးမှုများလည်း မြင့်တက်မှုများရှိခဲ့ကြောင်း၊ အသွားအလာများကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကူးစက်မှုနှင့် သေဆုံးမှုများ တဖြည်းဖြည်း လျော့ကျလာကြောင်း၊ ထိုကဲ့သို့ ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ လိုအပ်ချက်များဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ၊ အောက်ဆီဂျင်ရရှိရေးကိစ္စရပ်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးမှအစ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုကြောင့် ကုသမှုအပိုင်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

### အောက်ဆီဂျင်ရရှိရေးဆောင်ရွက်

ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်၍လည်း အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းက သာမက တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများမှလည်း ဝယ်ယူ၍ ပြည်သူများအား ထိုးနှံပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများရရှိအောင်ဆောင်ရွက်ပေးသည့် နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်သဖြင့် အမြဲမပြတ်သတိထား ဆောင်ရွက်နေရန်လိုကြောင်း၊ လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့် လှုပ်ရှားသွားလာမှုများရှိရန် လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားကြောင်း၊ အောက်ဆီဂျင်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများလိုအပ်သည့် အချိန်တွင် အချိန်မီရရှိရေး ဆောင်ရွက်နေရန် လိုကြောင်း၊ အလားတူ ကာကွယ်ဆေးနှင့် ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ် ထိုးနှံနိုင်ရေး ဆောင်ရွက်နေရန်လိုပြီး ကုသဆေးများလည်း အမြဲမပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ ၊ ထိန်းချုပ်ရေးအတွက် တွေ့ဆုံ၊ ဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်၍ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ Quarantine Center များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင်လည်း ပြင်ဆင်မှုများ အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

ယခုကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မိမိတို့နိုင်ငံသားများအား ဖြစ်နိုင်သမျှ ပြန်လည်ခေါ်ယူရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေသူများကိုလည်း ပြန်လည်ခေါ်ယူခဲ့ရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၆ ရက်အထိ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များမှ ပြန်လည်ဝင်ရောက်လာသူ ၆၂၀၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများကိုလည်း ဆေးရုံများတွင် ကုသပေးထားကြောင်း၊ အလားတူ အခြားနိုင်ငံများသို့ ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက်လည်း Relief Flight များ ပြေးဆွဲခွင့်များ ခွင့်ပြုပေးထားကြောင်း၊ အနီးစပ်ဆုံးနိုင်ငံများမှ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဦးတည်ချက်များတွင်လည်း ထည့်သွင်းထားကြောင်း၊ EAO များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ကြေညာပြီးတာဝန်ပေးရာတွင် တပ်မတော်ကိုတာဝန်ပေးအပ်ခံရခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)သည် EAO များက အဆိုပြုသည့် ကိစ္စရပ်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ရပ်တည်၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

❍ **တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ရပ်တည်၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းမည်၊ တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြင့်မဆို တွေ့ဆုံဆွေးနွေးသွားမည်**

❍ **နိုင်ငံငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်းမှုဖြစ်ပေါ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်၊ သို့မှသာ ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနိုင်မည်**

- ❑ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးအရ ထိခိုက်မှုများ ရှိသဖြင့် ရှေ့လုပ်ငန်းစဉ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်ဟု ထည့်သွင်းထား
- ❑ စားရေးသည် အရေးကြီးသဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်
- ❑ နိုင်ငံတွင်း စားရေရိက္ခာပေါများရန်၊ ပြည်သူများ ဝင်ငွေရှိနေရန်လို၊ ဝင်ငွေရှိမှသာ စားရေး၊ ဝတ်ရေး၊ နေရေးများကို ဖြေရှင်း ဆောင်ရွက်နိုင်မည်

*စာမျက်နှာ ၄ မှ*

တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဖြင့်မဆို တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်းမှုဖြစ်ပေါ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များရှိသည့် ဒေသများအတွက်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း ငြိမ်းချမ်းရေး အမှန်တကယ်လိုချင်ပါက ငြိမ်းချမ်းရေးကို အခြေခံသည့် အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များရှိရန်လိုကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အဖွဲ့များ အနေဖြင့်လည်း NCA ပါအချက်များအား ထိန်းသိမ်း ဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေး အပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီ အပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ လက်မှတ်ထိုးခြင်း မထိုးခြင်းထက် ပူးပေါင်းဆောင်ရွက်မှု လိုက်နာဆောင်ရွက်မှု အပြည့်ရှိရန်လိုကြောင်း၊ ဆက်လက်၍ တရားဝင်လက်မှတ်ရေးထိုးပြီး ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ မိမိတို့ နိုင်ငံအတွင်း ဒီမိုကရေစီသည် တစ်ပြေးညီဖြစ်ရန်လိုကြောင်း၊ မတူညီမှုများရှိပါက နိုင်ငံရေးအရ ငြိမ်းချမ်းရေး၊ လုံခြုံရေးအရ ငြိမ်းချမ်းရေးများ ရရှိမည်မဟုတ်သဖြင့် တူညီမှုများရှိအောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးကွာဟမှုများ၊ ကျေးလက်၊ မြို့ပြကွာဟမှုများကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးတွင် ပါးစပ်က ပြောနေ၍မရဘဲ လက်တွေ့လိုက်ပါလုပ်ဆောင်ရန်နှင့် ကတိကဝတ်များ တည်ရန်လိုကြောင်း၊ ကိုယ်တိုင်လည်း ကြိုးစားအားထုတ်ရန်လိုကြောင်း။

**ထိခိုက်မှုများ အမြန်ဆုံးကုစားသွားမည်**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးအရ ထိခိုက်မှုများရှိသဖြင့် ရှေ့လုပ်ငန်းစဉ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟု ထည့်သွင်းထားကြောင်း၊ စားရေးသည် အရေးကြီးသဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတွင်း စားရေရိက္ခာပေါများရန်၊ ပြည်သူများဝင်ငွေရှိနေရန် လိုကြောင်း၊ ဝင်ငွေရှိမှသာ စားရေး၊ ဝတ်ရေး၊ နေရေး များကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ မသမာသည့်နည်းဖြင့် ဆောင်ရွက်မှုများသည် ဥပဒေအားချိုးဖောက်ခြင်း ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏သယံဇာတပစ္စည်းများ အားခိုးထုတ်ရောင်းချခြင်း၊ ကျွဲနွားမှောင်ခိုများ ဆောင်ရွက်ခြင်းနှင့် ပြည်ပမှမှောင်ခိုပစ္စည်း များတင်သွင်းခြင်းသည် နိုင်ငံအတွက် နစ်နာမှုပင် ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး တိုးတက်ရေးအတွက် သမာအာဇီဝနည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးခြင်း၊ ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ အချိန်နှင့် တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက် လိုအပ်ချက်ရှိသည့်ပစ္စည်း၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်း စီးပွားရေး လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း။

ဘဏ်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီလအတွင်း အခက်အခဲများ မရှိခဲ့သော်လည်း နောက်ပိုင်းတွင် ငွေကြေးများထုတ်ယူမှု များပြားပြီး ပြန်သွင်းမှုမရှိခဲ့ကြောင်း၊ နိုင်ငံစီးပွားရေးအတွက် ဘဏ်လုပ်ငန်း စနစ်ပြိုလဲမသွားအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အချို့နိုင်ငံများတွင် E banking စနစ်၊ ကတ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့ နိုင်ငံတွင် ငွေစက္ကူစနစ်ကို အဓိကထားဆောင်ရွက်နေကြကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ဘဏ် ဝန်ထမ်းအခက်အခဲ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင်လ အတွင်း အထိုက်အလျောက် ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ငွေကြေး ထုတ်ယူမှုများအား ခွင့်ပြုပေးထားကြောင်း။

**အပြီးသတ်ကြေညာချက်ထုတ်ပြန်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ ပြန်လည်စိစစ်ခဲ့မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သေချာစွာ စိစစ်ရန် အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲ ကော်မရှင်အား တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဇူလိုင် ၂၆ ရက်တွင် အပြီးသတ် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် လူဦးရေအရ၊ မဲစာရင်းအရ၊ မဲလက်မှတ်အရ ကွာခြားမှုများကို စိစစ်ခဲ့ကြောင်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ကြီးမားသည့် မဲစာရင်းအရမှားယွင်းမှု၊ မဲလက်မှတ် အရ မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ သည် တရားမျှတသည့် ရွေးကောက်ပွဲ မဖြစ်နိုင်ကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် သမ္မတ ရွေးချယ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များ ဖြစ်ပြီး သမ္မတက အစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ တရားသူကြီးများစသည်ဖြင့် အတည်ပြုခန့်အပ်ရခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့ကို ဆောင်ရွက်ရသူများဖြစ်သဖြင့် မဲစာရင်း မှားယွင်းမှုများဖြင့် ရွေးချယ်ခံရခြင်းသည် တရားမျှတမှုမရှိကြောင်း၊ မဲစာရင်းစိစစ်တွေ့ရှိမှုများအား ရှင်းလင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ရှင်းလင်းပေးမှုမရှိခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများ နှင့် ပတ်သက်၍ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များကို ဖိတ်ခေါ်၍ အထောက်အထားများနှင့် တကွ ပြသသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ချိန် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်တွင် ဆောင်ရွက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ငြင်းပယ်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတော်အပေါ်ဆန့်ကျင်ရေး လုပ်ငန်းများ ဆောင်ရွက်လာခဲ့ကြောင်း၊ မိမိတို့ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ပင် NCA လမ်းကြောင်းပေါ်မှ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခင် အစိုးရမှ တာဝန်ရှိသူများအား နိုင်ငံရေးအရ အရေးယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ဥပဒေချိုးဖောက်သည့် ပြစ်မှုများကြောင့်သာ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**သဘောတူညီချက် (၅)ရပ်ထုတ်ပြန်**

အာဆီယံ ဆက်ဆံရေးနှင့်ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် အာဆီယံထိပ်သီး အစည်းအဝေး၌ မိမိ အနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေများအား ရှင်းလင်း ပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက် (၅)ရပ်ထုတ်ပြန်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ မူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟု ပြောကြား ခဲ့ပြီး နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအပေါ်တွင် မူတည်၍ ဆောင်ရွက်သွားမည်ဟု ပါဝင်ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ် ခန့်အပ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဟောင်းများနှင့် ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်းတို့အား အဆိုပြုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးအား အဆိုပြုခဲ့သော်လည်း အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဘုရင်မှ ၎င်းတို့နိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် ကမ်းလှမ်းလာသည့်အတွက် မိမိအနေဖြင့် သဘောတူညီမှုပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့် အာဆီယံ မူဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့် နိုင်ငံတကာဆက်ဆံရေး လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် အပေါ်တွင် အခြေခံပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ မိမိတို့၏ ရပ်တည်ချက်အား မည်သည့် အချိန်တွင်မှ ပြောင်းလဲမည်မဟုတ်ဘဲ မူဘောင် အတွင်းမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ စောဒန် နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုးတို့က အမျိုးသားလုံခြုံရေးအက်ဥပဒေ အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းရေး၊ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုကြေးချီးမြှင့်ပေးရေး၊ စက်သုံးဆီတင်သွင်းရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ခေါ်ယူဆောင်ရွက်ရေး၊ ပြည်တွင်း၌ စက်ရုံတည်ဆောက်ပြီး လောင်စာဆီထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ သဘာဝဓာတ်ငွေ့နှင့် ရေနံကဏ္ဍတွင် ကုမ္ပဏီများကို တင်ဒါခေါ်ယူ၍ လုပ်ကွက်သစ်များ ဖော်ဆောင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် အခြေခံလူတန်းစားများ ကြုံတွေ့နေရသည့် စားဝတ်နေရေး အခက်အခဲကို သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ မြေယာသိမ်းဆည်းမှုများနှင့် စပ်လျဉ်း၍ တောင်သူများ၏ နစ်နာမှုကိုရှေးရှု၍ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အတွက် တိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးကဏ္ဍအတွက် အရေးတကြီးလိုအပ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများ မြို့နယ် အလိုက် တည်ဆောက်ပေးရေး၊ လူငယ်များအား အခြေခံကြက်ခြေနီ သူနာပြုသင်တန်းပေးရေး၊ တိုက်ပွဲရှောင်ပြည်သူများ ကူညီထောက်ပံ့ရေး၊ ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ ဆရာမ များ၊ သူနာပြုများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ဦးစားပေး၍ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ပြည်သူ များအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးရေး၊ ကယားပြည်နယ်အတွက် လိုအပ်လျက်ရှိ သည့် ဆရာဝန်နှင့် သူနာပြုများ ခန့်အပ်ပေးရေး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားလုံခြုံရေး အက်ဥပဒေရေးဆွဲနိုင်ရေးကို ပြန်လည်စိစစ်သွား မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ ဖမ်းဆီးမိ ရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိ ကြောင်း၊ လယ်ယာမြေ ပြဿနာများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၆ သို့*

**"အာဆီယံဆက်ဆံရေးနှင့် ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် အာဆီယံ ထိပ်သီးအစည်းအဝေး၌ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက်(၅)ရပ် ထုတ်ပြန်ခဲ့၊ မိမိတို့အနေဖြင့် အာဆီယံ မူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟု ပြောကြားခဲ့ပြီး နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု အပေါ်တွင် မူတည်၍ ဆောင်ရွက်သွားမည်ဟု ပါဝင်"**

*စာမျက်နှာ ၅ မှ*

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် တိုင်းရင်းဆေး ထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာ သုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထက်ဝက်ကျဆင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်မှု လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ကယားပြည်နယ်အတွက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တိုင်းပြည်ဝင်ငွေပေါ် မူတည်ပြီး ဆောင်ရွက်ရကြောင်း၊ လတ်တလောကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အဆက်သွယ် မပြတ်စေရေး ပြည်သူများ ခရီးသွားနိုင်ရေးအတွက် မီးရထားနှင့် လေကြောင်းခရီးစဉ်အချို့ကို အရှုံးခံပြေးဆွဲပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာတို့၏ ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများ ဖျက်ဆီးခံခဲ့ရကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းသည် အမျိုးသားယဉ်ကျေးမှုအပေါ် အခြေခံသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ရပ်တည်မှုတွင် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အားကစားရုံများ၊ အားကစားကွင်းများနှင့် ရေကူးကန်များ တည်ဆောက်ပေးရန် စီစဉ်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ထမ်းများနှင့် နေ့စဉ်ထိတွေ့နေရသည့် မိသားစုဝင်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာ အားငယ်မှုမရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကျေးလက်နှင့် မြို့ပြ၊ ဆင်းရဲ၊ ချမ်းသာ ကွာဟမှု လျှော့နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့သည် ယာယီဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး အစိုးရ၏လုပ်ငန်းများကို အဆင်ပြေအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရကြောင်း၊ ကဏ္ဍအသစ်များကို တိုးချဲ့ဆောင်ရွက်ရာတွင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများနှင့် အကြမ်းဖက်မှုများကိုလည်းဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုလည်း အဓိကဦးစားပေး လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင်ဆောင်ရွက်နေကြောင်း၊ အိမ်စောင့်အစိုးရသည် တိုင်းပြည်ကို ခေတ္တတာဝန်ယူထိန်းသိမ်းပေးသည့် အစိုးရဖြစ်ပြီး အရေးပေါ် ကာလကုန်ဆုံးသည့်အခါ ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ပြန်လည်ကျင်းပ ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ထွက်ပေါ်လာမည့် အစိုးရအား နိုင်ငံတာဝန်ကို အခြေခံဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အိမ်စောင့်အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်သည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် စီးပွားရေးကဏ္ဍအား အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ကောင်စီဝင်များအနေဖြင့် တစ်ဦးချင်းစီ၏ အတွေ့အကြုံပေါ် အခြေခံပြီး လုပ်ငန်းများကို စဉ်းစားဆောင်ရွက်ရာတွင် ပြည်ထောင်စုကို လွှမ်းခြုံစဉ်းစား၍ နိုင်ငံတော်၏ အကျိုးကို ဦးတည်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း မွန်ပြည်နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက စိုက်ပျိုးရေး လုပ်ငန်းများသည် အခြေခံလိုအပ်ချက်ဖြစ်သည့် အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုးကောင်း၊ မျိုးသန့်ရရှိစေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ရရှိစေရေး၊ စိုက်ပျိုးမြေ ဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေ ရရှိစေရေး၊ စိုက်ပျိုးရေးနည်းစနစ်များ ရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စီးပွားဖြစ်မွေးမြူရေးခြံများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံများနှင့် ငါးလုပ်ငန်းများကို အားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သလို အသား၊ ငါးကဏ္ဍ ထုတ်လုပ်မှုလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်းစိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ချိ ရောင်းချခြင်းအပေါ် မိမိတို့အစိုးရက မည်သည့်ကဏ္ဍများမှာ ပံ့ပိုးရမည်၊ မည်သည့် လုပ်ငန်းစဉ်တွေကို ဖြေလျှော့ပေးရမည်ဆိုတာ တင်ပြပေးစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တက်ရောက်ကြသည့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ငါးလုပ်ငန်းရှင်များအသင်းနှင့် ကုန်သည်ကြီးများ အသင်းတို့နှင့် စိုက်ပျိုးရေးတောင်သူများက ကိုဗစ်-၁၉ ကာလအတွင်း ရင်ဆိုင်ရသည့် အခက်အခဲများနှင့် တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မိုးစပါးစိုက်ပျိုးလျာထားဧက ခြောက်သိန်းရှစ်သောင်း ခြောက်ထောင်ကျော်ရည်မှန်းထားပြီး ငါးသိန်း ခုနစ်သောင်း ရှစ်ထောင်ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကာ ရာခိုင်နှုန်းအားဖြင့် ၈၄ ဒသမ ၂၇ ဧကစိုက်ပျိုး ဆောင်ရွက်ထားပြီး ရော်ဘာစိုက်ဧက ကိုးသိန်းကျော် စိုက်ပျိုးထားသည့်အပြင် ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်နှင့် အခြားသီးနှံများ စိုက်ပျိုးကြောင်း၊ မွေးမြူရေး ကဏ္ဍအနေဖြင့် တစ်ပြည်နယ် လုံးတွင် ဘဲခြံ ၂၁ ခြံ၊ ဥစားဘဲ ၁၀၁ ခြံ၊ ငုံးခြံ ခြောက်ခြံ၊ ဒေသနွား ငါးခြံ၊ နို့စားနွား ၃၄ ခြံ၊ ကျွဲခြံ ၂၀၊ ဝက် ၂၃၈ ခြံ၊ ဆိတ် ၄၇ ခြံ၊ ဥစား ကြက် ၂၇၃ ခြံ၊ အသားစား ကြက်ခြံ ၃၈၀ ရှိပြီး အခြားတစ်ပိုင် တစ်နိုင် မွေးမြူရေးခြံများနှင့် ငါးမွေးမြူရေးလုပ်ငန်းများ၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်လာစေခြင်း၊ သီးနှံအရည်အသွေးပြည့်မီခြင်းတို့သည် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်အောင် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ၇-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၄၄၇၁၂၃ | ၂၉၈၃၄၄၇၂ | ၆၃၂၆၄၁ |
| ၂။ | အိန္ဒိယ | ၃၁၈၉၅၃၈၅ | ၃၁၀၅၅၈၆၁ | ၄၂၇၄၀၁ |
| ၃။ | ဘရာဇီး | ၂၀၁၀၈၇၄၆ | ၁၈၈၆၈၆၀၂ | ၅၆၁၈၀၇ |
| ၄။ | ရုရှား | ၆၄၂၄၈၈၄ | ၅၇၃၉၈၃၈ | ၁၆၄၀၉၄ |
| ၅။ | ပြင်သစ် | ၆၂၅၈၉၅၃ | ၅၇၄၃၀၄၀ | ၁၁၂၁၅၈ |
| ၆။ | ဗြိတိန် | ၆၀၁၄၀၂၃ | ၄၅၉၉၈၈၅ | ၁၃၀၁၇၈ |
| ၇။ | တူရကီ | ၅၈၇၀၇၄၁ | ၅၄၉၁၇၆၂ | ၅၁၉၇၆ |
| ၈။ | အာဂျင်တီးနား | ၅၀၀၂၉၅၁ | ၄၆၄၅၁၅၈ | ၁၀၇၂၁၃ |
| ၉။ | ကိုလံဘီယာ | ၄၈၂၈၅၈၃ | ၄၆၃၁၈၀၁ | ၁၂၂၀၈၇ |
| ၁၀။ | စပိန် | ၄၅၈၈၁၃၂ | ၃၇၈၄၅၄၄ | ၈၂၀၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇ - ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၆၃၉၆၁၆ | ၃၀၃၆၁၉၄ | ၁၀၅၅၉၈ |
| ဖိလစ်ပိုင် | ၁၆၄၉၃၄၁ | ၁၅၄၄၄၄၃ | ၂၈၈၃၅ |
| မလေးရှား | ၁၂၄၃၈၅၂ | ၁၀၀၉၃၄၃ | ၁၀၃၈၉ |
| ထိုင်း | ၇၃၆၅၂၂ | ၅၁၇၀၁၂ | ၆၀၆၆ |
| မြန်မာ | ၃၂၆၄၈၉ | ၂၃၈၇၄၇ | ၁၁၅၂၆ |
| ဗီယက်နမ် | ၁၉၇၁၇၅ | ၆၂၃၂ | ၃၀၁၆ |
| ကမ္ဘောဒီးယား | ၈၁၃၃၅ | ၇၄၇၄၅ | ၁၅၃၇ |
| စင်ကာပူ | ၆၅၆၈၆ | ၆၃၅၃၆ | ၄၁ |
| လာအို | ၈၁၃၂ | ၃၉၄၆ | ၈ |
| ဘရူနိုင်း | ၃၃၉ | ၂၈၉ | ၃ |

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်သို့ ပါဝင်တက်ရောက်

နေပြည်တော် ဩဂုတ် ၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဩဂုတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် စတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်သည့် (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ (အောက်ပုံ)**




(၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး (၂) Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ဘုံအကျိုးစီးပွားနှင့် အရေးကိစ္စများတွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အဓိက ဖိုရမ်တစ်ခုဖြစ်သည့် အေအာရ်အက်ဖ်သည် အလွန်အရေးကြီးကြောင်း၊ အေအာရ်အက်ဖ် ပေါင်းစည်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ဦးစားပေးကဏ္ဍ (၇)ခု ပါဝင်သော အေအာရ်အက်ဖ်၏ အနာဂတ်လုပ်ငန်းစဉ်ဖြစ်သည့် အေအာရ်အက်ဖ် မျှော်မှန်းချက် စာတမ်းအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဟန္နိုင်း လုပ်ငန်းစီမံချက် အကောင်အထည် ဖော်ခြင်း၏ တိုးတက်မှုများအပေါ် အားရကျေနပ်ကြောင်း၊ ယင်းဦးစားပေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းသည် ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်းကို အားပေးမြှင့်တင်နိုင်မည်ဖြစ်ပြီး အေအာရ်အက်ဖ်ကို အားလုံးငြိမ်းချမ်းစေပြီး ပိုမိုဦးစီးဦးဆောင်ပြုနိုင်သည့်ဖိုရမ် ဖြစ်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

### အသိပေးပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပူးတွဲ ဥက္ကဋ္ဌအဖြစ် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အေအာရ်အက်ဖ် ကျွမ်းကျင်သူများ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို အစည်းအဝေးသို့ အသိပေးပြောကြားခဲ့သည်။

### ထောက်ပြပြောဆို

ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည့် အကြောင်းရင်း၊ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေ၊ ဩဂုတ် ၄ ရက်က အထူးကိုယ်စားလှယ် ခန့်အပ်ခဲ့ခြင်းကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အေအာရ်အက်ဖ် အဖွဲ့ဝင်နိုင်ငံများက အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ခန့်အပ်ခြင်းကို ကြိုဆိုကြရာ၌ ၎င်းတို့၏ ပံ့ပိုးမှုများသည် အာဆီယံ တူညီဆန္ဒ(၅) ချက်နှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့ကို အထောက်အကူ ဖြစ်စေရန် အလေးပေးပြောကြားခဲ့ပြီး ယင်းထက်ကျော်လွန် ဆောင်ရွက်မှုများသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံတို့အတွက် အကူအညီဖြစ်မည် မဟုတ်ကြောင်း၊ အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးမှု (meaningful political dialogue) ဆောင်ရွက်ရန် ကိစ္စတွင် နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျူးလွန်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တရားမဝင် အသင်းအဖွဲ့များ မပါ (မပါ) ဝင်သင့်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက NUG နှင့် CRPH ကဲ့သို့ တရားမဝင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အုပ်စုများထံမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့များ ရယူထားသည့် People Defense Force (PDF) မှ အကြမ်းဖက်မှု လုပ်ရပ်များ ကျူးလွန်နေခြင်းကို အေအာရ်အက်ဖ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရှုတ်ချသင့်ကြောင်း ပြောကြားခဲ့သည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ရခိုင်ပြည်နယ် ကိစ္စနှင့် ပတ်သက်၍ အာဆီယံပဏာမ ဆန်းစစ် လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်း ပြောကြားခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုကို အလေးထားပြောကြားလိုကြောင်းနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့်လည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းပြောကြားစေလိုကြောင်း မေတ္တာရပ်ခံခဲ့သည်။

အဆိုပါ (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၇**

ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၈၁၂၄ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၄၇၄ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၉၂၆ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၇၅ ဦး စုစုပေါင်း ၁၉၉၀၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၇၁၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၃၄၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၆၀၆၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ကိုပါ အမေရိကဖလားပြိုင်ပွဲတွင်လည်း ဖလားဆွတ်ခူးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် စပါးအသင်း၏ နွေရာသီအပြောင်းအရွှေ့ ကစားသမားခေါ်ယူမှုတွင် တတိယမြောက်ခေါ်ယူမှု ဖြစ်လာခဲ့သည်။ ထို့ပြင် စပါးအသင်းသည် အဆိုပါကစားသမား သုံးဦးအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀နီးပါး ရောက်ရှိလာခဲ့ပြီဖြစ်သည်။

စပါးအသင်းသည် တောင်ပံကစားသမား ဘရိုင်ယန်ဂီးလ်ကို ဇူလိုင်လတွင် ဆီဗီလာအသင်းမှ ခေါ်ယူနိုင်ခဲ့ပြီးနောက် ဂိုလ်လီနီကိုလည်း အငှားဖြင့် အတ္တလန္တာအသင်းမှ ခေါ်ယူထားသည်။ စပါးအသင်းသို့ ပြောင်းရွှေ့ပြီးနောက် ရိုမီရိုက "စပါးအသင်းမှာ ရာသီသစ်ကိုစတင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ ပြီးတော့ အသင်းအတွက် အရာအားလုံးပေးဆပ်သွားမှာပါ"ဟု ပြောကြားသည်။

ရိုမီရိုသည် ၎င်း၏ ကစားသမားဘဝကို အာဂျင်တီးနားကလပ် ဘဲလ်ဂရာနိုအသင်း၌ ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စီးရီးအေကလပ် ဂျီနိုအာအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အဆိုပါ ကစားသမားကို ဂျူဗင်တပ်စ်အသင်းက ခေါ်ယူခဲ့သော်လည်း ၂၀၁၉-၂၀ ဘောလုံးရာသီပြီးဆုံးသည်အထိ ဂျီနိုအာအသင်းတွင် အငှားဆက်လက်ကစားစေခဲ့သည်။ ထို့ပြင် ရိုမီရိုသည် ပြီးခဲ့သည့် ရာသီတွင်လည်း အတ္တလန္တာအသင်း၌ ထပ်မံအငှားချခံခဲ့ရပြန်သည်။ ၎င်းသည် အတ္တလန္တာအသင်း၌ ပြိုင်ပွဲစုံ ၄၂ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး သုံးဂိုးသွင်းယူပေးထားနိုင်သည်။

စပါးအသင်းသည် ရာသီအကြိုခြေစမ်းပွဲအဖြစ် ချယ်ဆီး၊ ကိုလ်ချက်စတာစသည့်အသင်းများ အပါအဝင် လေးပွဲယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားသည်။ စပါးအသင်းသည် ဩဂုတ် ၈ ရက် **(ယနေ့)** တွင် နောက်ဆုံး ခြေစမ်းပွဲအဖြစ် အသင်းကြီးဖြစ်သည့် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်ပြီးဆုံးပါက စပါးအသင်းသည် ပရီမီယာလိဂ် ရာသီအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၅ ရက်တွင် ချန်ပီယံမန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ် သည်။

**အောင်ဖေ**

# ပေါင်းစည်းညီညွတ် မိတ်ဝတ်ရင်းခံ အာဆီယံ

မောင်မျိုးအောင်(ပန်းရော)

စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ စည်းလုံးညီညွတ်မှုသည် လူသားတို့၏ အသက်ဖြစ်သကဲ့သို့ လူသားအားလုံး၏ ရတနာတစ်ပါးလည်းဖြစ်သည်။ ညီညွတ်မှုအင်အားဖြင့် အရာရာကိုအောင်မြင်နိုင်သကဲ့သို့ အခက်အခဲပေါင်းစုံကိုလည်း တွန်းလှန်နိုင်ပေသည်။ အတိတ်ကာလများတွင် လူသားများသည် အစုအစည်း၊ အသင်းအပင်းနှင့် နေထိုင်တတ်ပြီး အရောင်အသွေး၊ ဘာသာစကား၊ ကိုးကွယ်မှုအယူဝါဒတူသူချင်းသာ ပေါင်းသင်းဆက်ဆံစုစည်းနေထိုင်တတ်ကြသည်။ ခေတ်စနစ်ပြောင်းလဲလာမှုအရ ယနေ့ကမ္ဘာတွင် လူတစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်း အထီးကျန်ရပ်တည်၍ မရနိုင်တော့သဖြင့် ပေါင်းသင်းဆက်ဆံမှုနယ်ပယ်ကျယ်ဝန်းလာပြီး ပထဝီနယ်ပယ်ဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍစုံများအရ ဒေသအတွင်း နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ရည်ရွယ်ချက်တူညီသည့် နိုင်ငံများစုစည်းပြီး ခိုင်မာသောအစုအဖွဲ့ ဖွဲ့စည်း၍ မိတ်ဖွဲ့ပေါင်းသင်းဆက်ဆံနေထိုင်လျက်ရှိကြပေသည်။

> ❑ **အရှေ့တောင် အာရှနိုင်ငံများအသင်းကြီး (ASEAN) ထူထောင်လာခဲ့သည်မှာ ယနေ့ဆိုလျှင် ရာစု နှစ်ဝက်ကျော် (၅၄ နှစ်အတွင်း) သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အသင်းကြီး၏ ရည်ရွယ်ချက်မှာ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရန်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ချင်း တူညီသည့်နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့**

### အာဆီယံဆိုသည်မှာ

ကမ္ဘာပေါ်ရှိ နိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံတွင်းမှသည် ဒေသတွင်း၊ ထိုမှသည်ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးသို့ လျှောက်လှမ်းပုံဖော်နိုင်ရန် ဒေသအတွင်း နိုင်ငံများအချင်းချင်း၊ မိတ်ဖက်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အပြန်အလှန်အကူအညီပေးနိုင်ရေးတို့အတွက် အသင်းအဖွဲ့မျိုးစုံ တည်ထောင်လာခဲ့ကြသည်။ အသင်းအဖွဲ့ဟု ခေါ်ရာတွင်လည်း နယ်မြေဒေသကို အခြေခံ၍ဖွဲ့စည်းမှု တူညီသည့်နိုင်ငံရေး၊ စစ်ရေးရည်ရွယ်ချက်ကို အခြေခံ၍ ဖွဲ့စည်းမှု၊ စီးပွားရေးအရဖွဲ့စည်းမှု၊ ဘာသာရေးအရ အခြေခံ ဖွဲ့စည်းမှု အစရှိသည့် ဖွဲ့စည်းမှု ပုံသဏ္ဌာန်များ ကွဲပြား၍ ဖွဲ့စည်း ထူထောင်ခဲ့ကြပါသည်။ ထိုအထဲတွင် အာရှတိုက်၏ အရှေ့တောင်ပိုင်းရှိ မတူကွဲပြားသည့် အဖွဲ့ဝင်နိုင်ငံများ တစ်နည်းဆိုရသော် “အင်ဒိုချိုင်းနားကျွန်းဆွယ်” ပေါ်ရှိ နိုင်ငံများနှင့် ၎င်းတို့၏ ကမ်းလွန်ပင်လယ်ပြင်တွင်ရှိသော ကျွန်းစုနိုင်ငံများကို စုစည်းပူးပေါင်းဖွဲ့စည်းထားသည့် အာဆီယံ (ASEAN) အဖွဲ့အစည်းတစ်ခုသည်လည်း အပါအဝင်ဖြစ်သည်။ အာဆီယံ ဆိုသည်မှာ အရှေ့တောင်အာရှ နိုင်ငံများအသင်း (Association of South East Asia Nation) ပင်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) ကြီး၏ အန္တိမရည်မှန်းချက်မှာ တစ်စုတစ်စည်းတည်းသော အရှေ့တောင်အာရှနိုင်ငံများအသင်းကို ထူထောင်ရန်ဖြစ်သည်။ အရှေ့တောင်အာရှဒေသသည် ရှေးနှစ်ပေါင်းများစွာကပင် မင်းနေပြည်တော်များ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် နေထိုင်လာခဲ့ကြသော်လည်း သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ၊ လူမျိုးစု၊ ရိုးရာဓလေ့နှင့်ဘာသာစကား စသည်ဖြင့် ကဏ္ဍများစွာတွင် တူညီမှုအချို့ရှိသော်လည်း ကွဲပြားခြားနားမှုအရလည်းရှိနေခဲ့သော ဒေသဖြစ်သည်။ အာဆီယံဒေသတွင်းဖြစ်သည့်အတွက် တူညီသောရာသီဥတု၊ သဘာဝပေါက်ပင်၊ တောတောင်၊ မြစ်ချောင်းစသည့် ပထဝီအနေအထား အခြေအနေများကြောင့် ဆင်တူသော အသက်မွေးဝမ်းကျောင်းမှု၊ တူညီသောနေထိုင်စားသောက်မှုနှင့် နီးစပ်သော ဝတ်စားဆင်ယင်မှုများလည်းရှိနေခဲ့ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်ပါသည်။ ၁၆ ရာစုခန့်မှစ၍ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ စပိန်၊ ဗြိတိန်နှင့် အမေရိကန်စသော အနောက်အုပ်စု နယ်ချဲ့များသည် ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ရာတွင် အဓိကလမ်းကြောင်းပေါ်၌တည်ရှိနေသော အရှေ့တောင်အာရှဒေသသို့ရောက်ရှိလာပြီး နယ်ချဲ့အုပ်စိုးခဲ့ကြရာ အရှေ့တောင်အာရှဒေသတွင် နိုင်ငံများသည် ကွဲပြားခြားနားသော ကိုလိုနီနယ်ချဲ့များ လက်အောက်သို့ ကျရောက်ခဲ့ကြသည်။

### ကြိုးပမ်းလာခဲ့

ထိုသို့ ကွဲပြားသော ကိုလိုနီ လက်အောက်ခံဘဝတွင် အရှေ့တောင်အာရှ နိုင်ငံများသည် ကိုလိုနီနိုင်ငံများ၏ လွှမ်းမိုးမှုများအရ ယဉ်ကျေးမှု၊ ဘာသာရေး၊ နေထိုင်စားသောက်မှု၊ ဘာသာစကား၊ ပညာရေးစနစ်စသည်တို့၌ ထပ်မံကွဲပြားခဲ့ကြပြန်သည်။ နယ်ချဲ့အသီးသီးတို့၏ ကွဲပြားသော လက်အောက်ခံနိုင်ငံများအဖြစ်ရောက်ရှိခဲ့ရချိန်များဘဝတွင် အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း အဆက်အဆံမရှိသလောက် နည်းပါးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရှေ့တောင်အာရှနိုင်ငံများ လွတ်လပ်ရေးရလာကြသည့်အခါတွင်လည်း ကိုလိုနီအမွေဆိုးများကြောင့် မိမိတို့ဒေသတွင်း နိုင်ငံများ၏ အရေးအကြောင်းထက် ဥရောပနှင့် အမေရိကဒေသရှိ အကြောင်းအရာများကိုသာ ပိုမိုအကျွမ်းတဝင်ရှိခဲ့ကြသည်။ ထို့ကြောင့်ပင် အရှေ့တောင်အာရှဒေသမှ ခေါင်းဆောင်များသည် စစ်အေးတိုက်ပွဲကာလအတွင်း အားပြိုင်နိုင်ငံရေးအုပ်စုများအကြား ဘက်လိုက်ပါဝင်မှုမရှိဘဲ မိမိတို့ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက် ကြိုးပမ်းမြှင့်တင်ခြင်းဖြင့် ဒေသတွင်းလုံခြုံမှုကိုပါ တည်ဆောက်ရန် ကြိုးပမ်းလာခဲ့ကြသည်။

### စတင်ဖွဲ့စည်း

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင်ဘန်ကောက်မြို့၌ အာဆီယံကြေညာစာတမ်းအားထုတ်ပြန်၍ “တစ်စုတစ်စည်းတည်းသော အရှေ့တောင်အာရှဒေသကို ထူထောင်ရန်”ဟူသော အန္တိမရည်မှန်းချက်ဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အသင်းကြီးစတင်ဖွဲ့စည်းတည်ထောင်စဉ်က ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ဒေသတွင်းနိုင်ငံများ အချင်းချင်း၏ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်နှင့် ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ညီညွတ်ပေါင်းစည်းသော အာဆီယံဒေသအဖြစ်တည်ဆောက်ရန် ရည်မှန်းချက်တို့ဖြင့် မွေးဖွားလာခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး (ASEAN) ထူထောင်လာခဲ့သည်မှာ ယနေ့ဆိုလျှင် ရာစု နှစ်ဝက်ကျော် (၅၄ နှစ်အတွင်း) သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အသင်းကြီး၏ ရည်ရွယ်ချက်မှာ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့်လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရန်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ချင်း တူညီသည့်နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး (ASEAN) ၏ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ (သို့မဟုတ်) အစိုးရအဖွဲ့အကြီးအကဲများပါဝင်သော အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သော အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော အသိုက်အဝန်း သုံးရပ်ပါဝင်သည့်အာဆီယံအသိုက်အဝန်းကောင်စီများ၊ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ၊ အာဆီယံအမျိုးသားအဆင့် အတွင်းရေးမှူးရုံး၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့နှင့် အာဆီယံဖောင်ဒေးရှင်း စသည်ဖြင့် နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက်ဖွဲ့စည်းပါဝင်လျက်ရှိသည်။

### ပြည်သူကို မျက်နှာမူဗဟိုပြု

အာဆီယံ၏ လက်ရှိ လှုပ်ရှားဆောင်ရွက်မှုများတွင်လည်း အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူလူထုများ၏ ထောက်ခံချက်များကိုလည်း ရရှိထားကာ အားလုံးပါဝင်သည့်စည်းမျဉ်းကိုအခြေခံ၍ ပြည်သူကို မျက်နှာမူဗဟိုပြုသည့် တစ်ခုတည်းသော အသိုက်အဝန်းဖြစ်လာစေရန် ဒေသတွင်းအသွင်ကူးပြောင်းမှုများတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရှိလာခဲ့ပြီဖြစ်သည်။ အာဆီယံအသင်းကြီးအနေဖြင့် ယခုကဲ့သို့အောင်မြင်မှုရရှိလာပြီး နှစ်ပေါင်းများစွာတည်တံ့နေနိုင်ခြင်းမှာ အကြောင်းအရင်း အများအပြားပါဝင်သည်။ ၎င်းတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ အငြင်းပွားမြီမ်းခြောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဆိုင်ရာ အစည်းအဝေးများမှ သဘောတူညီမှုရရှိပြီး စုပေါင်းအကောင်အထည်ဖော်ခြင်း စသည့်အကြောင်းအရင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့ ရည်ရွယ်ချက်များ မှန်ကန်ကောင်းမွန်ခြင်း၊ လုပ်ငန်းစဉ်များသည်လည်း လက်တွေ့ဘဝအား အကျိုးပြုခြင်း စသည်တို့ကြောင့် အာဆီယံအသင်းကြီးအပေါ် ဒေသတွင်းနိုင်ငံသားများ၏ ယုံကြည်အားထားခြင်းကို ခံရလေသည်။ ထိုသို့ အပြုသဘောဆောင် တိုးတက်မှုစွမ်းဆောင်ရည်များကြောင့် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် လာအိုနှင့် မြန်မာနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့သည် အာဆီယံမိသားစုတွင် ပါဝင်ခဲ့ကြသည်။

### အာဆီယံမိသားစုတွင် ပါဝင်

မြန်မာနိုင်ငံမပါဝင်မီက အာဆီယံအသင်းကြီးတွင်အဖွဲ့ဝင်အဖြစ် ၇ နိုင်ငံသာရှိခဲ့ရာ အရှေ့တောင်အာရှ ၁၀ နိုင်ငံလုံး မပါဝင်သရွေ့ အာဆီယံသည် ပြီးပြည့်စုံခြင်း မရှိသကဲ့သို့ အရှေ့တောင်အာရှဒေသတစ်ခုလုံးကိုလည်း အစစ်အမှန်ကိုယ်စားပြုနိုင်ခြင်းလည်း ရှိမည်မဟုတ်ပေ။ အာဆီယံစတင်ဖွဲ့စည်းစဉ်ကပင်မြန်မာနိုင်ငံအားအာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို စတင်ဖွဲ့စည်းသူများက အလေးထားကြိုးပမ်းခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့ပေါင်းများစွာ ရန်ကုန်သို့စေလွှတ်၍ ဆွဲဆောင်ခဲ့ကြ၏။ ထိုအချိန်ကာလက ကမ္ဘာ့စစ်အေးတိုက်ပွဲအရှိန်အဟုန်ပြင်းထန်လျက်ရှိပြီး ဗီယက်နမ်စစ်ပွဲ၏ရိုက်ခတ်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို တိကျစွာလိုက်နာကျင့်သုံးလျက်ရှိခြင်းကြောင့် အာဆီယံအဖွဲ့ဝင်ဖြစ်လာရန် အဆင်သင့်မဖြစ်နိုင်ခဲ့ပေ။ သို့သော် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲလာမှုနှင့်အတူ ဒေသအတွင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစွာတည်ဆောက်နိုင်ရန်ရည်ရွယ်လျက် အာဆီယံမိသားစုတွင် ပါဝင်ရန်ကြိုးစားခဲ့သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အိမ်ရှင်ထိုင်းနိုင်ငံ၏ ဧည့်သည်အဖြစ် တက်ရောက်ခဲ့ခြင်းဖြင့် အာဆီယံနှင့် ပထမဆုံးထိတွေ့မှုကို စတင်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးတွင်လည်း ထိုင်းနိုင်ငံ၏ဧည့်သည်အဖြစ် ထပ်မံတက်ရောက်ကာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းအပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့တွင် လေ့လာသူဖြစ်လိုကြောင်းကိုပါ တစ်ပါတည်း လျှောက်ထားခဲ့သည်။ ထိုအခြေအနေများသည် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေး ပထမခြေလှမ်းများပင်ဖြစ်သည်။

**အဖွဲ့ဝင်ဖြစ်လာခဲ့**

၁၉၉၆ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၂၉)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးတွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးအပြီး၌ အာဆီယံဒေသဆိုင်ရာ အစည်းအဝေးတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ထိုသို့ အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများအားလုံးတညီတညွတ်တည်း ပူးပေါင်းပါဝင်ရန် လမ်းစပွင့်လာသည့် အချိန်တွင် "မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံသင့်ကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးသည် အာဆီယံစိတ်ကြိုက်ပုံစံလည်း မဟုတ်သေးကြောင်း" ဖြင့် အရှေ့တောင်အာရှဒေသအကျိုးကို လိုလားသယောင်နှင့် ဖျက်လိုဖျက်ဆီးဟစ်ကြွေးသူ ပြည်တွင်း၊ ပြည်ပ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့လည်း ရှိခဲ့သည်။ သို့သော်လည်း ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံဝန်ကြီးအဆင့် အထူးအစည်းအဝေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အား မူလသဘောတူထားသည့်အတိုင်း အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မလေးရှားနိုင်ငံ ဆူဗန်ဂျားယားမြို့၌ ကျင်းပသော အာဆီယံအဖွဲ့ဝင်သစ်များ လက်ခံသည့်အခမ်းအနားတွင် မြန်မာနိုင်ငံအား အာဆီယံတင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ ထိုသို့ မှန်ကန်သောခြေလှမ်း၊ ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် မြန်မာသည် အာဆီယံမိသားစုဝင်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် အာဆီယံ ပုံမှန်ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး တက်ရောက်သည့် ထိပ်သီးညီလာခံဖြစ်သော်လည်း ဒေသဆိုင်ရာအကျိုးစီးပွားနှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကိုအခြေခံလျက် အာဆီယံအသင်းကြီး ပိုမိုထက်မြက်ထိရောက်စေရေးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားဆွေးနွေးနိုင်ခဲ့သည်။ ဒေသတွင်းကြုံတွေ့နေရသော စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကိုလည်း အခြားအသင်းဝင်နိုင်ငံများနှင့်အတူ စုပေါင်းအဖြေရှာနိုင်ခဲ့သည်။ အထူးသဖြင့် ဒေသပြင်ပရှိ ဝေဖန်ရေးသမားများက အာဆီယံအသင်းကြီးနှင့် လုပ်နည်းလုပ်ဟန်များကို ပုတ်ခတ်တိုက်ခိုက်နေစဉ် မြန်မာနိုင်ငံအနေဖြင့် စိတ်တူကိုယ်တူနိုင်ငံများနှင့် လက်တွဲပြီး အာဆီယံအသင်းကြီး၏ အခြေခံမူများ၊ အာဆီယံမိသားစုစိတ်ဓာတ်နှင့် နည်းစနစ်များကို ထိရောက်စွာကာကွယ်နိုင်ခဲ့သည်။ ထိုအစည်းအဝေးမှသည် ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များအကြား ပုဂ္ဂိုလ်ရေးခင်မင်မှုကိုတည်ဆောက်နိုင်သကဲ့သို့ ဒေသတွင်းနိုင်ငံအသီးသီး၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးတို့ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း အာဆီယံသည်ဒေသတွင်း ပေါင်းစည်းရေးကြိုးပမ်းနေသည့် အဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံးအဖွဲ့အစည်းတစ်ရပ်အဖြစ် ကမ္ဘာ့နိုင်ငံများအကြား စံနမူနာထားလက်ခံရသည့် အဖွဲ့အစည်းကြီးအဖြစ်လည်း ရပ်တည်နိုင်ခဲ့ပေသည်။




**အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့**

အာဆီယံသည်နိုင်ငံရေးအရ စည်းလုံးညီညွတ်မှု၊ စီးပွားရေးအရ ပေါင်းစည်းနိုင်မှု၊ လူမှုရေးအရ တာဝန်ယူတတ်မှုများကိုဆောင်ရွက်ရန် မျှော်မှန်းချက်ထားဆောင်ရွက်လျက်ရှိပေသည်။ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့သည့် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၇ နှစ် ကြာပြီးနောက် သမိုင်းပေးတာဝန် တစ်ရပ်ဖြစ်သည့် အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ကို ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးကြီးနှစ်ခု အပါအဝင် နိုင်ငံတော်အကြီးအကဲအဆင့် အစည်းအဝေးပေါင်း ၁၂ ခု၊ ဝန်ကြီးအဆင့်အစည်းအဝေးပေါင်း ၃၄ ခု၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးပေါင်း ၈၉ ခု၊ စုစုပေါင်းအစည်းအဝေး ၁၃၅ ခုအား အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၏ တူညီသောဆန္ဒဖြင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ နေပြည်တော်ကြေညာချက်အပါအဝင် ကြေညာချက် ၃၄ ချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် အာဆီယံက ချမှတ်ခဲ့သည့် စံနှုန်းများ၊ စည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ခဲ့သည့် တက်ကြွသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးသည်လည်း မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးခက်ခဲနေချိန်များတွင် အတူတကွရပ်တည်ပေးခဲ့သည့်နည်းတူ တိုးတက်ပြောင်းလဲလာသည့် မြန်မာနိုင်ငံအခြေအနေများကိုလည်း ဝမ်းပန်းတသာ ကြိုဆိုနေလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုပင် ဖြစ်သည်။ အာဆီယံဒေသအတွင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်မြင့်မားလာခြင်းသည် ဒေသတွင်းခေါင်းဆောင်များ၏ စစ်မှန်သောအားထုတ်ကြိုးပမ်းမှု၏ ရလဒ်များပင် ဖြစ်သည်။ အာဆီယံသည် အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုနှင့်ကြီးစိုးမှုများ စိမ့်ဝင်ပျံ့နှံ့မလာစေရေးအတွက် ဒေသအတွင်းနိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ် ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံအချင်းချင်း ဖြစ်ပေါ်လာသော သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းစွာညှိနှိုင်း ဖြေရှင်းပေးလျက်ရှိသည့် အဘက်ဘက်မှ တိုးတက်လျက်ရှိသောအဖွဲ့ကြီးအဖြစ် ရပ်တည်လျက်ရှိသည်။

**အဓိကအခန်းကဏ္ဍမှ ပါဝင်**

အရှေ့အာရှနှင့်တောင်အာရှ ကမ်းရိုးတန်းဒေသများနှင့် တစ်ဆက်တည်း ကမ်းလွန်ပင်လယ်ပြင်များ အပါအဝင် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြီးနှစ်ခုကို ပထဝီနိုင်ငံရေး ဒေသကြီးတစ်ခုအဖြစ် ပေါင်းစည်းစဉ်းစားသည့် ထိပ်တန်းအရေးပါသော အင်ဒိုပစိဖိတ်ဒေသတွင်လည်း အာဆီယံအသင်းကြီး၏ အချက်အချာကျမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အာဆီယံဗဟိုချက်ဖြစ်မှုကို ထိန်းသိမ်းခြင်းသည် အာဆီယံအား အောင်မြင်သောဒေသတွင်း အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်နှင့် နိုင်ငံတကာနယ်ပယ်တွင်ဝင်ဆံ့မှုရှိနေစေရန် အတွက် အရေးပါလှသည်။ အာဆီယံဗဟိုချက်ဖြစ်မှုမှတစ်ဆင့် စည်းမျဉ်းများကိုအခြေခံသော ဒေသတွင်းတည်ငြိမ်မှုကို မြှင့်တင်ပြီး နိုင်ငံများအကြား ပဋိပက္ခဖြစ်မှုအလားအလာများကို လျော့နည်းစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဆန်းသစ်လာသောဒေသအတွင်း ပထဝီနိုင်ငံရေးအားပြိုင်မှုအခင်းအကျင်းတွင် အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် အာဆီယံလည်ပတ်မှုပုံစံများအပေါ် ဝေဖန်မှုများနှင့် စိုးရိမ်ပူပန်မှုများလည်း ထွက်ပေါ်လျက်ရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့ရသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့် ဦးစားပေးဆောင်ရွက်မှု အခန်းကဏ္ဍလည်း ကွဲပြားလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ပြည်တွင်းရေးရာကိစ္စများကိုသာ အလေးထားဖြေရှင်းရန် လိုလားမှုသည် အာဆီယံအသင်းကြီး၏ ဗဟိုချက်ဖြစ်မှုအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အလွန် ကမ္ဘာ့အသိုက်အဝန်းအတွင်း၌ အာဆီယံအသိုက်အဝန်းအနေဖြင့် စုစည်းညီညွတ်မှုရှိပြီး စစ်မှန်သည့် စုပေါင်းအင်အားစုဖြစ်စေရေး ပိုမိုကြိုးပမ်း အားထုတ်ရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ပထဝီနိုင်ငံရေးပြောင်းလဲလာခြင်း၊ အယူဝါဒကွဲပြားလာခြင်းနှင့် မဟာမိတ်နိုင်ငံသစ်များ ဖွဲ့စည်းလာခြင်းစသည့် ကမ္ဘာ့ဇာတ်ခုံအပေါ် နိုင်ငံရေးအခင်းအကျင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေကြရသောကြောင့် အာဆီယံအဖွဲ့ကြီးအနေဖြင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ယုံကြည်လေးစားမှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား သွားရမည်ဖြစ်ကြောင်း၊ အာဆီယံ၏ အဓိကအခြေခံမူများဖြစ်သည့် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှုနှင့် အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သည့် "မျှဝေခြင်းနှင့် စောင့်ရှောက်ခြင်း" အပြင် အာဆီယံက ကျင့်သုံးလျက်ရှိသည့် "တူညီဆန္ဒ" ဖြင့် ဆုံးဖြတ်ချက်ချခြင်းနည်းလမ်းတို့ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ပါ အခြေခံမူများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို အာဆီယံနိုင်ငံများသို့အသိပေးလိုကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ကြောင့် အာဆီယံအသင်းကြီးသည် ရရှိပြီးသော အောင်မြင်မှုများကို အစဉ်တစိုက် ဆက်လက် ထိန်းသိမ်းမြှင့်တင်ရန်အတွက် အာဆီယံဗဟိုချက်ဖြစ်မှုကို ပိုမိုခိုင်မာအားကောင်းစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အားထုတ်ကြိုးပမ်းရမည်သာ ဖြစ်ပါသည်။

**စည်းလုံးညီညွတ်မှုကိုပြသ**

ယနေ့ကမ္ဘာကြီး၏ နေရာဒေသအသီးသီးတွင် ပဋိပက္ခမျိုးစုံပေါ်ပေါက်လျက်ရှိနေသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ညီညွတ်မှုစွမ်းအား၊ ပေါင်းစည်းမှုစွမ်းအင်တို့ကြောင့် ဒေသတွင်းတည်ငြိမ်မှုရလဒ်ကို ကမ္ဘာသို့ ပြသလျက်ရှိနေသကဲ့သို့ တည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ထက်မြက်မှု၊ သန့်ရှင်းစင်ကြယ်မှု၊ သာယာဝပြောမှုနှင့် ခိုင်မြဲစွာလက်တွဲဆောင်ရွက်သွားမည်ဆိုသည့် မျှော်မှန်းချက်တို့ကို ဖော်ညွှန်းပြသထားသော အပြာရောင်အောက်ခံ၊ အဖြူရောင်စက်ဝိုင်းအတွင်းရှိ အနီရောင်နောက်ခံပါ အဝါရောင်စပါးနှံအစည်း သင်္ကေတဖြင့် အာဆီယံကိုယ်စားပြုအလံသည်လည်း ကမ္ဘာ့အလယ်တွင် တောက်ပလျက်ရှိနေပေသည်။ အနာဂတ်မှာလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုကိုပြသပြီး ခင်မင်ရင်းနှီးမှုဖြင့် ခိုင်မြဲစွာလက်တွဲ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းတည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးသာယာဝစေည်မှာ မလွဲကေန်ပင် ဖြစ်ပေသည်။ ။

**" မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် အာဆီယံက ချမှတ်ခဲ့သည့် စံနှုန်းများ၊ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခဲ့သည့် တက်ကြွသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးသည်လည်း မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးခက်ခဲနေချိန်များတွင် အတူတကွရပ်တည်ပေးခဲ့သည့်နည်းတူ တိုးတက်ပြောင်းလဲလာသည့် မြန်မာနိုင်ငံအခြေအနေများကိုလည်း ဝမ်းပန်းတသာ ကြိုဆိုနေလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုပင် ဖြစ်သည်။ အာဆီယံဒေသအတွင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်မြင့်မားလာခြင်းသည် ဒေသတွင်းခေါင်းဆောင်များ၏ စစ်မှန်သော အားထုတ်ကြိုးပမ်းမှု၏ ရလဒ်များပင် ဖြစ်သည်"**

# ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၇

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဖြစ်စေ၊ နီးစပ်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေး ကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်း ဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်)<br>၀၉-၉၅၁၄၉၅၄၀၉<br>(Viber-ယင်းမာပင်ခရိုင်)<br>၀၉-၈၉၄၄၃၇၂၂၄<br>(Viber-ကသာခရိုင်)<br>၀၉-၄၀၂၅၀၈၄၆၈<br>(Viber-ကလေးခရိုင်)<br>၀၉-၈၈၀၀၈၇၃၄၀<br>(Viber-ခန္တီးခရိုင်)<br>၀၉-၅၁၉၀၄၈၁<br>(Viber-မော်လိုက်ခရိုင်)<br>၀၉-၂၅၆၅၉၆၈၈၉<br>(Viber-တမူးခရိုင်) | mpf-sagaing@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi@e-moha.gov.mm | |
| ၈ | ပဲခူးတိုင်း ဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၁၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago@e-moha.gov.mm | |
| ၉ | မကွေးတိုင်း ဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway@e-moha.gov.mm | |

စာမျက်နှာ ၁၁ သို့

# သိန္နီမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများ လှူဒါန်း



သိန္နီ ဩဂုတ် ၇

**ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံး၊ အဆင့်(၂) ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ အဆင့်(၃) ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်စုံ ၃၀၊ နှာခေါင်းစည်း ၂၅၀၀ ခု၊ လက်သန့်ဆေးရည် ၂ ဖာ၊ ပိုးသတ်ဆေးပုံး (၂)ပုံး တို့ကို ယနေ့နံနက် ၁၀ နာရီခွဲခန့်က သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ယာပုံ)**

ထိုသို့ လှူဒါန်းရာတွင် ယခုအချိန်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်တက်နေသဖြင့် ပြည်သူလူထု အတွက် အထောက်အကူပစ္စည်းဖြစ်သည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံးနှင့်အတူ အခြား အသုံးအဆောင်များကို အရှေ့မြောက်တိုင်းစစ်ဌာန ချုပ်ကိုယ်စား သိန္နီတပ်နယ်မှ တပ်ရင်းမှူးက ပေးအပ် လှူဒါန်းရာ သိန္နီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မိုးအောင်နှင့် ရပ်မိရပ်ဖများက လက်ခံယူကြောင်း သိရသည်။

**အိဇာချို (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁၀ | မန္တလေးတိုင်း ဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon@e-moha.gov.mm | |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine@ e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်း ဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်) | mpf-yangon@ e-moha.gov.mm | |
| | | ၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆတ်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan@ e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်း ဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟင်္သာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပွတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy@ e-moha.gov.mm | |

# ရဲစခန်းအသီးသီးတွင် ရေးဖွင့်ထားသည့်အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်အပေါ် ယုံကြည်စွာဖြင့် ဆက်သွယ်လာသူများ၏ အမှုများအတွက် ဥပဒေနှင့်အညီ ပိတ်သိမ်းပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၇

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုအစိုးရပိုင်အဆောက်အဦများနှင့်ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရဲတပ်ဖွဲ့များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ်များအား ဩဂုတ် ၃ ရက်မှစ၍ နေ့စဉ် သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ထိုသို့ထုတ်ပြန်ကြေညာထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရဲတပ်ဖွဲ့များထံ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များသို့ စိုးရိမ်စိတ်ဖြင့် တိမ်းရှောင်နေကြသူ ကာယကံရှင်များကိုယ်တိုင်သော်လည်းကောင်း၊ ကာယကံရှင်၏ မိဘဆွေမျိုးသားချင်းများမှတစ်ဆင့် သော်လည်းကောင်း ယုံကြည်စွာဖြင့် ဆက်သွယ်လာကြရာတွင် အသိပေးထုတ်ပြန်ကြေညာခဲ့သည့် ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ကျန်းမာရေးနှင့် ပညာရေး အစရှိသည့် အလွှာစုံမှ တိမ်းရှောင်နေသူ ၅၃ ဦး ဆက်သွယ်လာခဲ့သည်။

အဆိုပါ ဆက်သွယ်လာသူ ၅၃ ဦးနှင့် ပတ်သက်သည့် မှုခင်းများအား တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့များရှိ မှုခင်းမှတ်တမ်းများနှင့် ပြန်လည်တိုက်ဆိုင်စိစစ်ခဲ့ရာ ဩဂုတ် ၃ ရက် ထုတ်ပြန်ကြေညာချက်ပါ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် အကျုံးဝင်ပြီး ဖြေလျှော့ပေးရန် ကိုက်ညီမှုရှိသည့်အတွက် ယုံကြည်စွာဖြင့် ဆက်သွယ်လာသူ ၅၃ ဦးတို့၏ အမှုများအား ပိတ်သိမ်းပေးပြီး ဖြစ်ကြောင်းနှင့် စိုးရိမ်စိတ်ဖြင့် တိမ်းရှောင်လျက်ရှိသည့် ကျန်ရှိသူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏စေတနာအပေါ် ယုံကြည်စိတ်ချစွာဖြင့် ထပ်မံဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၇

**နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံး အောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ရက်များတွင်လည်း ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၂၅၀၇ ခု အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် လေးစီးဖြင့် ၇၄ တန်၊ အောက်ဆီဂျင် အရည် (အိုးဖြင့်) ခုနစ်တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ကိုးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၄၂၂ ခု၊ Oxygen Plant တစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက်(Oxygen Concentrator) အခု ၄၀၉၀၊ PPE အစုံ ၄၉၀၃၀ နှင့် နှာခေါင်းစည်း (Mask) ၆၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၄၂ ခုမှ ယာဉ်စီးရေ ၇၉ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၄၂၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၃၉၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၁ တန်၊ အောက်ဆီဂျင် ဓာတ်ငွေ့(အိုးဖြင့်) ၆၂ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၇၈၈၀၊ Oxygen Plant ခြောက်ခု၊ အောက်ဆီဂျင် (Generator) ကိုးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၄၂၁၈၉ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ PPE ၂၈၀၉၃၂ စုံ၊ လက်အိတ် ၃၉ တန်နှင့် နှာခေါင်းစည်း (Mask) ၅၆၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ကန်ပိုက်တီးနယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာစဉ်။




မူဆယ်နယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာစဉ်။




မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာစဉ်။

# အင်ဒိုနီးရှားနိုင်ငံမြို့တော်တွင် ဈေးဝယ်သူများ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ပြသရန်လို

ဂျကာတာ ဩဂုတ် ၇

**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဈေးဝယ်စင်တာများနှင့် ဈေးများတွင် ဈေးဝယ်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ပြသရန် လိုအပ်သည်ဟု သိရသည်။ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျကာတာတွင် ဗီဇပြောင်းဒယ်လ်တာကူးစက်မှု များပြားလာသည့်အတွက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။**



ဂျကာတာမြို့ရှိ ဈေးဝယ်စင်တာတစ်ခုကို တွေ့ရစဉ်။

အင်ဒိုနီးရှားနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတွင် ရှိသည်။ နေ့စဉ်သေဆုံးမှုနှုန်းမှာ ၁၅၀၀ ရှိသည်။ ဂျကာတာအစိုးရသည် ဩဂုတ် ၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်မှုတိုက်ဖျက်ရေးအတွက် အရေးယူဆောင်ရွက်မှုများကို ကြေညာခဲ့သည်။

ဈေးဝယ်စင်တာကြီးများတွင် ဈေးဝယ်ထွက်ကြမည့်သူများအနေဖြင့် အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေး ထိုးပြီးကြောင်း အသိအမှတ်ပြု လက်မှတ်ပြသရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပြည်သူ့သယ်ယူပို့ဆောင်ရေးတို့တွင် လုပ်ကိုင်နေကြသည့် လုပ်သားများအနေဖြင့် အစီရင်ခံစာတင်ပြီးသည့်နောက် ကာကွယ်ဆေးအသိအမှတ်ပြုလက်မှတ်ရရှိမည်ဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့သည် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

သို့သော်လည်း ဂျကာတာဒေသခံ ၄၅ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့ ထိုးနှံရသေးသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၇ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဩဂုတ် ၇**

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၆ ရက်၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ၉၇ဦးထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၆၅၀၆၅ ရှိလာသည်ဟု သိရသည်။

နောက်ထပ် ကူးစက်ခံရသူများထဲတွင် ဒေသတွင်း ကူးစက်ခံရသူ ၉၃ ဦးရှိပြီး ၅၆ ဦးမှာ ယခင်ကူးစက်ခံရသူများနှင့် ထိတွေ့မှုရာဇဝင်ရှိသူများဟု သိရသည်။

ဆေးရုံတက်ကာ ကုသမှုခံယူနေရသူ ၅၄၆ ဦးရှိပြီး ရောဂါလက္ခဏာပြင်းထန်သူ ၃၈ ဦးရှိသည်ဟု သိရသည်။

အထူးကြပ်မတ်ကုသဆောင်တွင် လူနာခုနစ်ဦး ရှိသည်။ ဩဂုတ် ၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၇၈၉၇၅၇၀ ရှိပြီး ကာကွယ်ဆေးအပြည့် ထိုးပြီးသူ ၃၆၇၇၇၈၈ ဦး ရှိသည်ဟု သိရသည်။

လုံခြုံစိတ်ချရသည့် စီမံခန့်ခွဲမှုအောက်တွင် အချို့သောတင်းကျပ်မှုများကို ဖြေလျှော့ပေးမည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ပထမအကျော့ ဆောင်ရွက်မှုမှာ ဩဂုတ် ၁၀ ရက်တွင် စတင်မည်ဖြစ်ပြီး နောက်တစ်ကြိမ်မှာ ဩဂုတ် ၁၉ ရက်တွင် စတင်မည်ဖြစ်သည်။ ရောဂါကူးစက်မှု အခြေအနေ တည်ငြိမ်မှုအပေါ်တွင်လည်း မူတည်သည်ဟု သိရသည်။

ထိန်းညှိပေးမှုများတွင် ကာကွယ်ဆေး ထိုးပြီးသူများအတွက် လူစုလူဝေးပြုလုပ်ခွင့်ရှိသည့် အရေအတွက်ကို တိုးမြှင့်ပေးခြင်း၊ စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းတို့လည်း ပါဝင်သည်။

**ဆင်ဟွာ**



စင်ကာပူတွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

# မက္ကဆီကိုစီးတီးတွင် ဗီဇပြောင်းဒယ်လ်တာ ကူးစက်ခံရမှု ၉၀ ရာခိုင်နှုန်းရှိ

**မက္ကဆီကိုစီးတီး ဩဂုတ် ၇**

မက္ကဆီကိုစီးတီးတွင် ကိုဗစ်-၁၉ ဗီဇပြောင်းဒယ်လ်တာ ကူးစက်ခံရသူ ၉၀ ရာခိုင်နှုန်းရှိသည်ဟု ဒေသခံကျန်းမာရေးအရာရှိက ပြောသည်။

အခြားသော ဗီဇပြောင်းမိုင်းရပ်စ်ကူးစက်မှုများမှာ ဒယ်လ်တာလောက်ကူးစက်မှုမရှိသော်လည်း သတိထားစောင့်ကြည့်နေသည်ဟု ကျန်းမာရေးဝန်ကြီး အိုလီဗာလိုပက်ဇ်က ဩဂုတ် ၆ ရက်တွင် ပြောကြားခဲ့သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုအရ မက္ကဆီကိုစီးတီးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၀၄၂၉၈ ဦးရှိပြီး သေဆုံးသူ ၃၅၉၆၄ ဦးရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် သီတင်းပတ် ရှစ်ပတ်တာကာလအတွင်း မက္ကဆီကိုနိုင်ငံတွင် ဒယ်လ်တာကူးစက်မှု နှစ်ဆဖြစ်လာခဲ့သည်ဟု ပန်အမေရိကန်ကျန်းမာရေးအဖွဲ့အစည်းက သတိပေးခဲ့သည်။

ဒယ်လ်တာကူးစက်ခံရမှုမှာ ၃၁ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းရှိလာသည်။

**ဆင်ဟွာ**

# တိုကျိုအိုလံပစ်နှင့် ဆက်စပ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၄၀၀ ကျော်အထိ ရှိလာ

**တိုကျို ဩဂုတ် ၇**

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀ ကျော် ရှိလာပြီဟု သိရသည်။


နောက်ထပ် ၂၂ ဦး ဩဂုတ် ၇ ရက်တွင် ထပ်မံကူးစက်ခံရကာ ကူးစက်ခံရသူများထဲတွင် စေတနာ့ဝန်ထမ်းများလည်း ပါဝင်သည်ဟု ပွဲကျင်းပရေးကော်မတီက ပြောသည်။

အိုလံပစ်ပွဲနှင့် ဆက်စပ်ပြီးကူးစက်ခံရသူ အရေအတွက်မှာ ၄၀၄ ဦး ရှိလာပြီဖြစ်သည်။ နောက်ထပ်ကူးစက်ခံရသူ ၂၂ ဦးတွင် ခြောက်ဦးမှာ နိုင်ငံရပ်ခြားမှ လာကြသူများဖြစ်ပြီး ၁၆ ဦးမှာ ဂျပန်နိုင်ငံတွင် နေထိုင်ကြသူများဖြစ်သည်။

အားကစားသမားများအကြား နောက်ထပ်ကူးစက်ခံရမှု ထပ်မတွေ့ရသေးချေ။ တိုကျိုမြို့တွင်လည်း ဩဂုတ် ၆ ရက်က နောက်ထပ်ကူးစက်ခံရသူ ၄၅၁၅ ဦး တွေ့ရှိခဲ့သည်ဟု တိုကျိုအစိုးရက ပြောသည်။

နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀၀ အထက်တွင် ရှိနေသည်မှာ သုံးရက်ဆက်တိုက်ရှိနေပြီဟုလည်း သိရသည်။

**ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံရှိ ဂျပန်ကုမ္ပဏီများမှ ဝန်ထမ်းများကို နေရပ်ပြန်ပို့ရန် စဉ်းစားလျက်ရှိ

**တိုကျို ဩဂုတ် ၇**

ဗီယက်နမ်နိုင်ငံတွင် လည်ပတ်နေသည့် ဂျပန်ကုမ္ပဏီ ၆၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ ဝန်ထမ်းများကို နေရပ်ပြန်ပို့ရန် စဉ်းစားလျက်ရှိသည်ဟု သိရသည်။ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံတွင် ရောဂါကူးစက်မှုများ များပြားလာသည့်အတွက်ကြောင့်ဟု ဆိုသည်။ ဗီယက်နမ်နိုင်ငံမှ အာဏာပိုင်များသည် ဧပြီလနှောင်းပိုင်းမှစတင်ကာ ရောဂါကူးစက်ခံရမှုအတွက် တောင်ပိုင်းမြို့တော် ဟိုချီမင်းတွင် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။

ဟိုချီမင်းမြို့တွင် ဂျပန်ကုမ္ပဏီအများစုတည်ရှိသည်။ ဟိုချီမင်းမြို့ရှိ ဂျပန်ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများအဖွဲ့အစည်းမှ အဖွဲ့ဝင်များထံ ဝန်ထမ်းများနေရပ်ပြန်ပို့ရေးအစီအစဉ်ရှိမရှိ စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

ကုမ္ပဏီပေါင်း ၆၆ ရာခိုင်နှုန်းကျော်မှာ ဂျပန်ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များကို နေရပ်ပြန်ပို့ရန် ယာယီအားဖြင့်သော်လည်းကောင်း အစီအစဉ်ရှိသည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုပေါင်းထက်ဝက်နီးပါးမှာ ကာကွယ်ဆေးထိုးရန် ဂျပန်နိုင်ငံသို့ ပြန်နေကြပြီဖြစ်သည်။ ဂျပန်ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ မစ်ဇူရှီမာကိုဇိုက ဂျပန်နိုင်ငံသား ဝန်ထမ်းအများစုမှာ ဗီယက်နမ်နိုင်ငံတွင် ဆက်လက်နေထိုင်လိုကြပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းထောက်ပံ့ပေးမှုကို ပြတ်တောက် မသွားစေလိုဟု ပြောသည်။

သို့သော်လည်း အခြေအနေများ ယခုထက်ပို၍ ဆိုးရွားလာပါက ဝန်ထမ်းအချို့ကို ပြန်ပို့ရမည်ဖြစ်ပြီး ယင်းအခြေအနေကြောင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဆိုးရွားစွာ သက်ရောက်မှုရှိလာနိုင်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်များပစ်ခတ်ခံရမှုသည် အစိုးရအသစ်အတွက် စမ်းသပ်မှုတစ်ခုဖြစ်လာ

ကေကေစိုး

• • • • • • • • • • • • • •

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်သုံးစင်းကြောင့် အချက်ပေးသံများ ဆူညံလာပြီး အစ္စရေးနိုင်ငံမြောက်ပိုင်းမှ ဒေသခံများ ဩဂုတ် ၄ ရက်တွင် ခိုလှုံရာနေရာများသို့ ပြေးဝင်ခဲ့ရသည်။

**စမ်းသပ်မှုတစ်ခုဖြစ်လာ**

ထို့နောက် ရှားပါးလှသည့် သန်းခေါင်ယံ လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် ဒေသတွင်းလုံခြုံရေးအခြေအနေကို အတွက် စိုးရိမ်စရာဖြစ်လာခဲ့ပြီး အစ္စရေးအစိုးရသစ်အတွက် စမ်းသပ်မှုတစ်ခုဖြစ်လာခဲ့သည်။

အစ္စရေးနိုင်ငံ မြောက်ပိုင်းမြို့ဖြစ်သည့် ကီရီယာ့ရှမွန်နာရှိ ကွင်းပြင်ကျယ်တွင် ဒုံးကျည်နှစ်စင်း ကျရောက်ခဲ့သည်။ လက်ဘနွန်နိုင်ငံတောင်ပိုင်းနယ်စပ်မှ နေ၍ ပါလက်စတိုင်းအုပ်စုက ဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးမီဒီယာများတွင် ဖော်ပြကြသည်။

**လက်နက်ကြီးများဖြင့် ပစ်ခတ်**

လက်ဘနွန်နှင့် အစ္စရေး နှစ်နိုင်ငံလုံးတို့တွင် လက်နက်ခဲယမ်းများကြောင့် မီးတောက်များကို တွေ့မြင်ရသည်။ အပူချိန်ပြင်းထန်မှုနှင့် လေပြင်းများကြောင့် တောမီးလောင်မှုအရေးနှင့် ရင်ဆိုင်နေရသည်။ လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းတွင် ပြင်းထန်သည့် ပေါက်ကွဲမှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် တစ်နှစ်ပြည့် ဝမ်းနည်းဖွယ်အထိမ်းအမှတ်ပြုလုပ်နေသည့်နေ့မှာပင် ယင်းကဲ့သို့ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံဘက်မှလည်း လက်နက်ကြီးများဖြင့် ၁၀၀ကျော်ခန့် လက်ဘနွန်နိုင်ငံဘက်သို့ ပစ်ခတ်ခဲ့သည်ဟု အစ္စရေးမီဒီယာများတွင် ဖော်ပြကြသည်။

**ပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်**

ဩဂုတ် ၅ ရက်နံနက်ပိုင်းတွင် လက်ဘနွန်နိုင်ငံဘက်မှ အစ္စရေးနိုင်ငံဘက်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အစ္စရေးဘက်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ရခြင်းဖြစ်သည်ဟု တွစ်တာပေါ်တွင်ရေးသားခဲ့သည်။ အစ္စရေးဘက်မှ လက်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်အကြမ်းဖက်သမားများအသုံးပြုသည့် နေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးမှ လေယာဉ်များသည် ဂါဇာဒေသရှိ ပါလက်စတိုင်းများ၊ ဆီးရီးယားရှိ ဟစ်ဘိုလာအုပ်စုများကိုသာ ပစ်မှတ်ထား၍ တိုက်ခိုက်လေ့ရှိပြီး လက်ဘနွန်နိုင်ငံဘက်မှ ပစ်မှတ်များကို ဦးတည်တိုက်ခိုက်မှုမှာ ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

**ကြိုးပမ်းခဲ့**

ရှစ်နှစ်တာ ကာလအတွင်း နယ်စပ်ကို ကျော်လွန်ကာ လက်နက်ကြီးများဖြင့် ပထမဆုံးအကြိမ် ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးဘက်သို့ ဒုံးကျည်ပစ်လွှတ်လိုက်သည့်နေရာများကို ပစ်မှတ်ထားကာ ပြန်လည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဩဂုတ် ၅ ရက်တွင် အစ္စရေးတပ်ဖွဲ့က ပြောသည်။ မကြာသေးမီလများအတွင်းကလည်း ပါလက်စတိုင်းအုပ်စုများသည် နယ်စပ်ဖြတ်ကျော်ကာ တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့သည်။

အဆိုပါဒေသကို အီရန်ကို ကျောထောက်နောက်ခံပြုထားသည့် ဟစ်ဘိုလာအုပ်စုက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။



လက်ဘနွန်နိုင်ငံဘက်မှ ဒုံးကျည်ပစ်ခတ်မှုကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်း ကီရီယာ့ရှမွန်နာတွင် မီးခိုးများ လိုမ့်တက်လာသည်ကို တွေ့ရစဉ်။

**ပတ်သက်ခြင်းမရှိ**

အိုမန်ကမ်းရိုးတန်းတွင် အစ္စရေးနိုင်ငံသားတစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်မှုရှိသည့် ရေနံတင်သင်္ဘောကို ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီးနောက် အဆိုပါဖြစ်ရပ်အတွက် အစ္စရေး၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က အီရန်နိုင်ငံကို အပြစ်တင်မှုပြုလုပ်ပြီး နောက်ပိုင်းရက်များတွင် ယခုလို တိုက်ခိုက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ အီရန်နိုင်ငံဘက်ကမူ ရေနံတင်သင်္ဘောတိုက်ခိုက်ခံရမှုတွင် ၎င်းတို့ ပါဝင်ပတ်သက်ခြင်းမရှိဟု ပြောကြားထားသည်။

**ဝန်ကြီးချုပ်အသစ်ဖြစ်လာ**

အစ္စရေးနိုင်ငံကို ဘင်ဂျမင်နေတန်ယာဟုက ၁၂ နှစ်ကြာဝန်ကြီးချုပ်အဖြစ် ဦးဆောင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဇွန်လအတွင်းကမှ နာ့ဖ်တာလီဘန်နက်က အစ္စရေးဝန်ကြီးချုပ်အသစ်ဖြစ်လာခဲ့သည်။ ဝန်ကြီးချုပ်အသစ်အတွက် ယခုတစ်ကြိမ်တိုက်ခိုက်မှုမှာ အဓိက ထိပ်တိုက်ရင်ဆိုင်မှုဖြစ်လာခဲ့သည်။ အစ္စရေးဝန်ကြီးချုပ်ဟောင်း နေတန်ယာဟု လက်ထက်တွင် အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်သည့် နေရာများနှင့် ထင်ရှားသည့် နျူကလီးယားသိပ္ပံပညာရှင်ကို သတ်ဖြတ်ခြင်းအပါအဝင် တိုက်ခိုက်မှုများဆက်တိုက် ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

**အဓိကတာဝန်ရှိသူ**

အစ္စရေးကာကွယ်ရေးဝန်ကြီး ဘန်နီဂန့်ဇ်နှင့် နိုင်ငံခြားရေးဝန်ကြီး ယဲရာလာပတ်တို့သည် ဩဂုတ် ၄ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်များနှင့် တွေ့ဆုံပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် ရေနံတင်သင်္ဘောတိုက်ခိုက်ခံရမှုတွင် အီရန်၏ပါဝင်ပတ်သက်မှုကို သက်သေပြရန် အသေးစိတ်အချက်အလက်များ စုံစမ်းထောက်လှမ်းထားသည်ဟု ပြောသည်။

အိုမန်ပင်လယ်ကွေ့တွင်ဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘောတိုက်ခိုက်ခံရမှုတွင် အီရန်တော်လှန်ရေးအစောင့်တပ်မှ ဒရုန်းဆက်ရှင်ပိုင်းတွင် အကြီးအကဲဖြစ်တာဝန်ယူထားသူ ဆာအိဒ်အယ်ရာရာနီမှာအဓိကတာဝန်ရှိသူဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ငြင်းဆိုခဲ့**

အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့လေတပ်မှ တပ်မှူး အမီရာအလီဟာဂျီဇာဒေက်မှာ ဒရုန်းနှင့် ဒုံးကျည်တိုက်ခိုက်မှုတို့အတွက် နောက်ကွယ်မှ ပါဝင်သူဟု ဂန့်ဇ်က ပြောသည်။

ထို့ပြင် အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်ပါ လမ်းညွှန်ချက်များကိုလည်း ချိုးဖောက်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခုအချိန်မှာ သံတမန်နည်း၊ စီးပွားရေးနှင့် စစ်ရေးအရပါ အရေးယူဆောင်ရွက်ရတော့မည့်အချိန်ဟုလည်း ၎င်းက ဆက်ပြောသည်။ အီရန်နိုင်ငံဘက်မူ ၎င်းတို့အနေဖြင့်နျူကလီးယားလက်နက်ရရှိအောင် ကြိုးပမ်းနေသည်ဟုသော စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

**ပြင်ဆင်နေ**

အမေရိကန်သမ္မတဟောင်းထရမ့် လက်ထက်တွင် အီရန်နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်သွားခြင်းနှင့် အီရန်အပေါ် ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည့်အတွက် ယူရေနီယံသန့်စင်မှုပမာဏကန့်သတ်မှုကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဒရုန်းတိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး အစ္စရေးဝန်ကြီးချုပ်က အီရန်နိုင်ငံကို ဆန့်ကျင်ရန်အတွက် အပြည်ပြည်ဆိုင်ရာမှ ထောက်ခံမှုများရရှိရန် ကြိုးပမ်းခဲ့သည်။

သို့သော်လည်းအစ္စရေးနိုင်ငံသည် နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးဆိုင်ရာကိစ္စတွင် တစ်ဦးတည်း လုပ်ဆောင်သွားရန် ပြင်ဆင်နေသည်ဟုလည်း ပြောကြားခဲ့သည်။

**အားနည်းလွန်းသည်**

အစ္စရေးဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်နေတန်ယာဟုကမူ လက်ရှိဝန်ကြီးချုပ် ဘန်နက်သည် အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အားနည်းလွန်းသည်ဟု ထပ်ခါထပ်ခါဝေဖန်ခဲ့သည်။

အစ္စရေးနိုင်ငံ၏ ပါတီ ရှစ်ခု မဟာမိတ်ဖွဲ့ထားသည့် အစိုးရအဖွဲ့သည် မေလအတွင်း ဂါဇာကမ်းမြောင်ဒေသတွင် စစ်သွေးကြွများနှင့် ၁၁ ရက်စစ်ပွဲဖြစ်ပွားပြီးနောက် ထိလွယ်ရှလွယ်သည့် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းနေရသည်။

ကိုးကား - သည်ဝါရှင်တန်ပို့စ်

❁ **အစ္စရေးနိုင်ငံကို ဘင်ဂျမင်နေတန်ယာဟုက ၁၂ နှစ်ကြာ ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဇွန်လအတွင်းကမှ နာ့ဖ်တာလီဘန်နက်က အစ္စရေးဝန်ကြီးချုပ်အသစ် ဖြစ်လာခဲ့သည်။ ဝန်ကြီးချုပ်အသစ်အတွက် ယခုတစ်ကြိမ်တိုက်ခိုက်မှုမှာ အဓိက ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်လာခဲ့သည်**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID–19)**
**ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၇–၈–၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၂၄/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါ စည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန် ဖြစ်သည် –

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

(ဂ) ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြား သင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(င) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

(စ) ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေးအစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့်ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင် ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ် ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID–19 ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

❒ *ကျောဖုံးမှ*

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၂၉၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၃၈,၇၄၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၆၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၁,၅၂၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၆) ခု | (၁၆၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၃၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၀) ခု | (၇၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၄) ခု | (၁၇၆) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၉) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၁) ခု | (၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၆၄) ခု | (၆၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၆၇၃) ခု | (၂,၄၂၂) ဦး |
| စုစုပေါင်း | (၁၂,၅၁၁) ခု | (၃,၆၅၁) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူ ရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအားအသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို**
**စနစ်တကျ**
**မပျက်မကွက် တပ်ဆင်ပါ**



**တတ်နိုင်သမျှ**
**မိမိအိမ်တွင်သာ**
**နေပါ**

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အကြိမ် (၂၀) မြောက် ထွက်ခွာ



နေပြည်တော် ဩဂုတ် ၇

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်။**

အဆိုပါလှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)တွင် (၁၉) ကြိမ်မြောက် အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ၄၀ နှင့် တာဝန်လဲလှယ်ထမ်းဆောင်ရန် အကြိမ် (၂၀)မြောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်ရမည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် ဆေးကုသမှုပါရဂူ ငါးဦး၊ စိတ်ကျန်းမာရေးပါရဂူ တစ်ဦး၊ မေ့ဆေးပါရဂူ ငါးဦး၊ ခွဲစိတ်မှန်ပါရဂူ နှစ်ဦး၊ ဆေးမှူးဆရာဝန် ခုနစ်ဦး၊ သူနာပြုအရာရှိ ၁၂ ဦး၊ အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြုကျွမ်းကျင် နှစ်ဦး၊ ခွဲစိတ်ခွဲကျွမ်းကျင် နှစ်ဦး၊ ခွဲစိတ်မှန်ကျွမ်းကျင် နှစ်ဦး စုစုပေါင်း ၄၀ ပါဝင်၍ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဩဂုတ် ၇**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် သီပေါမြို့အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၇၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နှင့် ကလောမြို့တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ ၂၆၄၁ ဦးကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိမြို့နယ်ပေါင်း ငါးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၅၀၈ ဦးကို လည်းကောင်း၊ မွန်ပြည်နယ်(**အပေါ်ပုံ**)နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၂၂၃၄၀ တို့ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၈၀၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း လေးမြို့နယ်မှ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၈၀၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၁၅၆၄ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၆၆၆ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ငါးမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၇၁၄ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဏိရတနာရာမမြတောင် ကျောင်းတိုက်၊ သမ္မတစာချကျောင်း ဆရာတော် ဘဒ္ဒန္တ အကုံရ အမှူးပြုသည့် သံဃာတော် ၉၆ ပါးနှင့် အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ သံဃာတော်အပါး ၅၀ အပါအဝင် မန္တလေး တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် တိုင်းရင်းသားပြည်သူစုစုပေါင်း ၁၀၀၃၆ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုနှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၀၇၈၅ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်ဆေးရုံအတွက် အရေးပေါ်အသုံးပြုရန် ၁၀ လီတာ အောက်ဆီဂျင်အိုး နှစ်လုံးလှူဒါန်း

**အင်းတော် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်သူ မြို့နယ်သားတို့အတွက် အင်းတော်မြို့နယ် အောက်ဆီဂျင်ဖြစ်မြောက်ရေးအဖွဲ့က မြို့နယ်ဆေးရုံကြီးတွင် အရေးပေါ်အသုံးပြုရန် လိုအပ်နေသော ၁၀ လီတာ အောက်ဆီဂျင်အိုးနှစ်လုံးကို လှူဒါန်းသည်။ **(အောက်ပုံ)**

အင်းတော်မြို့နယ်အနေဖြင့် အောက်ဆီဂျင်ခွဲတမ်းတိုး၍ ရရှိသော်လည်း လုံလောက်မှုမရှိသည့်အပြင် သေဆုံးမှုများလည်း ရှိနေဆဲဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖြစ်မြောက်ရေးအဖွဲ့က အင်းတော်ဆေးရုံကြီးတွင် အရေးပေါ်လိုအပ်နေသော အောက်ဆီဂျင်စက်နှစ်လုံးကို လှူဒါန်းပေးခဲ့ရခြင်းဖြစ်ကြောင်း အောက်ဆီဂျင်စက်ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထံမှ သိရသည်။

**လူအောင်(ကသာ)**




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

**ကိုဗစ်-၁၉ ရောဂါခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ PPE ဝတ်စုံ ၂၀၀၊ Mask ၅၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၂၀၀၊ ပိုးသတ်ဆေးရည်နှစ်ပုံး၊ အားဆေး အလုံး ၂၁၀၀နှင့် သွားတိုက်ဆေးဘူး ၂၆၀(ယာပုံ)၊ ကွတ်ခိုင်မြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးငါးလုံး၊ Mask ၂၀၀၀၀၊ N-95 Mask ၃၀၀၊ PPE ဝတ်စုံ ၁၀၀၊ Face Shield ၂၀၀၊ လက်သန့်ဆေးရည် ၄၈ ဘူး၊ အရက်ပြန် ၄၈ ဘူးနှင့် ပိုးသတ်ဆေးရည်နှစ်ပုံး၊ သိန္နီမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးငါးလုံး၊ Flow Meter ငါးခု၊ Oxygen ပိုက် ငါးစုံ၊ PPE ဝတ်စုံ ၃၀၊ Level 2 (Gown) ၁၀၀၊ Mask ၂၅၀၀၊ လက်သန့်ဆေးရည် ၄၈ ဘူး၊ ပိုးသတ်ဆေးရည်နှစ်ပုံးနှင့် မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ PPE ဝတ်စုံ ၅၀၊ Oximeter သုံးလုံး၊ Face Shield ၅၅ ခု၊ Surgical Gowns ၆၅ ထည်၊ Surgical Gloves ၂၀၀၊ အရက်ပြန် ငါးဂါလန် တစ်ပုံးတို့ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပုလော မြို့နယ် ပလောက်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကိုဗစ်စင်တာများတွင် ကူညီဆောင်ရွက်ပေးနေသည့် စေတနာ့လူမှုအသင်းအဖွဲ့များသို့ အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လည်းကောင်း။



ရေဝတီတိုင်း ဒေသကြီး မြောင်းမြမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၁၅ လုံး၊ ပုသိမ်မြို့နှင့် ကန်ကြီးထောင့်မြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတ အသင်းများသို့ အောက်ဆီဂျင်အိုး ၄၂လုံး၊ လပွတ္တာမြို့ မြို့နယ်ပြည်သူ့ဆေးရုံ (ခုတင်-၅၀)သို့ PPE ဝတ်စုံ ၁၀၀ နှင့် အလှူငွေကျပ်ငါးသိန်း နှင့် ဟိုင်းကြီးကျွန်းမြို့ နယ်မြေခံ တပ်မတော်ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံး နှင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများနှင့် ဆေးရုံတက် လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်နေသော စေတနာ့ ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံ တပ်မတော်သားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီ ရေးအဖွဲ့အစည်းများနှင့် စေတနာရှင်၊ အလှူရှင်များက သွားရောက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေး အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့် တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပြည်သူ့ဆေးရုံဝင်း အတွင်းနှင့် မြိတ်တောင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးဘေးရှိ အောက်ဆီဂျင်စက်ရုံ ထပ်မံတိုးချဲ့ တည်ဆောက်မည့် မြေနေရာတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ လပွတ္တာမြို့၊ မြောင်းမြမြို့နှင့် ဇလွန်မြို့တို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါ အတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့် ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးရှိ တပ်မတော်ဆေးရုံ များ၊ နယ်မြေခံသင်တန်းကျောင်း များ၊ စစ်ကြောရေးနှင့်တည်းခိုရေး စခန်းများ၌ ကြိုတင်ပြင်ဆင်မှု များကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ် တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း ၍လည်း သက်ဆိုင်ရာ မြို့နယ် များ၌ Quarantine Center များ ကိုလည်း ပြင်ဆင်ဆောင်ရွက် လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက် ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက် အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူ ငွေများပေးအပ်ကာ လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်း၌ သီးသန့်စောင့်ကြည့်ရမည့် သူ အမျိုးသား ၁၅၅ ဦးနှင့် အမျိုး သမီး ၁၆၀ စုစုပေါင်း ၃၁၅ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ရှိ နယ်မြေခံတပ်၌ ခတ်ခွဲအတည် ပြုပိုးတွေ့လူနာ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း လေးဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင် မြို့နယ် စစ်ကြောရေးနှင့် တည်းခို ရေးစခန်း၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၉၄ ဦး နှင့် အမျိုးသမီး ၂၄၈ ဦး စုစုပေါင်း ၅၄၂ ဦးကိုလည်းကောင်း၊ ရဲမွန် တပ်မြို့ရှိ နယ်မြေခံတပ်၌ ခတ်ခွဲ အတည်ပြုပိုးတွေ့လူနာ အမျိုး သား ၉၄ ဦးနှင့် အမျိုးသမီး ၅၇ ဦး၊ စုစုပေါင်း ၁၅၁ ဦးကို လည်း ကောင်း အသီးသီး လက်ခံထားရှိ ကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာ များနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့ လူနာများ၏ နေထိုင်စားသောက် ရေးနှင့်ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန် ရှိသူများက ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်တရားဒေသအတွင်းရှိ မိဘပြည်သူများ ကိုဗစ်-၁၉ရောဂါ စစ်ဆေးမှုခံယူနိုင်

**နောင်တရား ဩဂုတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ပတ်ဝန်းကျင်ရှိ ပြည်သူများအနေဖြင့် နေမကောင်း လျှင်သော်လည်းကောင်း၊ ချောင်းဆိုးလျှင်သော်လည်းကောင်း၊ အနံ့ မရလျှင်သော် လည်းကောင်း၊ မိမိကိုယ်တိုင်သံသယဖြစ်လျှင်သော် လည်းကောင်း နောင်တရားတိုက်နယ်ဆေးရုံသို့ လာရောက်စစ်ဆေး နိုင်ကြောင်း သိရသည်။

ပြည်သူများ ကိုဗစ်-၁၉ ရောဂါအခြေအနေနှင့် ပတ်သက်၍ နောင်တရားတိုက်နယ်ဆေးရုံတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ နံနက် ၁၁ နာရီခွဲအထိ လာရောက်စစ်ဆေးနိုင်ပြီး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိပါက နောင်တရားတိုက်နယ်ဆေးရုံကုသမှုစင်တာနှင့် ရွှေဘုန်းပွင့်ပညာဒါနကျောင်းကုသမှုစင်တာတွင် ဆေးကုသမှုခံယူကြရမည် ဖြစ်သည်။

ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အကူအညီတောင်းခံလိုပါက နောင်တရား မြို့အုပ်ချုပ်ရေးမှူး ၀၉-၂၆၂၈၂၉၀၂၃၊ နောင်တရားတိုက်နယ်ဆေးရုံ ၀၉ - ၄၅၀၁၉၅၂၉၉ နှင့် လူငယ်ပရဟိတအဖွဲ့ ခွန်အောင်ထွန်းလေး ၀၉ - ၂၅၀၆၂၇၀၄၁ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နောင်တရား (မြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တိုင်းဘက်စုံမွေးမြူရေးခြံသို့ကွင်းဆင်းကြည့်ရှု

ခိုလမ် ဩဂုတ် ၇

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့သည် ယနေ့နံနက် ၈ နာရီက လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ခိုလမ်မြို့ရပ်ကွက်(၂)ရှိ သောက်သုံးရေကန်နှင့် ရပ်ကွက်(၁)ရှိ ပန်းခြံနှင့် မြို့တော်ခန်းမ တည်ဆောက်မည့်နေရာကို သွားကြည့်ရှုရာ ခိုလမ်မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဘက်စုံမွေးမြူရေးခြံတွင် မွေးမြူထားသော ဝက်မွေးမြူရေးခြံ၊ ဥစားကြက်ခြံ(ယာပုံ)၊ နို့စားနွားခြံ အစာစပ်ရုံနှင့် ဒေသကြက်မွေးခြံ၊ ငါးမွေးမြူရေးကန်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကလေးအားကစားတည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကျဆင်းရေးညှိနှိုင်းအစည်းအဝေး၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်-၁၉ ရောဂါ ကျဆင်းရေးနှင့် ပတ်သက်၍ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးပြီးသူများ အမည်စာရင်း မကျန်ရအောင် သက်ဆိုင်ရာ အကြီးအကဲများက တာဝန်ယူဆောင်ရွက်ပေးရန်၊ မိမိတို့ဒေသ၌ ဖြစ်ပွားတတ်သော သဘာဝဘေးများကို ကြိုတင်ပြင်ဆင်ထားရန်၊ ရုတ်တရက်ဖြစ်လာပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မသိသောကြောင့် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးမှုမရှိသော်လည်း မိုးတွင်းကာလဖြစ်သည့်အတွက် မြေပြိုမှုသာရှိပြီး လမ်းပန်းဆက်သွယ်မှု အခက်အခဲမရှိစေရန် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးက သဘာဝဘေးအန္တရာယ်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆွေးနွေးပြောကြားပြီး အခမ်းအနား တက်ရောက်လာသူများက ဆွေးနွေးတင်ပြ၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြား လူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကဏန်းပျော့မွေးမြူရေး လုပ်ငန်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း(**အောက်ဝဲပုံ**)၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ စိုက်ပျိုးရေးဦးစီးဌာန ကျောဘုတ်ဥယျာဉ်ခြံ (ပြည်ထောင်စုခြံ)သို့ လည်းကောင်း (**အောက်ပုံ**)၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် တမုတ်စိုးကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးဧက ၁၀၀ စံပြစိုက်ကွက်တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်သူများကို စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၉၅ ဦး၊ အမျိုးသမီး ၁၉၅ ဦး၊ စုစုပေါင်း ၃၉၀ တို့ကို လည်းကောင်း၊ ချင်းရွှေဟော်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၂၀ တို့ကိုလည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၉၁ ဦး၊ စုစုပေါင်း ၂၀၃ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၈-၂၀၂၂ တနင်္လာနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ခေမာဂ္ဂုဏ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၁၀** တရုတ်ကာတွန်း **'ဖိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၂၉)
**၀၉:၃၅** MRTV Travelogue
**၁၀:၁၅** **'ဝသန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား
**၁၃:၀၀** အတွေးအမြင် (အပိုင်း-၂)
**၁၃:၁၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'မောင်မောင်နှင့် ပထမအချစ်'** (ဇော်ဦး၊ မေသဇ္ဇီ)
**၁၇:၀၅** အာဆီယံအမျိုးသမီး စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (ဗီယက်နမ်နိုင်ငံ)
**၁၇:၁၅** ထူးခြားစုံလင်အာရုပစိပ်တိတ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၀** သုတဝေဖြာသီရိဝေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှုံ့မှတ်ချက်'** (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၄၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၂၅** ဟိုတုန်းကကက်ဆက်ဇာတ်လမ်းများ **'သုံးပင်လိမ်'**

### mitv

**07:01** News
**07:26** Lines & Wash Painting
**07:34** Taung Byone Nat Festival (Ep-1)
**08:00** Myanmar Masterclass: Artist Tin Win (Beikthano)
**08:11** Secret Recipes by Gourmet Chefs (Thai)
**08:44** Choral Dance By Female Dancers
**08:52** Yangon Markets: Nyaung Pin Lay Market)
**09:01** Ecotourism: Along River Chindwin To Khamti
**09:19** Beach Food Delivery
**09:29** Welcome To Naga Land
**10:00** Archery Session (from Ramayana Play)
**10:22** Today Myanmar: Tea Export
**10:58** Myanma Traditional Art, Silversmith
**11:54** Myanmar Snacks and Nutrition Value: Kauk Hnyin Pyan Paung

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၁)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၉)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေအမြုတေ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဂေါ်ရခါးသီးနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
(ဝ)ဥစိုက်ပျိုးခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဒူးရင်းသီး၏ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (မာရ်ငါးပါးဘုရားများနှင့်လယ်ထွန်မင်္ဂလာ)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လောဘနဲ့ဒေါသ'**
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ 'စမ' တောင် ပရဟိတဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ရှိ ဝါဆိုသံဃာတော်များနှင့် ဒေသအသီးသီးမှ ပရဟိတဂေဟာသို့ ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၂၀၊ ဆီပိဿာ ၄၀၊ ဆားပိဿာ ၅၀၊ ပဲ ၇၅ ပိဿာနှင့် ကြက်ဥအလုံး ၃၀၀ တို့ကို ထောက်ပံ့လှူဒါန်းသည်။




နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုင်း/ပြည်နယ်ဒေသကြီးအသီးသီးရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့ လည်းကောင်း စားနပ်ရိက္ခာများထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၇

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၈-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဇာတ်တော်ကြီးဆယ်ဘွဲ့

# စန္ဒကုမာရဇာတ်တော်

**မြတ်မင်းလှိုင်**




*(ယမန်နေ့မှအဆက်)*

ထို့နောက် အိမ်ရှေ့မင်းသား ဘုရားလောင်းစန္ဒကုမာရတို့သည် ယဇ်တွင်းသို့ ရောက်ရှိလေသော် ကေရာဇ်မင်းကြီး၏ မိဖုရားကြီး၊ ဘုရားလောင်း စန္ဒကုမာရ၏ မယ်တော်ဂေါတမီသည် သားတော်၏ အသက်ကို ချမ်းသာပေးတော်မူရန် မင်းကြီး၏ ခြေရင်း၌ဝပ်၍ ငိုကြွေး တောင်းပန်လျှောက်ထားလေသည်။ ကေရာဇ်မင်းသည် လက်ခံနား မထောင်ချေ။

ထိုအခါ ဂေါတမီသည် မိမိ၏ ချွေးမများဖြစ်ကြသော (စန္ဒကုမာရ မင်းသား၏ မိဖုရားများ)၊ ဃဋီကာ၊ ဥပရိက္ခီ၊ ပေါက္ခရနီ၊ ဘာရိကာတို့ လေးဦး၏ လည်ကိုဖက်၍ ငိုယိုတောင်းပန်လေသည်။ ကေရာဇ်မင်းသည် လက်ခံနာယူခြင်းမရှိပေ။ ထိုအခါ မိဖုရား ဂေါတမီသည် ဒေါသ ထွက်ကာ ခဏ္ဍဟာလပုဏ္ဏားကို–

- ဟယ်– ခဏ္ဍဟာလပုဏ္ဏား– ငါ့သားစန္ဒကုမာရကို သတ်၍ ငါ့နှလုံးပြင်းစွာ စိုးရိမ်သကဲ့သို့ သင်၏ အမိဝမ်း၌တည်စေ သတည်း။
- ဟယ်–ခဏ္ဍဟာလပုဏ္ဏား–ငါ့သားသူရိယကုမ္မာရကို သတ်ခြင်း ကြောင့် ငါ့နှလုံး၌ ပူဆွေးခြင်း ဖြစ်ရသကဲ့သို့ သင်၏ အမိဝမ်း၌ တည်စေသတည်း။
- ဟယ်– ခဏ္ဍဟာလပုဏ္ဏား– ငါ့သားစန္ဒကုမာရကို သတ်ခြင်း ကြောင့် ငါပူပန်ခြင်းဖြစ်ရသကဲ့သို့ သင်၏ သားမယား ဝမ်း၌ တည်စေသတည်း။
- ဟယ်–ခဏ္ဍဟာလပုဏ္ဏား–ငါ့သားသူရိယကိုသတ်ခြင်းကြောင့် ငါပူပန်ခြင်းဖြစ်ရသကဲ့သို့ သင်၏သားမယား ဝမ်း၌တည်စေ သတည်း။
- ဟယ်– ခဏ္ဍဟာလပုဏ္ဏား– ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းနှင့် တူသော ငါ့သားတော်တို့ကို အပြစ်မရှိဘဲ သတ်ခြင်းကြောင့် သင်၏အမိသည် သားနှင့် လင်တို့ကို မမြင်ရသည် ဖြစ်စေ သတည်း။
- ဟယ်–ခဏ္ဍဟာလပုဏ္ဏား–ပြည်သူပြည်သား လူအပေါင်းတို့၏ မျက်စိသဖွယ်ဖြစ်သော ငါ့သားတော်တို့ကို သတ်ခြင်းကြောင့် သင့်မိခင်သည် သားလင်တို့ကို မမြင်ရသည် ဖြစ်စေသတည်း။
- ဟယ်– ခဏ္ဍဟာလပုဏ္ဏား– ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့် တူသော ငါ့သားတော်တို့ကို အပြစ်မရှိဘဲ သတ်ခြင်းကြောင့် သင့်မယားသည် သားလင်တို့ကို မမြင်ရသည် ဖြစ်စေသတည်း။
- ဟယ်– ခဏ္ဍဟာလပုဏ္ဏား– ပြည်သူပြည်သားလူအပေါင်းတို့၏ မျက်ရှုဖြစ်သော ငါ့သားတော်များကိုသတ်ခြင်းကြောင့် သင်၏ သားမယားသည် သားကိုလည်းကောင်း လင်ကိုလည်းကောင်း မမြင်ရသည်ဖြစ်စေသတည်း။

ဟူ၍ ကျိန်ဆဲပြစ်တင် ပြောဆိုလေသည်။

ဘုရားလောင်း စန္ဒကုမာရမင်းသားလည်း ယဇ်တွင်း၌ပင် ခမည်းတော်အား ဦးတင်လက်မြှောက် အကြိမ်ကြိမ်တောင်းပန်လျက်တား ပြန်သည်။ သို့သော်ကေရာဇ်မင်းသည် လှည့်၍ပင် မကြည့်ဘဲနေသည် ကြောင့် မင်းသားသည် မင်းကြီးခြေရင်း၌ ဝပ်၍ငိုကြွေးလေသည်။ မယ်တော်ဂေါတမီသည် သားတော်ငိုမြည်သံကို သည်းမခံနိုင်၍ ဖွဲ့နွဲ့ငိုကြွေးပြန်သည်။

ထိုအခါမင်းသား၏ မိဖုရားကြီးစန္ဒာဒေဝီသည် ကေရာဇ်မင်း၏ ခြေရင်း၌ ဝပ်ဆင်းငိုကြွေးလေသည်။ စန္ဒာဒေဝီက မင်းကြီးကို ရေမြေ စိုးချင်းမင်းတကာတို့၏ သခင်ဖြစ်တော်မူလျက် ရင်တော်၌ဖြစ်သော သားရတနာကို မကြင်မနာအဘယ်ကြောင့် သတ်သနည်းဟုဆို၏။ ကေရာဇ်မင်းသည် သားတော်၊ သမီးတော်၊ မိဖုရား၊ ချွေးမတော်တို့ကို ချစ်၏။ ထိုသို့ချစ်သော်လည်း နတ်ပြည်ကို ရောက်လိုသောကြောင့် သတ်သည်ဟုဆိုလေသည်။ စန္ဒာဒေဝီလည်း ဘုရားလောင်းမင်းသား အား မသတ်မီ ၎င်းကိုသတ်ရန် လျှောက်တင်လေသည်။ ကေရာဇ် မင်းလည်း ကျန်ရှိသော မယ်တော်မောင်များအနက်မှ နှစ်သက်ရာဖြင့် အိမ်ရှေ့မိဖုရားအဖြစ် မွေ့လျော်စံပျော်စေမည်ဟု ဆိုလေသည်။ စန္ဒာဒေဝီသည် မည်သို့မျှ တောင်းပန်ငိုကြွေးသော်လည်း ကေရာဇ်မင်း သည် အသိအမှတ်မပြု၍ အိမ်ရှေ့မင်းထံသွားပြီး ငိုကြွေးလေသည်။

ထိုသို့ ငိုကြွေးနေစဉ်ပင် အိမ်ရှေ့မင်း စန္ဒကုမာရကိုယဇ်တွင်းသို့ ခေါ်ဆောင်၍တွင်းပေါ်၌ လည်တော်ကိုညွတ်စေသည်။ ခဏ္ဍဟာလ ပုဏ္ဏားသည် ရွှေခွက်ကို မင်းသား၏လည်တော်အောက်၌ ခံလျက် သန်လျက်ကိုထမ်း၍ အိမ်ရှေ့မင်း၏လည်ကို ဖြတ်ရန်ရပ်နေလေသည်။ စန္ဒာဒေဝီမိဖုရားသည် ပုဏ္ဏား၏ ကြောက်မက်ဖွယ်အသွင်ကိုမြင်လျှင် သစ္စာစကားသာ ကိုးကွယ်ရာဖြစ်သည်ဟု နှလုံးသွင်းမိလေသည်။ ထို့ကြောင့် ပရိသတ်အလယ်၌ လက်အုပ်ချီ၍ သစ္စာဆိုလေသည်။ ပညာမရှိသော ခဏ္ဍဟာလပုဏ္ဏားသည် မမှန်သောသဘောဖြင့် မကောင်းမှုကို ပြုလေ၏။ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်၏ လင်သည် ချမ်းသာ၍ ကျွန်ုပ်နှင့် အသက်ထက်ဆုံးနေရစေသတည်း၊ နတ်အပေါင်းတို့ လာရောက်၍ တရားကိုစောင့်ကြပါကုန်ရန် တောင်းပန်ပါ၏ဟု သစ္စာဆိုလိုက်လေသည်။

စန္ဒာဒေဝီ၏ သစ္စာစကားကို သိကြားမင်းကြား၍ ဆင်ခြင်သော် အကြောင်းစုံကို သိရှိရလေသည်။ ထိုအခါ သိကြားမင်းသည် ရဲရဲ တောက်သော သံလုံးတံကိုလှည့်လျက် ကေရာဇ်မင်းကို ခြိမ်းခြောက် လေသည်။ သိကြားမင်းသည် ကေရာဇ်မင်းကို "သင့်ဦးခေါင်းကို ထောင်းထောင်းပြတ်အောင် ရိုက်အံ့၊ ဦးခေါင်းပြတ်ခြင်းကို ကြောက်လျှင် အပြစ်ကင်းသော စန္ဒကုမာရမင်းသားကို မသတ်လင့်။ နတ်ပြည်ကို တောင့်တသဖြင့် အပြစ်မဲ့သော သားမယား သူဌေးသူကြွယ်တို့ကို သတ်သည်ကို အဘယ်မှာသင်မြင်ဖူးသနည်း" ဟု ဆိုလေသည်။ သိကြားမင်း၏ စကားကိုကြားလျှင် ကေရာဇ်မင်းနှင့် ခဏ္ဍဟာလ ပုဏ္ဏားတို့ လွန်စွာကြောက်ရွံ့သဖြင့် မင်းသား၊ မင်းသမီးတို့မှစ၍ အားလုံးသော သူတို့ကို အနှောင်အဖွဲ့မှ လွှတ်စေလေသည်။ မင်းမိဖုရား၊ မင်းသား၊ မင်းသမီး၊ သူဌေးသူကြွယ်တို့သည် အနှောင်အဖွဲ့မှလွတ်သည် နှင့် ထိုယဇ်တွင်း၌ပင် စည်းဝေးကြ၏။ ထို့နောက်လူအပေါင်းတို့သည် တစ်ယောက်လျှင် အုတ်ခဲတစ်ခုစီဖြင့် ခဏ္ဍဟာလပုဏ္ဏားအား ပစ်ခတ် ကြ၏။ ထိုအုတ်ခဲဒဏ်ဖြင့် ခဏ္ဍဟာလပုဏ္ဏားသေလေသည်။ ခဏ္ဍဟာလပုဏ္ဏားကို သတ်ပြီးနောက် ကေရာဇ်မင်းကို သတ်ရန် ပြုကြလေသည်။ ဘုရားလောင်း အိမ်ရှေ့မင်းသားသည် ခမည်းတော် ကေရာဇ်မင်းကို ဖက်၍ လူအပေါင်းတို့ကို ခမည်းတော်၏အသက်ကို ချမ်းသာပေးရန် တောင်းပန်တော်မူ၏။ ပြည်သူပြည်သားအပေါင်းတို့က အသက်ကို ချမ်းသာပေးရန် သဘောတူသော်လည်း ထီးနန်းစည်းစိမ်ကို မပေးနိုင်တော့၍ မင်းဝတ်တန်ဆာများကို ဖယ်ချွတ်စေပြီး သစ်ခေါက် ဆိုးကို ဝတ်စေလျက် နန္ဒင်းပုဆိုးညစ်ကို ဦးခေါင်း၌ရစ်၍ ဒွန်းစဏ္ဍား အဖြစ်ဖြင့် ဒွန်းစဏ္ဍားနေရာ အရပ်သို့ပို့လေသည်။

ပြည်သူပြည်သား အပေါင်းတို့သည် ကေရာဇ်မင်းနှင့် ခဏ္ဍဟာလ ပုဏ္ဏားတို့ကို ဖယ်ရှားစီရင်ပြီးနောက် ရာဇာဘိသေကမင်္ဂလာ အဆောက်အအုံကို ရှေးမူထုံးဟောင်းအတိုင်းစီရင်ကြသည်။ ထို့နောက် ဘုရားလောင်းအိမ်ရှေ့မင်းသား စန္ဒကုမာရကို ဘိသိက်သွန်း၍ ထီးနန်းကို အပ်နှင်းကြသည်။ မင်းညီမင်းသား မင်းသမီး၊ မင်းမိဖုရား၊ ပြည်သူပြည်သားအပေါင်းတို့ တီးမှုတ်ကခုန် မြူးထူးကြလျက် များစွာ သော ပူဇော်သက္ကာရကိုပြု၍ ဘိသက်သွန်းကြ၏။

စန္ဒကုမာရမင်းသားသည် ဤသို့ဖြင့် ပုပ္ဖဝတီပြည်၌ ရွှေထီး ရွှေနန်းကို စိုးစံတော်မူ၏။ ခမည်းတော်ကေရာဇ်မင်းအား မြို့တွင်းသို့ ဝင်ခွင့်မပြုသော်လည်း ဥယျာဉ်တော်ထွက်ခိုက် ဝတ်ရုံစားရုံ ရိက္ခာ တို့ကို ပေးစေ၏။ အဘဖြစ်သည်ဟူ၍ကား ရှိခိုးတော်မမူဘဲ လက်ယုက် ရုံသာပြု၍ အရှင်သက်ရှည်စေသတည်းဟု ဆိုတော်မူ၏။ အကြောင်း ရှိကကြားစေဟု အမိန့်တော်ရှိပြီး ရိက္ခာလည်းမပြတ် ပေးတော်မူ၏။ စန္ဒကုမာရမင်းကြီးသည် တရားသဖြင့် ပြည်စည်းစိမ်ကို စိုးစံတော် မူ၍ အသက်အဆုံး၌ နတ်ပြည်သို့ လားတော်မူလေသည်။ ။

**❏ သိကြားမင်းသည် ကေရာဇ်မင်းကို "သင့်ဦးခေါင်းကို ထောင်းထောင်းပြတ်အောင် ရိုက်အံ့၊ ဦးခေါင်းပြတ်ခြင်းကို ကြောက်လျှင် အပြစ်ကင်းသော စန္ဒကုမာရမင်းသားကို မသတ်လင့်။ နတ်ပြည်ကို တောင့်တသဖြင့် အပြစ်မဲ့သော သားမယား သူဌေးသူကြွယ်တို့ကို သတ်သည်ကို အဘယ်မှာသင်မြင်ဖူးသနည်း" ဟု ဆိုလေသည်။ သိကြားမင်း၏ စကားကိုကြားလျှင် ကေရာဇ်မင်းနှင့် ခဏ္ဍဟာလပုဏ္ဏားတို့ လွန်စွာကြောက်ရွံ့သဖြင့် မင်းသား၊ မင်းသမီး တို့မှစ၍ အားလုံးသော သူတို့ကို အနှောင်အဖွဲ့မှ လွှတ်စေလေသည်**

## ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များအတွက် ဆွမ်းဆန်တော်၊ ပဲ၊ ဆီများ လှူဒါန်း

ကျိုင်းတုံ ဩဂုတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ဆွမ်းကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် ဆွမ်းဆန်တော်၊ ပဲ၊ ဆီများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များနှင့် " ဝ " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့များရှိ ဆွမ်းကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ဘုန်း တော်ကြီးသင်ပညာရေးကျောင်းများ စုစုပေါင်း ၉ ကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ငွေကျပ် ၆၈၈၁၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်တော်၊ ပဲ၊ ဆီများကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့ ဗဟိုသာသနာပြုဌာန ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြဝတီမြို့၌ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်အား ဆွမ်း၊ ခဲဖွယ်များ လှူဒါန်း

မြဝတီ ဩဂုတ် ၇

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် Stay at Home ကာလ၌ ဆွမ်း/ ကွမ်းလှူဒါန်းရန် လိုအပ်သော ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်အား နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြဝတီမြို့နယ်ဖွံ့ဖြိုး မှုကြီးကြပ်ရေးရုံးမှ ယမန်နေ့က သွားရောက်လှူဒါန်းသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြဝတီမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးဇင်ဝင်းနှင့် ဝန်ထမ်းများက မြဝတီမြို့ရှိ တောင်တန်းသာသနာပြု ကျောင်းတိုက်အတွက် ဆန် ၁၀ အိတ်၊ ပဲ ၁၅.၅၀ ပိဿာ၊ ဆီ ၈ ပိဿာနှင့် အေးမြတ်သိင်္ဂီသီလရှင် စာသင်တိုက်အတွက် ဆန် ၁၀ အိတ်၊ ပဲ ပိဿာ ၂၀၊ ဆီ ၁၀ ပိဿာ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၀၆၅၀၀ ကို ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်**
**(ပြန်/ဆက်)**

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း**

# သုဘာသိတာစ ယာဝါစာ

## စကားကို ကောင်းစွာ ဆိုတတ်ခြင်း၊ စကားကို ကောင်းစွာ ပြောတတ်ခြင်းသည် မင်္ဂလာမည်၏။

**ကျော်ကျော်လှိုင်**

စကားကိုကောင်းစွာဆိုတတ်ခြင်း၊ စကားကို ကောင်းစွာပြောတတ်ခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်စွာဘုရားကဟောပါသည်။ စကားကိုကောင်းစွာဆိုတတ်ခြင်းဟု ဆိုလျှင် စကားပြောသည့်အခါ ချိုချိုသာသာပြောခြင်းက စရပါမည်။ လေ့လာတွေ့ရှိချက်များအရ လူတစ်ဦးနှင့်တစ်ဦးကြား အခန့်မသင့်ဖြစ်မှုများ၏ ၈၅ရာခိုင်နှုန်းသည် လေသံကြောင့်ဖြစ်ပါသည်။ အထူးသဖြင့် လင်နှင့်မယားကြားတွင် လေသံကြောင့် အဆင်မပြေမှုများ ဖြစ်ရလေ့ရှိပါသည်။ စကားပြောဆိုသည့်အခါ တစ်ဖက်သား နားဝင်အောင် ချိုချိုသာသာ ပြောတတ်ခြင်းသည် စကားကို ကောင်းစွာဆိုတတ်ခြင်း ဖြစ်ပါသည်။

> ✻ **လျှာကို လူမိုက်တွေပိုင်သည့်အခါ လျှာသည် ဓားမဖြစ်လာပါသည်။ ဓားမတစ်ချောင်းသည် လူကို ခုတ်၍ ရသကဲ့သို့ လူမိုက်တို့၏ လျှာသည် အကျိုးပျက်စီးခြင်းကိုသာ ဖြစ်စေပါသည်။ လူလိမ္မာများ၊ ပညာတတ်များ ပိုင်ဆိုင်သည့်အခါ လျှာသည် သံလိုက်နှင့် တူပါသည်။ သံလိုက်သည် သံကို ဆွဲဆောင်သကဲ့သို့ လူလိမ္မာပညာရှိများ ပြောသည့်စကားသည် တစ်ဖက်သားကို ကောင်းရာလုပ်ရန်၊ ကောင်းသည့် အမူအကျင့်များ ကျင့်ရန်၊ ဆွဲဆောင်နိုင်သည့် စကားများ ဖြစ်လာပါသည်**

### မြန်မာစကားပုံများ

မြန်မာစကားပုံတွင် “နှုတ်ချို လျှိုတစ်ပါး”၊ “နှုတ်ကောင်းလျှင် ပြည်စိုး”ဟု ဆိုပါသည်။ နှုတ်ကောင်းလျှင် တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်နိုင်သည်ဟု အဓိပ္ပာယ်ရပါသည်။ တစ်နည်းအားဖြင့် တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သည့် မင်းသည် စကားအပြောအဆိုချိုသာဖို့ လိုပါသည်။ ချိုချိုသာသာ ပြောတတ်ဖို့လိုသလို ယဉ်ယဉ်ကျေးကျေးပြောတတ်ရန်လည်း လိုပါသည်။ ချိုချိုသာသာ ပြောသော်လည်း သားနှင့်အမိ၊ မောင်နှင့်နှမ နားမဝင်နိုင်သည့် စကားမျိုး ပြော၍မရပါ။ နေရာဒေသအလိုက်၊ လူပုဂ္ဂိုလ်အလိုက် ယဉ်ကျေးသည့် စကားကိုပြောတတ်ရပါမည်။ နေရာဒေသကိုလိုက်ပြီး မပြောသင့်သည့် စကားများ ရှိပါသည်။ အထူးသဖြင့် မိမိ မရောက်ဖူးသော ဒေသများသို့ ရောက်သည့်အခါ ဒေသခံများ၏ အပြောအဆို၊ ယဉ်ကျေးမှုများကို လေ့လာသင့်ပါသည်။

“နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ” အဆိုကလည်း စကားပြောဆိုရာတွင် သတိထားရမည့် အချက်ကို ညွှန်ပြပါသည်။ နှုတ်ဆိုသည်မှာ လျှာဖြစ်ပါသည်။ လျှာမရှိလျှင် စကားပြော၍မရပါ။ သို့သော် လျှာကို မထိန်းနိုင်လျှင် ဝိရောဓိဖြစ်ပါမည်။ ဝိရောဓိမှ ပဋိပက္ခဖြစ်မည်။ ပဋိပက္ခဖြစ်ရာမှ နောက်ဆုံးစိတ်လိုက်မာန်ပါပြုမူခြင်းကြောင့် အသက်ပါ ဆုံးရှုံးနိုင်ပါသည်။ လျှာကို လူမိုက်တွေပိုင်သည့်အခါ လျှာသည် ဓားမဖြစ်လာပါသည်။ ဓားမတစ်ချောင်းသည် လူကိုခုတ်၍ ရသကဲ့သို့ လူမိုက်တို့၏ လျှာသည် အကျိုးပျက်စီးခြင်းကိုသာ ဖြစ်စေပါသည်။ လူလိမ္မာများ၊ ပညာတတ်များ ပိုင်ဆိုင်သည့်အခါ လျှာသည် သံလိုက်နှင့် တူပါသည်။ သံလိုက်သည် သံကို ဆွဲဆောင်သကဲ့သို့ လူလိမ္မာပညာရှိများ ပြောသည့် စကားသည် တစ်ဖက်သားကို ကောင်းရာလုပ်ရန်၊ ကောင်းသည့် အမူအကျင့်များ ကျင့်ရန်၊ ဆွဲဆောင်နိုင်သည့် စကားများ ဖြစ်လာပါသည်။

ပညာရှိ လူလိမ္မာများသည် စကားပြောရာတွင် မိမိလျှာကိုထိန်းကာ ဆင်ခြင်ကြပါသည်။ စကား အပြောအဆို ဆင်ခြင်ခြင်းသည် စကားပြောကောင်းခြင်းပင်ဖြစ်သည်။ “စကားခြောက်ခွန်း လူတွင်ထွန်း၊ ရှောင်ခွာ နှစ်ခွန်းသာ” ဟု စကားကြီးခြောက်ခွန်းတွင် နှစ်ခွန်းသာ ပြောအပ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရား ဟောခဲ့ပါသည်။

### စကားကြီး ခြောက်ခွန်း

**၁။ ဟုတ်မှန်၍ အကျိုးရှိပြီး တစ်ဖက်သားက ကြိုက်သောစကား။**

ဥပမာပေးရလျှင်- လူတစ်ယောက် ကောင်းတာလုပ်လျှင် ချီးမွမ်းသည့်စကား ဖြစ်ပါသည်။ ချီးမွမ်းခြင်းသည် လူတစ်ယောက်ကို တန်ဖိုးတင်ပေးခြင်းဖြစ်၍ ပြောသင့်သောစကား ဖြစ်ပါသည်။ တစ်ဖက်သားကလည်း ကြိုက်နှစ်သက်ပါသည်။

**၂။ ဟုတ်မှန် အကျိုးရှိပြီး တစ်ဖက်သား မကြိုက်သောစကား။**

ဥပမာပေးရလျှင်- အရက်သောက်လျှင် ဒုက္ခရောက်မည်။ ရောဂါဖြစ်မည်။ တစ်နေ့မှာ အသက်တောင် အန္တရာယ်ပေးနိုင်သည်ဟု ပြောလျှင် မှန်သောစကား၊ အကျိုးရှိသော စကားဖြစ်သော်လည်း အရက်သမားက ကြိုက်မည်မဟုတ်။ သို့သော် ပြောသင့်သည့် စကားဖြစ်ပါသည်။

**၃။ ဟုတ်မှန်၏၊ အကျိုးမရှိ၊ တစ်ဖက်သားလည်း မကြိုက်သောစကား။**

ဥပမာပေးရလျှင်- ပုံပျက်ပန်းပျက်ဝနေသူတစ်ယောက်ကို “ဝလိုက်တာ၊ ပုံပျက်ပန်းပျက်ကြီးပါလား” ဟု ဆိုလျှင် အပြောခံရသူက ကြိုက်မည်မဟုတ်ပါ။ မှန်သော်လည်း အကျိုးမရှိ တစ်ဖက်သား မကြိုက်သည့်စကားဖြစ်ပါသည်။

**၄။ ဟုတ်မှန်၏ အကျိုးမရှိ၊ တစ်ဖက်သားကြိုက်သောစကား။**

ဥပမာပေးရလျှင် - အတင်းပြောခြင်း ဖြစ်ပါသည်။ မကောင်းသော သတင်းသည် အမှန် ဖြစ်သော်လည်း အကျိုးမရှိ၍ မပြောသင့်ပါ။ မိမိနှင့် အတင်းပြောသူကတော့ ကြိုက်နှစ်သက်မည် ဖြစ်သော်လည်း မပြောသင့်သည့် စကားဖြစ်ပါသည်။

**၅။ မဟုတ် မမှန်၊ အကျိုးမရှိ၊ တစ်ဖက်သားကြိုက်သောစကား။**

မဟုတ်မမှန်သော စကားကို မည်သည့်အခါမှ မပြောသင့်ပါ။

**၆။ မဟုတ်မမှန်၊ အကျိုးလည်း မရှိ၊ တစ်ဖက်သား မကြိုက်သောစကား။**

မဟုတ်မမှန်သောစကားကို မည်သည့်အခါမှ မပြောသင့်ပါ။

အထက်ပါ စကားကြီးခြောက်ခွန်းတွင် ၁ နှင့် ၂ သာ ပြောသင့်သော စကားဖြစ်ပါသည်။

စကားပြောဆိုရာနှင့် ပတ်သက်၍ နောက်အဆိုတစ်ခုက “ချစ်စေလိုလျှင် ခံတွင်းလက်နှစ်သစ်” ဟု ဆိုပါသည်။ လူအများ၏ အချစ်ကို လိုချင်လျှင် ခံတွင်းလက်နှစ်သစ်မှာရှိသည့် လျှာပေါ်တွင် မူတည်ပါသည်။ ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ ချိုချိုသာသာပြောခြင်း၊ ယဉ်ယဉ်ကျေးကျေး ပြောခြင်းဖြင့် လူတွေ၏ အချစ်ကို ရပါမည်။ လူတွေ၏ အချစ်က မြင်ရန် အခွင့်အလမ်းများပါသည်။ လူသည် အတ္တကြီးပါသည်။ မိမိချစ်ခင် ကူညီရန် အဆင့်သင့်ရှိသော်လည်း မိမိမချစ်ခင် မနှစ်သက်သူကို အကူအညီပေးရန် ဝန်လေးကြသည်။

ယဉ်ယဉ်ကျေးကျေး၊ ချိုချိုသာသာ ပြောသော်လည်းပြောသည့်စကားများက “သုဘာ သိတ” ဖြစ်ရပါမည်။ **“လောကရေးရာတွင် အများအကျိုးရှိအောင် နည်းလမ်းညွှန်ပြနိုင်သော အပြောကောင်း အဆိုကောင်း ပုဂ္ဂိုလ်တို့၏ ဟောပြောမှုများသည် သုဘာသိတ ဖြစ်သည်”** ဟု ပရိတ်ကြီး နိဿယသစ် ဆရာတော် အရှင်ဝါသေဋ္ဌက ဆိုခဲ့ပါသည်။ ဓမ္မတရားစကား၊ တရားရှိသောစကား၊ တရားမျှတသောစကား၊ တရားနှင့်ညီသည့် စကားများ ပြောရပါမည်။ ပီယဝါစာ ချစ်ဖွယ်သော စကားများ ပြောရပါမည်။ တရားနှင့်ညီသည့် စကားများ ပြောရပါမည်။ မှန်သော သစ္စာစကားကို ပြောရပါမည်။ ထို့ကြောင့် ကောင်းသည့်စကားဟုဆိုလျှင် သုဘာ သိတ၊ ဓမ္မ၊ သစ္စ၊ ပီယ စကား လေးမျိုးကိုသာ ပြောသင့်ပါသည်။

တစ်ယောက်နှင့် တစ်ယောက် မုန်းစေနိုင်သည့် စကားများ၊ အမုန်းတရားကို ပွားများစေနိုင်သည့် စကားများကို ရှောင်ကြဉ်ရပါမည်။ စကားတစ်ခွန်းကြောင့် အမုန်းတရားများ ပွားနိုင်ပါသည်။ ဖေ့စ်ဘွတ်တွင်လည်း တစ်ဦးနှင့်တစ်ဦး အမုန်းတရားပွားများစေသည့် စကားများဖြင့် တိုက်ခိုက်ကြသည်ကို နေ့စဉ်လိုလို တွေ့နေရပါသည်။ စိတ်ဒေါသဖြစ်အောင်၊ အမုန်းတရားဖြစ်အောင် လူမျိုးရေး၊ ဘာသာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ ရေးကြသည်ကိုလည်း တွေ့နေရပါသည်။ ဗုဒ္ဓဘုရားရှင်က မေတ္တာထားရန်သာ ဟောခဲ့ပါသည်။ တစ်ဖက်သားအပေါ် အမုန်းတရားပွားများခြင်းသည် မင်္ဂလာတရားတော်နှင့် ဗီလာဆန့်ကျင်ပါသည်။ မြန်မာနိုင်ငံကို ချမ်းသာအောင်မြင်ပြီး ကမ္ဘာ့အလယ်တွင် သိက္ခာရှိသည့်နိုင်ငံ ဖြစ်လိုလျှင် ပြည်သူတစ်ယောက်ချင်း၏ စိတ်ဓာတ်များလည်း ပြင်ရန်လိုပါသည်။ ပြည်သူတိုင်းက မိမိနှင့် ကွဲပြားခြားနားသော လူမျိုး၊ ဘာသာ၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများကို လက်ခံတတ်ရန်၊ ချစ်ခြင်း မေတ္တာထားတတ်ရန်၊ နားလည် တန်ဖိုးထားတတ်ရန် လိုပါသည်။

**သုဘာသိတဖြစ်စေမည့် စကား ၅ မျိုးကိုလည်း ဗုဒ္ဓမြတ်စွာဘုရားက ဟောခဲ့ပါသည်။**

၁။ အချိန်အခါ နေရာဒေသနှင့် သင့်သည့်စကားကို ပြောရန်။
၂။ မှန်သောစကားကို ပြောရန်။
၃။ သိမ်မွေ့သော စကားကိုသာ ပြောရန်။
၄။ အကျိုးစီးပွားနှင့် ဆက်စပ်သော စကားကိုသာ ပြောရန်။
၅။ မေတ္တာစိတ်ဖြင့် ပြောရန်။

နောက်ဆုံးအချက်သည် တစ်ဖက်သားအပေါ်မှာ စကားပြောသည့်အခါ မေတ္တာစိတ်ထားပြီး မေတ္တာတရားနှင့် ပြောပါဟု ဆိုပါသည်။ ယနေ့ခေတ်တွင် မိုင်ပေါင်းများစွာကို လှမ်းပြီး ဒုံးပျံနှင့်ပစ်၍ ရပါသည်။ အဖျက်စွမ်းအားကြီးသော အဏုမြူလက်နက်များ ရှိနေပါပြီ။ မည်မျှ အစွမ်းထက်သည့် လက်နက်ဖြစ်ပါစေ မေတ္တာ တရားကိုနိုင်သည့် လက်နက် မရှိသေးပါ။ တစ်ဖက်သားအပေါ် ပြောသည့်အခါတိုင်း မေတ္တာထားပြီး မှန်သည့် စကားကို ပြောပါသည်။ စကားပြောသည့် အခါတွင် ချိုသာပါမည်။ အကျိုးစီးပွား ဖြစ်သည့် စကားကို ပြောပါသည်။

ညောင်ပင်သာ ဦးပုညရေးခဲ့သည့် “တံတားအို မှောင်ခို မလျှောက်နှင့်၊ စကားဆို တောင်လိုမမောက်နှင့်၊ တံတားအို မှောင်ခိုလျှောက်တော့ ကျိုးတတ်သည်။ စကားကို တောင်လို မောက်တော့ ကြွားတတ်သည်” ဆိုသည့် အဆိုအရလည်း စကားပြောသည့်အခါ တစ်ဖက်သား မခံမရပ်နိုင်အောင် ကြွားဝါပြီး မောက်မောက်မာမာ မပြောသင့်ကြောင်း ရှင်းလင်းပြပါသည်။

နိဂုံးချုပ်အနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ စကားကိုကောင်းစွာဆိုခြင်း၊ စကားကို ကောင်းစွာ ပြောခြင်းဖြင့် ချမ်းသာအောင်မြင်မှုကို ရရှိနိုင်ပါမည်။

### “မှတ်သားစရာ”

မှန်သောစကား၊ အကျိုးရှိသောစကား၊ တရားနှင့် ယှဉ်သောစကားကို ချိုချိုသာသာ၊ ယဉ်ယဉ်ကျေးကျေး ပြောရပါမည်။

**ကျမ်းကိုး**

၁။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်သြဘာသ ဘိဝံသ မထေရ်မြတ်။
၂။ မြန်မာစကားပုံ။ မြန်မာစာအဖွဲ့ ဦးစီးဌာန။
၃။ မေတ္တာသုတ်။ ဦးသုခ။

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# နှာခေါင်းစည်းနှစ်ထပ်တပ်ခြင်း ကောင်းကျိုး

*— တင်ထက်ထက်ဇော် —*

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့နိုင်ငံအသီးသီး၏ ကူးစက်ပျံ့နှံ့တတ်သော ကျန်းမာရေးပြဿနာများအပေါ် အဆင့်သတ်မှတ်ရာတွင် အောက်ပါအတိုင်း အဆင့် (၆) ဆင့် သတ်မှတ်ထားပါသည်။

- တိရစ္ဆာန်များတွင်သာ ကူးစက်တတ်သော အခြေအနေ အပျော့၊ အပြင်းကို အဆင့် (၁)နှင့် (၂) ဟု သတ်မှတ်သည်။
- လူအချင်းချင်းကူးစက်တတ်သော အခြေအနေကို အဆင့် (၃) ဟု သတ်မှတ်သည်။
- အစုလိုက်အပြုံလိုက် ကပ်အသွင်ဖြစ်ပွားသော အခြေအနေကို အဆင့် (၄) ဟု သတ်မှတ်သည်။
- တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးစက်တတ်သော အခြေအနေကို အဆင့် (၅) ဟု သတ်မှတ်သည်။
- တစ်ကမ္ဘာလုံး ကူးစက်တတ်သော အခြေအနေကို အဆင့် (၆) ဟု သတ်မှတ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တစ်ကမ္ဘာလုံးကို ပတ်မွှေလာခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ဖြစ်စေသည့် ဘုံရန်သူ ကိုရိုနာဗိုင်းရပ်စ်ပိုးသည် ဆက်လက်အားကောင်းလျက်ရှိကာ ကမ္ဘာ့လူသားများ၏ အသက်ဘေးအန္တရာယ်ကို ခြောက်လှန့်နေဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ် ၅ ရက်အထိ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူ ၄၂၇၄၂၅၄ ဦးရှိနေပြီး နေ့စဉ် အသစ်ဖြစ်ပွားသူများနှင့် သေဆုံးမှုများသည် ကမ္ဘာတစ်ဝန်းလုံး ခြုံငုံကြည့်လျှင် စတုတ္ထလှိုင်းအသွင် မြင့်တက်လာလျက်ရှိကြောင်း ပညာရှင်များက သတိပေးထားသည်။ အာဆီယံနိုင်ငံများ၌ ကိုဗစ်-၁၉ အခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ပဉ္စမအဆင့်တွင် ရှိနေကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးနှင့် တတိယလှိုင်းကို ကျော်လွှားနိုင်ရေးတို့အတွက် ပြည်သူများအားလုံး ကိုဗစ်-၁၉ စည်းကမ်းချက်များကို ထိထိရောက်ရောက် လိုက်နာဖို့လိုအပ်သည်။

**ကိုဗစ်-၁၉ ကူးစက်နိုင်ခြေ လွန်စွာနည်း**

နှာခေါင်းစည်းတပ်ဆင်ခြင်းသည် နှာခေါင်းစည်း လုံးဝမတပ်ဆင်ခြင်းထက် ကိုဗစ်-၁၉ ကူးစက်မှုမှ ကာကွယ်ပေးနိုင်ကြောင်းကို ကမ္ဘာ့လူသားအားလုံး သိရှိနားလည်ပြီးဖြစ်သည်။ ထို့ပြင် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ပါက ရောဂါကာကွယ်ရေးအတွက် ပိုမိုထိရောက်ကြောင်းကိုလည်း သဘောပေါက်နားလည်ထားပြီး ဖြစ်ကြသည်။ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းအပေါ်တွင် အဝတ်နှာခေါင်းစည်းကို တပ်ဆင်ထားပါက ကိုဗစ်-၁၉ ကူးစက်မှုမှ ကာကွယ်နိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်မှုနှင့် ကာကွယ်ရေးဗဟိုဌာန(CDC) က ပြေီလမကုန်ခင်ပြုလုပ်ခဲ့သည့် လေ့လာမှုများအရ သိရသည်။ စမ်းသပ်ခန်းတွင်း လေ့လာမှုများအရ ယင်းကဲ့သို့ နှာခေါင်းစည်းနှစ်ထပ်တပ်ဆင်ထားခြင်းကြောင့် ကိုဗစ်-၁၉ ကူးစက်မှုမှ ရာခိုင်နှုန်း ၉၀ အထိ ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်ဟု CDC ပညာရှင်များက ပြောဆိုခဲ့သည်။ နှာချေ၊ ချောင်းဆိုးရာမှ ထွက်လာသည့် အမှုန်များနှင့်အတူ ပါလာသည့် ကိုရိုနာဗိုင်းရပ်စ်မှ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းသည် ၄၂ ဒသမ သုည ရာခိုင်နှုန်း ကာကွယ်ပေးပြီး အဝတ်နှာခေါင်းစည်းသည် ၄၄ ဒသမ ၃ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ကြောင်းနှင့် ယင်းနှာခေါင်းစည်းနှစ်ခုကို ထပ်ပြီးတပ်ပါက ၉၂ ဒသမ ၅ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း လေ့လာမှုအရ သိရသည်။ အသက်ရှူထုတ် (သို့မဟုတ်) ချောင်းဆိုးသူသည် နှာခေါင်းစည်း နှစ်ထပ်တပ်ထားပါက ၎င်းမှတစ်ဆင့် အခြားသူ(ဒုတိယလူ) သို့ ကူးစက်နိုင်ခြေသည် ၈၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ယင်းပုဂ္ဂိုလ် (ဒုတိယလူ)သည် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတစ်ခု တပ်ထားပါက ၎င်းမှတစ်ဆင့် တခြားသူ(တတိယလူ)သို့ ကူးစက်နိုင်ခြေသည် ၆၂ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း CDC ၏ လေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။ အသက်ရှူထုတ်သူနှင့် ၎င်း၏ အနီး၌ရှိနေသူ နှစ်ဦးစလုံးသည် နှာခေါင်းစည်း နှစ်ထပ်တပ်ထားပါက ကူးစက်နိုင်ခြေကို ၉၅ ဒသမ ၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း လေ့လာမှုအရ သိရသည်။

**ကောင်းကျိုးနှစ်ချက်**

နိုင်ငံတိုင်းတွင် နှာခေါင်းစည်း အမျိုးအစား သုံးမျိုး ရှိပါသည်။ ၎င်းတို့မှာ အဝတ်နှာခေါင်းစည်း၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများနှင့် N-95 တို့ဖြစ်ကြသည်။ နှာခေါင်းစည်းနှစ်ထပ်တပ်ခြင်းအတွက် အောက်ပါကောင်းကျိုးနှစ်ချက်ကို ရနိုင်သည်။

- နှာခေါင်းစည်းနှစ်ထပ် တပ်လိုက်သည့်အတွက် ဝင်ပေါက်(ယိုစိမ့်ဝင်အပေါက်) လေဟာနယ် လုံးဝမရှိတော့ဘဲ မျက်နှာနှင့် နှာခေါင်းစည်း အံဝင်ခွင်ကျ ဖြစ်သွားသည်။
- နှာခေါင်းစည်း နှစ်ထပ်တပ်လိုက်သည့်အတွက် ရောဂါပိုးမွှားများကို စစ်ထုတ်နိုင်စွမ်းပိုများသည်။

သတိပြုရမည့်အချက်မှာ အဝတ်နှာခေါင်းစည်းအချင်းချင်း၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းအချင်းချင်း၊ N -95 အချင်းချင်း စသည်ဖြင့် အမျိုးအစားတူ နှာခေါင်းစည်းနှစ်ထပ်မတပ်ရ။ ကာကွယ်ရာမရောက်ဘဲ ဘေးအန္တရာယ်သာ ဖြစ်စေပါမည်။ မှန်ကန်သော သုံးစွဲနည်းမှာ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကို ဦးစွာတပ်ပြီးမှသာ အပေါ်က အဝတ်နှာခေါင်းစည်းကို တပ်ရမည်။ N- 95 ၏ သဘောသဘာဝအရ ၎င်းနှာခေါင်းစည်းကို အခြားမည်သည့်နှာခေါင်းစည်းနှင့်မျှ ရောတပ်၍မရပါ၊ သူ့ချည်းတစ်ထပ်တည်းသာ တပ်ရပါမည်။

လေ့လာမှုမှတ်တမ်းများအရ ယနေ့ထိ WHO က နှာခေါင်းစည်းနှစ်ထပ်တပ်ရန် အသိပေးထားခြင်း မရှိသေးပေ။ သို့သော် CDC ၏ စေ့ဆော်ချက်အရ အမေရိကန်၊ ဗြိတိန်အပါအဝင် အခြားနိုင်ငံတော်တော်များများ၌ နှာခေါင်းစည်းနှစ်ထပ်တပ်ဆင်ခြင်းကို ဖေြီလမတိုင်မီကတည်းက လေ့လာတွေ့မြင်ရပါသည်။ နှာခေါင်းစည်းနှစ်ထပ်တပ်လေ့မရှိသေးပါက အပြင်မထွက်ခင် အိမ်မှာ စမ်း၍တပ်ကြည့်ပါ၊ "အသက်ရှူရကောင်းရဲ့လား၊ အလွန်အားစိုက် ရှူရှိုက်နေရသလား"။ ဈေးဝယ်ထွက်ခြင်း၊ လူအများနှင့် ထိတွေ့ရမည့်နေရာ၊ လေယာဉ်၊ ရထား၊ ကားများဖြင့် သွားရမည့်ကိစ္စစသည့်နေရာများအတွက် နှာခေါင်းစည်းနှစ်ထပ်ကို မဖြစ်မနေ တပ်ဆင်သွားသင့်ပါသည်။

**ကျန်းမာရေးနှင့်ညီညွတ်သောနှာခေါင်းစည်း**

ကိုရိုနာဗိုင်းရပ်စ်ပိုးကို ခုခံကာကွယ်သည့်အနေဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ၎င်းပိုးများ မဝင်စေရန် ကမ္ဘာ့လူသားများ နှာခေါင်းစည်းကို မဖြစ်မနေတပ်ကြရသည်။ ကမ္ဘာ့နိုင်ငံအများစုမှာ အိမ်ပြင်ထွက်သည့်အခါ နှာခေါင်းစည်းမတပ်သူကို အပြစ်ပေးဒဏ်တပ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင်လည်း တာဝန်ရှိသူ ရဲတပ်သားတစ်ဦးက ကြိမ်လုံးကိုင်ထားပြီး လမ်းပေါ်တွင် နှာခေါင်းစည်းမတပ်သူအား ၎င်းကြိမ်လုံးဖြင့် တရားဝင်ရိုက်ခွင့် ပြုထားသည်။ နှာခေါင်းစည်းအမျိုးမျိုးရှိသည့်အနက် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းကို ဦးစားပေးတပ်ဆင်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က သတိပေးထားသည်။ နှာခေါင်းစည်း လိုအပ်ချက် မြင့်မားလာသည်နှင့်အမျှ ဈေးကွက်ထဲတွင် အရည်အသွေးနိမ့်နှာခေါင်းစည်းများ ရောင်းချနေခြင်းကို တားမြစ်သင့်ကြောင်း WHO က နှိုးဆော်ထားသည်။ ကျန်းမာရေးနှင့်ညီညွတ်သော နှာခေါင်းစည်း အတု၊ အစစ် စမ်းသပ်နည်းကို ယခုလို အကြံပြုထားသည်။

ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတွင် အလွှာသုံးလွှာပါရှိပြီး အပြင်ဘက်ဆုံးအလွှာကို ရေစိမ့်မဝင်နိုင်သော (ရက်ချည်မဟုတ်သော) အသားဖြင့် လုပ်ထားသည်။ ၎င်းအလွှာပေါ်ကို ရေအနည်းငယ် လောင်းကြည့်ပါ။ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ၎င်းအလွှာတွင် ရေစိမ့်ဝင်မှုမရှိ ဖြစ်ရပါမည်။ အလယ်ကအလွှာကို အဖြူရောင်အသားဖြင့် ချုပ်ထားပြီး ဗိုင်းရပ်စ်များ ရှေ့ဆက်မသွားဘဲ ကပ်ငြိစေဖို့ melt-blown အသားကို သုံးထားခြင်းဖြစ်သည်။ ၎င်းအဖြူရောင်အလွှာကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်ပါ။ အလင်းမပေါက်ပါက အရည်အသွေးပြည့်မီပါသည်။ အတွင်းဘက်ဆုံးအလွှာက စုပ်ယူမှုအားကောင်းသော (ရက်ချည်မဟုတ်သော) အသားဖြစ်ပြီး မိမိနှာခေါင်းနှင့်ပါးစပ်တို့မှ ထွက်ရှိသောအရည်များကို ၎င်းအလွှာက စုပ်ယူပေးထားသည်။

*စာမျက်နှာ ၂၄ သို့*




**❊ သတိပြုရမည့်အချက်မှာ အဝတ်နှာခေါင်းစည်း အချင်းချင်း၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အချင်းချင်း၊ N -95 အချင်းချင်း စသည်ဖြင့် အမျိုးအစားတူ နှာခေါင်းစည်း နှစ်ထပ်မတပ်ရ။ ကာကွယ်ရာမရောက်ဘဲ ဘေးအန္တရာယ်သာ ဖြစ်စေပါမည်**

**❊ မှန်ကန်သော သုံးစွဲနည်းမှာ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းကို ဦးစွာတပ်ပြီးမှသာ အပေါ်က အဝတ်နှာခေါင်းစည်းကို တပ်ရမည်**

# အရိပ်သဖွယ် ခြိမ်းခြောက်အရှိန်ယူနေတဲ့ အကြမ်းဖက်ကပ်ဆိုးအန္တရာယ်

မြင့်မြတ်

**အနှစ် ၂၀ လောက် အမေရိကန်အထောက်အပံ့နဲ့ အကာအကွယ်ကို နှစ်ရှည်လများ ရယူထားခဲ့တဲ့၊ အာဖဂန်နစ္စတန်အစိုးရအဖို့တော့ နိုင်ငံခြားတပ်တွေမရှိတော့တဲ့၊ လစ်ဟာသွားတဲ့ကွက်လပ်ကို ဖြည့်ဆည်းပြီး တစ်ဦးတည်းရပ်တည်ဖို့ဆိုတာ လုံးဝမလွယ်တော့တဲ့ အခြေအနေကို ရောက်နေပါပြီ။**

> ✻ **အကြမ်းဖက်မှုဟာ ဘယ်မှာမဆို ပုံစံအမျိုးမျိုးနဲ့ ရှိလာနိုင်တယ်ဆိုတာ တွက်ထားရပါမယ်။ ယနေ့ခေတ်မှာ မဖြစ်နိုင်လောက်ဘူးဆိုတဲ့ လျှော့တွက်ရမယ့်အခြေအနေ တစ်ခုမှမရှိတော့ပါဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူက အကြမ်းဖက်သမားလဲ မသိနိုင်ပါဘူး။ အကြမ်းဖက်တိုက်ခိုက်ခံရမှုဟာ စာသင်ကျောင်းမှာလည်း ဖြစ်နိုင်တယ်။ ဘာသာရေးအခမ်းအနားမှာလည်း ဖြစ်နိုင်တယ်။ ကာကွယ်ဆေးထိုးရင်း၊ ဆေးကုသရင်း၊ ပရဟိတလုပ်နေရင်းလည်း ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားမဆန်တဲ့အကြမ်းဖက်မှု ကျူးလွန်ပြီဆိုမှ အကြင်နာကင်းမဲ့လို့ ကျူးလွန်ကြတာပဲ ဖြစ်ပါတယ်**

အမေရိကန်တပ်တွေ ဆုတ်ခွာပြီးနောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံအခြေအနေဟာ ဆိုးရွားလာပါတယ်။ ထိုးစစ်ဆင်နွှဲနေတဲ့ တာလီဘန်တွေကြောင့် နိုင်ငံနယ်မြေများစွာ တာလီဘန်လက်အောက်ရောက်ကုန်ပြီး အပြစ်မဲ့အရပ်သား သေဆုံးထိခိုက်မှုတွေလည်း များလာနေပါတယ်။ စာသင်ကျောင်းတွေ ဗုံးခွဲခံရပြီး ကျောင်းသားတွေနဲ့ ကလေးသူငယ်တွေသေတာလည်း တွေ့နေရပါတယ်။ ကဘူးလ်ကကုလသမဂ္ဂရုံးတောင် တိုက်ခိုက်ခံရတဲ့အနေအထားတစ်ခုဟာ အတော်ဆိုးရွားတဲ့အခြေအနေတစ်ခုကို ပြနေပါတယ်။

အဓိကကတော့ နိုင်ငံတွေမှာ ပြည်တွင်းပဋိပက္ခနဲ့ မငြိမ်သက်မှုတွေကြောင့် ပြည်တွင်းစစ်ကနေ ဒေသတွင်းနဲ့ နိုင်ငံတကာအကြမ်းဖက်တိုက်ခိုက်မှုတွေအထိ ဖြစ်သွားနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ တိုးလာနေတယ်ဆိုတဲ့အချက်နဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုဟာ လူသားတစ်ရပ်လုံးအတွက် အန္တရာယ်ကြီးတစ်ရပ်ဖြစ်တယ်ဆိုတာ ထောက်ပြချင်တာပဲ ဖြစ်ပါတယ်။

### ပဋိပက္ခနဲ့ လျှော့တွက်လို့မရတဲ့ တစ်ကျော့ပြန်အကြမ်းဖက်အန္တရာယ်

ယခုမျက်မှောက် အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ အာဖဂန်နစ္စတန်နိုင်ငံသာမကပါဘူး၊ ထိုင်း၊ မြန်မာ စတဲ့နိုင်ငံတွေမှာလည်း ပုံစံမျိုးစုံနဲ့ ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ ဆိုချင်တာက ပဋိပက္ခနဲ့ အကြမ်းဖက်မှုဟာ ဆက်နွှယ်နေတာကြောင့် တစ်ကျော့ပြန်လာနိုင်တဲ့ အကြမ်းဖက်အန္တရာယ်ကို လျှော့တွက်လို့မရပါဘူး ဆိုတာပါပဲ။

အမေရိကန်ကို အားကိုးခဲ့တဲ့ အာဖဂန်အစိုးရအနေနဲ့ သူတစ်ဦးတည်း အကြမ်းဖက်မှုကို ချုပ်ငြိမ်းအောင်လုပ်ဖို့ဆိုတာ လုံးဝမလွယ်ပါဘူး။ အမေရိကန်တပ်တွေ အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲ war on terror ခေါင်းစဉ်နဲ့ အာဖဂန်နိုင်ငံထဲကို ကျူးကျော်သိမ်းပိုက်ပြီးကတည်းက နိုင်ငံအနှံ့အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ယခုအချိန်အထိ အတောမသတ်သေးပါဘူး။ နိုင်ငံအလိုက် အကြမ်းဖက်ဖြစ်ပွားမှုအခြေအနေကိုပြတဲ့ ကမ္ဘာ့အကြမ်းဖက်မှုညွှန်းကိန်း Global Terrorism Index အရလည်း လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကို အထူးရှေ့တန်းတင်တဲ့ အမေရိကန်ရဲ့ အထောက်အပံ့ရှိနေတာတောင် အာဖဂန်နစ္စတန်ဟာ ကမ္ဘာပေါ်မှာ အကြမ်းဖက်မှုအမြင့်ဆုံးဖြစ်ကြောင်းကို ပြသနေပါတယ်။

အမေရိကန်တပ်တွေ ဆုတ်ခွာသွားပြီး နောက်ဆက်တွဲအနေနဲ့ ကမ္ဘာမှာအကြမ်းဖက်အန္တရာယ်တွေ ပြန်ပြီးခေါင်းထောင်လာလေမလားဆိုပြီး မြန်မာ့နိုင်ငံရေးဖြစ်စဉ်ရဲ့ သက်ရောက်မှုတွေကို တိုက်ရိုက်ခံစားနေရတဲ့ မြန်မာပြည်သူတွေအပါအဝင် ကမ္ဘာ့ပြည်သူတွေရဲ့ စိုးရိမ်ရေမှတ်ဟာ ယခုအချိန်မှာ ပြန်လည်မြင့်တက်လျက်ရှိနေပါတယ်။

### မတူကွဲပြားမှုမှ ဖြစ်တည်လာသော အကြမ်းဖက်သဘောသဘာဝ

ဒါကြောင့်လည်း အကြမ်းဖက်မှု terrorism နဲ့ အကြမ်းဖက်သမား terrorist ဆိုတဲ့အဓိပ္ပာယ်ရဲ့ သဘောသဘာဝကို အနည်းငယ်စောကြောလေ့လာကြည့်မိပါတယ်။ terrorism ဆိုတဲ့ ဝေါဟာရဟာ ၁၈ ရာစုနှောင်းပိုင်း ပြင်သစ်တော်လှန်ရေးမတိုင်ခင် ၁၇၉၄ ခုနှစ်ကတည်းက ပြင်သစ်ဒဿနိကပညာရှင်တစ်ဦးက စတင်သုံးစွဲခဲ့ပြီး လက်တင်ဝေါဟာရက ဆင်းသက်လာတာလို့ သိရပါတယ်။

အကြမ်းဖက်ခြင်းဆိုတဲ့အဓိပ္ပာယ်မှာကိုက terror, terrible "ကြောက်လန့်ခြင်း၊ အထိတ်တလန့်ဖြစ်ခြင်း၊ မျက်ဖြူဆိုက်ခြင်း" စတဲ့သဘောသဘာဝတွေ ပါဝင်နေတာ တွေ့ရပါလိမ့်မယ်။ ကြောက်ရွံ့ထိတ်လန့်သွားအောင် ပြုမူလိုက်တဲ့ အပြုအမူတစ်ခု၊ ဝါဒတစ်ခုပါပဲ။ အဓိပ္ပာယ်ဖွင့်ဆိုပုံတွေကလည်း အမျိုးမျိုးပါ။ သမိုင်းမှာမတူကွဲပြားတဲ့ နိုင်ငံရေးမူဝါဒနဲ့ လက်ဝဲစွန်း၊ လက်ယာစွန်းကိုအခြေခံပြီး အကြမ်းဖက်ဝါဒတွေ ထွန်းကားလာခဲ့တယ်။ ဘာသာရေးယုံကြည်မှုကို အခြေခံဖြစ်တည်ခဲ့ကြတယ်။ အမျိုးသားရေးကို အခြေခံပြီး အမျိုးသားရေးအစွန်းရောက်တွေရဲ့ လက်ကိုင်မူဝါဒဖြစ်လာတယ်။

အချို့တော်လှန်ရေးသမားတွေရဲ့ အကြမ်းဖက်လုပ်နည်းကိုင်နည်းတွေ ဖြစ်လာတယ်။ တချို့အစိုးရတွေကိုယ်တိုင်ပင် အကြမ်းဖက်မှုဝါဒကို ကိုင်စွဲသုံးစွဲကြတယ်လို့လည်း ဆိုပါတယ်။ အခြေခံအကြောင်းတရားနဲ့ ရည်ရွယ်ချက်အပေါ်မူတည်ပြီး ကိုယ်လိုရာဆွဲ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြတဲ့အတွက် ၂၀၀၆ ခုနှစ်အထိကို အကြမ်းဖက်မှုနဲ့ဆိုင်တဲ့ အဓိပ္ပာယ်ပေါင်း ၁၀၉ ခုကျော်အထိ ရှိခဲ့တယ်လို့ သိရပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုမှုပိုင်းကို လွှမ်းခြုံလေ့လာလိုက်ရင် အားလုံးလက်ခံတဲ့ အစိတ်အပိုင်းတွေက အပြစ်မဲ့သူတွေကို၊ လက်နက်မကိုင်ထားတဲ့သူတွေကို အဓိကပစ်မှတ်ထားကာ တည်ဆဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ဆန့်ကျင်ပြီး တရားမျှတမှုကင်းမဲ့စွာနဲ့ သတ်ဖြတ်တာ၊ ထိခိုက်ဒဏ်ရာရအောင် ကျူးလွန်တာ၊ အကျပ်ကိုင်ခြိမ်းခြောက်တာ စတဲ့ဘယ်လိုဥပဒေမဲ့ အပြုအမူမျိုးမဆို အကျုံးဝင်ပါဝင်ပတ်သက်နေတာ တွေ့ရပါတယ်။

### အကြောင်းတရားအမျိုးမျိုးနှင့် အစွန်းရောက်ခြင်းက အဓိကအရင်းခံ

အကြမ်းဖက်မှုတွေဟာ များသောအားဖြင့် သေသေချာချာကြိုတင်စီမံထားပြီးမှ လုပ်ဆောင်ကြတာများပါတယ်။ အင်အားသုံးပြီး နိုင်ငံတစ်နိုင်ငံကို အနိုင်အထက်ပြုကျင့်မှုတွေအထိ ပါဝင်တယ်။ အကြောင်းတရားတွေကတော့ အမျိုးမျိုးပဲပေါ့။ နိုင်ငံရေး၊ ဝါဒရေး၊ အယူအဆ၊ ခံယူချက်ကွဲပြားမှု၊ ဘာသာရေး၊ လူမျိုးရေး၊ လူမှုရေးမညီမျှမှုနဲ့ မူးယစ်ဆေးဝါး၊ စီးပွားရေးနဲ့ ဆင်းရဲချမ်းသာကွာဟမှု စသည်ဖြင့်အမျိုးမျိုးသော အကြောင်းရင်းတွေကို အခြေခံပါလိမ့်မယ်။

**များသောအားဖြင့် မိမိလိုလားတဲ့နိုင်ငံရေးရည်မှန်းချက်တစ်ရပ်အတွက် အကြောက်တရားကို တရားမဲ့သွတ်သွင်းပြီး တိုက်ခိုက်လုပ်ကြံသတ်ဖြတ်ကြတာတွေကို တွေ့ရပါမယ်။ အကြမ်းဖက်မှုဟာ နိုင်ငံရေးကိုအခြေခံပြီး ဖြစ်တယ်ဆိုရင်လည်း နိုင်ငံရေးကို အမြတ်ထုတ်လိုတဲ့ နိုင်ငံရေးအစွန်းရောက်တွေကြောင့်ပဲ ဖြစ်ရတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အကြမ်းဖက်ဝါဒနဲ့ဖြစ်စဉ်တွေကို ကမ္ဘာက ပိုပြီးအာရုံစိုက်လာတာကတော့ ၁၉၇၀ ပြည့်နှစ်အလွန်ကာလတွေမှာပါ။ မြောက်ပိုင်း အိုင်ယာလန်အရေးအခင်းနဲ့ အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခတွေကြောင့် အကြမ်းဖက်ဝါဒကို ကမ္ဘာက အာရုံပြုသွားစေပါတယ်။**

၂၀၀၁ ခုနှစ် အမေရိကန်မှာ စက်တင်ဘာ ၁၁ ရက်က ကမ္ဘာ့ကုန်သွယ်ရေးစင်တာမျှော်စင်ကြီး တိုက်ခိုက်ခံရမှုကြီးဟာဖြင့် ကမ္ဘာကြီးတစ်ခုလုံးအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အကြမ်းဖက်မှုတပ်လှန့်အချက်ပေးမှုတစ်ခုအဖြစ် သတ်မှတ်နိုင်ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ကမ္ဘာနဲ့အဝှမ်း ပူးပေါင်းကိုင်တွယ်ဖြေရှင်းရမယ်ဆိုတဲ့ အိုင်ဒီယာဟာလည်း ၉/၁၁ အကြမ်းဖက်ဖြစ်စဉ်ကြီးနဲ့အတူ စခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

### ငြိမ်းချမ်းရေးကိုခြိမ်းခြောက်သော ကပ်ရောဂါကဲ့သို့ အကြမ်းဖက်ပြဿနာ

ကမ္ဘာရဲ့တစ်နေရာရာမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်ဖြစ်စဉ်တွေရှိလာရင် နိုင်ငံတကာအကြမ်းဖက်ပြဿနာအဖြစ် ရောက်ရှိသွားတတ်ပြီး နိုင်ငံတကာက ဖြေရှင်းရမယ့်အဆင့်ကို ရောက်သွားနိုင်တယ်ဆိုတာကို မီးမောင်းထိုးပြလိုပါတယ်။ အပြစ်မဲ့ပြည်သူတွေများစွာ သေကြေကျကြရတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ကပ်ရောဂါတစ်ခုလိုပါပဲ။ ကမ္ဘာပေါ်မှာ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွေကို လေ့လာလိုက်ရင် လုံခြုံရေး၊ ကာကွယ်ရေး၊ တန်ပြန်ရေးအစီအစဉ်တွေ ဘယ်လောက်ပဲကောင်းအောင် လုပ်ထားလုပ်ထား ပြီးပြည့်စုံပြီး ဘက်ပေါင်းစုံလွှမ်းခြုံစိတ်ချရတဲ့အခြေအနေတစ်ရပ်ကို ရာနှုန်းပြည့်ရောက်ရှိအောင် မလုပ်ထားနိုင်ကြပါဘူး။

အကြမ်းဖက်တိုက်ခိုက်နိုင်မှု စွမ်းပကား အနည်းငယ်လောက် လျှော့နည်းသွားအောင်သာ တတ်နိုင်တာတွေ့ရပါလိမ့်မယ်။ နိုင်ငံတစ်ခုမှာ ဖြစ်နေတဲ့အကြမ်းဖက်မှု ဖြစ်စဉ်တွေကို ထိထိရောက်ရောက် မကာကွယ် မဟန့်တားနိုင်ဘူးဆိုရင် အဲဒီအကြမ်းဖက်ပုံစံတွေဟာ နိုင်ငံတစ်ခုကနေ အခြားနိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုကနေတစ်ခုကို ကူးစက်ရောဂါတစ်ခုပမာ ပျံ့နှံ့သွားပြီး နိုင်ငံတည်ငြိမ်ရေး၊ ဒေသလုံခြုံရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ထိခိုက်နိုင်တယ်ဆိုတာ ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်တွေမှာ သက်သေပြနေဆဲဖြစ်ပါတယ်။

နောက်ပြီး အကြမ်းဖက်မှုတွေနဲ့ အကြမ်းဖက်တန်ပြန်ချေမှုန်းရေးစစ်ပွဲဆိုတာ သူတစ်ပြန် ကိုယ်တစ်ပြန် သံသရာလည်နေတာ ဘယ်တော့မှ ပြီးဆုံးနိုင်တာမရှိဘူး။ အမုန်းနာကြည်းချက် အာဃာတနဲ့ ပဋိပက္ခတွေ မဖြေရှင်းနိုင်သရွေ့ အကြမ်းဖက်သံသရာဆိုတာလည်နေတတ်တဲ့သဘောပါပဲ။ ယနေ့ခေတ် အချို့အကြမ်းဖက်မှုပုံစံတွေဟာ နိုင်ငံတကာဥပဒေတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်သလို ဖြစ်နေတာကိုလည်းတွေ့နေရတယ်။ ဒါဟာ ကမ္ဘာ့ ငြိမ်းချမ်းရေး လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေတာနဲ့ အတူတူပါပဲ။ ဒါကြောင့် အကြမ်းဖက်ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ကိုယ့်ပြည်တွင်းအင်အားနဲ့သာမက ပြည်ပနိုင်ငံတွေနဲ့ပါ ပူးပေါင်း ဆောင်ရွက်ဖြေရှင်းရမှာတွေ ရှိလာနိုင်တယ်။

တချို့နယ်စပ်ဖြတ်ကျော်မှုခင်းတွေဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ဆက်စပ်နေသလို နိုင်ငံတွေရဲ့ ပြောင်းလဲလာတဲ့အမျိုးသားလုံခြုံရေးမဟာဗျူဟာနဲ့ ခံယူချက်တွေကြောင့် အကြမ်းဖက်ပြဿနာဖြေရှင်းရေးမှာ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မယ်ဆိုတာလည်း အထင်အရှားရှိနေပါတယ်။ ကိုယ့်ဘေးပတ်ဝန်းကျင်နဲ့ ဒေသတွင်းမှာ ကပ်ရောဂါပြဿနာတွေ၊ အငတ်ဘေးဒုက္ခတွေ၊ လူဦးရေပေါက်ကွဲမှုတွေ၊ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးအကျပ်အတည်းတွေ ဖြစ်လာပြီဆိုရင် ဒေသတည်ငြိမ်မှုနဲ့ အကြမ်းဖက်မှုတွေရှိလာနိုင်တယ်ဆိုတာ အထူးသတိထားရမှာဖြစ်ပါတယ်။

### အကြမ်းဖက်သမားရဲ့ နည်းဗျူဟာ သိထားရန်လို

**အကြမ်းဖက်မှုဟာ ဘယ်မှာမဆို ပုံစံအမျိုးမျိုးနဲ့ ရှိလာနိုင်တယ်ဆိုတာ တွက်ထားရပါမယ်။ ယနေ့ခေတ်မှာ မဖြစ်နိုင်လောက်ဘူးဆိုတဲ့ လျှော့တွက်ရမယ့်အခြေအနေ တစ်ခုမှမရှိတော့ပါဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူက အကြမ်းဖက်သမားလဲ မသိနိုင်ပါဘူး။ အကြမ်းဖက်တိုက်ခိုက်ခံရမှုဟာ စာသင်ကျောင်းမှာလည်း ဖြစ်နိုင်တယ်။ ဘာသာရေးအခမ်းအနားမှာလည်း ဖြစ်နိုင်တယ်။ ကာကွယ်ဆေးထိုးရင်း၊ ဆေးကုသရင်း၊ ပရဟိတလုပ်နေရင်းလည်း ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားမဆန်တဲ့အကြမ်းဖက်မှု ကျူးလွန်ပြီဆိုမှ အကြင်နာကင်းမဲ့လို့ ကျူးလွန်ကြတာပဲ ဖြစ်ပါတယ်။**

**အခြေအနေအချိန်အခါ အခွင့်အရေးကို အပိုင်ချောင်းပြီး လျှို့ဝှက်ကြံစည်နေတတ်တာဟာ အကြမ်းဖက်သမားတွေရဲ့ ဉာဉ်ပါပဲ။ အကြမ်းဖက်သမားရဲ့ ရည်ရွယ်ချက်ကိုက သူတို့ဟာ ဘက်မညီစစ်ပွဲတစ်ခုကို ဆင်နွှဲနေကြောင်း ပြသလိုနေတာဖြစ်တယ်။ နောင်မှာ ယခုထက်ပိုပြီး ထိခိုက်မှုတွေရှိလာနိုင်ကြောင်း၊ ဒါကြောင့် မိမိတို့လိုလားချက်ကို ဖြည့်ဆည်းပေးရမှာဖြစ်ကြောင်း တောင်းဆိုပြီး ခြိမ်းခြောက်တဲ့လုပ်နည်းလုပ်ဟန်တွေကိုလည်း ပြသချင်နေတာဖြစ်ပါတယ်။**

ဒီလိုနည်းနဲ့ သူတို့ကို ပြည်တွင်းကရော ပြည်ပကပါ အာရုံစိုက်လာအောင် လုပ်တတ်ပါတယ်။ သူတို့ဟာ တော်လှန်ရေးဆိုတဲ့ ခေါင်းစဉ်ပြပြီး အများကပါဝင်လာအောင် ဝါဒဖြန့်ကြတယ်။ တစ်ဖက်က အင်အားအလွန်အကျွံသုံး ဖြိုခွဲလာအောင်စောင့်ပြီး အများရဲ့ကရုဏာသက်မှုရအောင် လှုံ့ဆော်မှုပြုတတ်ကြတယ်။ ဒါတွေဟာ သိရှိထားအပ်တဲ့ အကြမ်းဖက်သမားတွေရဲ့ နည်းဗျူဟာတွေပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၂၄ သို့*

*စာမျက်နှာ ၂၂ မှ*

၎င်းအလွှာကို ရေလောင်းကြည့်ပါက ရေစိမ့်၍ နူးအိသွားသည်။ နှာခေါင်းစည်းကို တပ်ထားပြီး လေမှုတ်ထုတ်ကြည့်ပါ၊ လေက အပြင်သို့ မထွက်ပါက စံချိန်မီနှာခေါင်းစည်း ဖြစ်ပါသည်။ မီးခြစ်မီးညွန့်တစ်ခုကို နှာခေါင်းစည်း တပ်ပြီးမှုတ်ကြည့်ပါ၊ မီးညွန့်ကို လေတိုးသွားပါက ၎င်းနှာခေါင်းစည်းသည် အရည်အသွေးမမီ၍ အသုံးမပြုသင့်ပေ။ ထို့ကြောင့် သင့်မိသားစု ကျန်းမာရေးအတွက် သင်ယခုသုံးနေသော နှာခေါင်းစည်းသည် ဘေးကင်းလုံခြုံမှုရှိပါရဲ့လား သိစေရန် ဖော်ပြပါနည်းများဖြင့် စမ်းသပ်ကြည့်၍ ရပါသည်။

**စနစ်တကျသုံးစွဲပါ**

ကိုဗစ်-၁၉ ကပ်ရောဂါကိုဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ကိုကာကွယ်ရန်အတွက် နှာခေါင်းစည်းကို တပ်ဆင်နေကြသော်လည်း လူနည်းစုလောက်သာ နှာခေါင်းစည်းကို စနစ်တကျသုံးစွဲတတ်ပြီး လူအများစုက ဘေးအန္တရာယ်ကင်းဝေးအောင် သုံးစွဲတတ်မှု ကျန်းမာရေးသုတ လွန်စွာအားနည်းနေကြသည်ကို တွေ့ရသည်။ သို့ပါ၍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နှာခေါင်းစည်းကို သုံးစွဲနိုင်ကြပါစေကြောင်းအောက်ပါအတိုင်းအကြံပြုလိုပါသည်။

- နှာခေါင်းစည်း အခမဲ့ ဖြန့်ဝေသူများနှင့် နှာခေါင်းစည်း သုံးစွဲသူများအားလုံး ရောဂါကူးစက်မှု မရှိစေရန် လက်ကို စင်ကြယ်စွာ ဆေးကြောပြီးမှသာ ကိုင်တွယ်သင့်ပါသည်။
- နှာခေါင်းစည်း အခမဲ့ဖြန့်ဝေသူများ အနေဖြင့် လက်အိတ်များဝတ်ဆင်ပြီးမှ ဖြန့်ဝေပေးနိုင်လျှင် ပိုကောင်းပါသည်။
- ချက်ချင်းအသုံးမပြုသေးသော နှာခေါင်းစည်းများကို သန့်ရှင်းသော ပလတ်စတစ်အိတ်ငယ် (သို့မဟုတ်) ကြွပ်ကြွပ်အိတ်ထဲ လေလုံအောင်ပိတ်၍ ခေတ္တသိမ်းထားသင့်သည်။
- စုတ်ပြဲညစ်ပေနေသော နှာခေါင်းစည်းများကို အသုံးမပြုပါနှင့်။
- ပါးစပ်သာ ဖုံးအုပ်ခြင်းနှင့် နှာခေါင်းသာ ဖုံးအုပ်ခြင်းမျိုး မပြုလုပ်ရပါ။
- စကားပြောဆိုရန်အတွက် နှာခေါင်းစည်းကို လက်ဖြင့် အောက်သို့လျှောချခြင်း၊ မေးတွင်ချိတ်ထားခြင်း မပြုလုပ်ရပါ။
- မိမိနှင့် ကြီးလွန်း (သို့မဟုတ်) သေးလွန်းသော နှာခေါင်းစည်းများကို အသုံးမပြုရပါ။
- သုံးစွဲသူများအနေဖြင့် နှာခေါင်းစည်း၏ အတွင်းပိုင်းမျက်နှာပြင်ကို မသန့်ရှင်းသော လက်ဖြင့် ကိုင်တွယ်ခြင်း မပြုပါနှင့်။
- နှာခေါင်းစည်းတပ်ပြီးပါက ၎င်း၏ အပြင်ပိုင်းကို လက်ဖြင့် ကိုင်တွယ်ခြင်း မပြုလုပ်ရပါ။
- အဲကွန်းဘတ်စ်ကားစီးသည့်အခါ နှာခေါင်းစည်းကို ဖြုတ်ခြင်းမပြုပါနှင့်။
- နောက်ဆက်တွဲ ဆိုးကျိုးများမရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းအောင် ပြုလုပ်သင့်သောနည်းမှာ အသုံးပြုပြီးသား နှာခေါင်းစည်းများကို မီးရှို့ခြင်း (သို့မဟုတ်) အရက်ပြန် (သို့မဟုတ်) ပိုးသတ်ဆေးရည်တစ်မျိုးမျိုးဖြင့် စိမ်ပြီးမှသာ စွန့်ပစ်ခြင်းမျိုး ပြုလုပ်သင့်ပေသည်။ သို့သော် နိစ္စဓူဝ ထိုသို့ပြုလုပ်ရန်ခက်ခဲသဖြင့် ၎င်းအသုံးပြုပြီးသော နှာခေါင်းစည်းကို ပလတ်စတစ်အိတ် (သို့မဟုတ်) ကြွပ်ကြွပ်အိတ်ဖြင့် လုံခြုံစွာထုပ်ပြီးမှသာ အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်သင့်ပါသည်။
- အသုံးပြုပြီးသော တစ်ခါသုံး(ခွဲစိတ်ခန်းသုံး) နှာခေါင်းစည်းများကို ပြန်မသုံးရပါ။
- နှာခေါင်းစည်းကို နေ့စဉ် အသစ်လဲလှယ်၍ သုံးပါ။ စိတ်မသန့်ပါက အပိုဆောင်ထားသောနှာခေါင်းစည်း အသစ်လဲသုံးပါ။
- နှာခေါင်းစည်းကို နည်းမှန်လမ်းမှန် မသုံးတတ်ပါက ရောဂါပြန့်ပွားမှုကို ပိုမိုအားပေးရာရောက်ကြောင်း သတိချပ်ပါ။




အချုပ်အားဖြင့်ဆိုသော် ဒယ်လ်တာဗီဇပြောင်းပိုးသည် ကမ္ဘာ့နိုင်ငံ ၁၁၁ နိုင်ငံသို့ ပျံ့နှံ့လျက်ရှိကာ မြန်မာနိုင်ငံသို့လည်း မေလဆန်းကတည်းက ရောက်ရှိနေပြီး ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့ မြန်ဆန်ခြင်း၏ လက်ချက်မှာ ဒယ်လ်တာဗီဇပြောင်းပိုးကြောင့် ဖြစ်သည်။ သတိထားသင့်သည့်အချက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ၏ ၃၃ ရာခိုင်နှုန်းသည် ရောဂါပျောက်သွားသော်လည်း ခြောက်လအတွင်း နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် မှတ်ဉာဏ်မကောင်းခြင်း၊ မေ့လွယ်ခြင်း၊ အာရုံစူးစိုက်မရခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်း၊ မောပန်းလွယ်ခြင်း၊ နိစ္စဓူဝ ပုံမှန်လုပ်ဆောင်ချက်များကိုပင် လုပ်ဆောင်ရန် ခက်ခဲလာခြင်း၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်းများ ခံစားရသည်။ သို့ပါ၍ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် နှာခေါင်းစည်း သုံးစွဲတတ်ကြပါစေကြောင်း၊ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သတ်မှတ်ချက်များနှင့်အညီ မပျက်မကွက် ထိုးနှံကြစေလိုကြောင်းနှင့် မဖြစ်မနေ အပြင်ထွက်ရပါကလည်း နှာခေါင်းစည်း နှစ်ထပ်တပ်ဆင်ကြစေလိုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

*စာမျက်နှာ ၂၃ မှ*

**ကျင့်ဝတ်ပျက်ပြားသော အကြမ်းဖက်မျိုးစုံကို တော်လှန်ရေးဟူ၍ မသတ်မှတ်နိုင်ပါ**

အကြမ်းဖက်မှုရဲ့ သားကောင်အဖြစ်ခံရတဲ့ အများစုက အပြစ်မဲ့ အရပ်သားတွေဖြစ်ပါတယ်။ အထိခိုက်ခံရဆုံးကတော့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေပါပဲ။ ကိုယ့်ရည်မှန်းချက်တစ်ခုအတွက် အဓိပ္ပာယ်မဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ရက်စက်လွန်းရာကျပါတယ်။ ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အကြံပက်စက်မှုတွေဆိုရင်တော့ ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းတစ်ခုအနေနဲ့ ဘယ်လိုမှလက်ခံလို့ မရပါဘူး။ ယုတ်မာရိုင်းစိုင်းမှုတစ်ခုအဖြစ် မှတ်ယူကြပါတယ်။

**❍ အကြမ်းဖက်မှုရဲ့ သားကောင်အဖြစ်ခံရတဲ့ အများစုက အပြစ်မဲ့ အရပ်သားတွေဖြစ်ပါတယ်။ အထိခိုက်ခံရဆုံးကတော့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေပါပဲ။ ကိုယ့်ရည်မှန်းချက်တစ်ခုအတွက် အဓိပ္ပာယ်မဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ရက်စက်လွန်းရာကျပါတယ်။ ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အကြံပက်စက်မှုတွေဆိုရင်တော့ ယဉ်ကျေးတဲ့လူ့အသိုင်းအဝိုင်းတစ်ခုအနေနဲ့ ဘယ်လိုမှ လက်ခံလို့ မရပါဘူး။ ယုတ်မာရိုင်းစိုင်းမှုတစ်ခုအဖြစ် မှတ်ယူကြပါတယ်**

အကြမ်းဖက်သမားဆိုတာ အမှောင်ထုကနေ ဝါဒမှိုင်းတိုက်ပြီး ရက်စက်ဖို့ ဝန်မလေးသူတွေ ဖြစ်ပါတယ်။ အဓမ္မအကျပ်ကိုင်တာ၊ ချောင်းမြောင်းလူသတ်တာ၊ အနိုင်ကျင့်တာ၊ ပြန်ပေးဆွဲ ဓားစာခံလုပ်တာ၊ အဆောက်အအုံတွေကို ဗုံးခွဲဖျက်ဆီးတာ စတဲ့အပြုအမူတွေဟာ အကြမ်းဖက်ဝါဒီတွေ စွဲစွဲမြဲမြဲကျင့်သုံးတဲ့ တရားမဲ့အလုပ်တွေပါပဲ။ ကမ္ဘာမှာ အသေခံဗုံးခွဲတာကအစ ပိုးမွှား၊ ဓာတုပစ္စည်း အဆိပ်တွေနဲ့ တိုက်ခိုက်တာအဆုံး၊ နောက်ဆုံး အဆင့်မြင့်အီလက်ထရွန်နစ်နဲ့ မီဒီယာကိုအသုံးချပြီး တိုက်ခိုက်နိုင်မှုတွေအထိ ရှိလာနေပြီဖြစ်ပါတယ်။ ဒါကိုပင် သူတို့က တော်လှန်ရေးအဖြစ် မဟုတ်တာကို အဟုတ်လုပ်ပြီး "ကလိမ်စေ့ငြမ်းစင်" တတ်ကြပါတယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းက ချမှတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေ ကို ဖောက်ဖျက်တဲ့ တော်လှန်ရေးတစ်ခုဟာ စစ်မှန်တဲ့တော်လှန်ရေးတစ်ခုအဖြစ် ဘယ်လိုမှ သတ်မှတ်လို့ မရနိုင်ဘူးဆိုတာ သိရှိထားရပါမယ်။

**အရိပ်သဖွယ် အရှိန်ယူခြိမ်းခြောက်နေတဲ့ အကြမ်းဖက်အန္တရာယ်**

အမှန်တကယ်တော့ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဟာ လူသားတွေရဲ့ လူ့အခွင့်အရေးနဲ့ လူ့အဖွဲ့အစည်းရဲ့ငြိမ်းချမ်းရေးကို ဖျက်ဆီးရာကျပါတယ်။ ဘယ်သူမှလည်း အထိတ်တလန့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ အကြမ်းဖက်သားကောင်အဖြစ် ခံချင်ကြမှာမဟုတ်ပါဘူး။ အကြမ်းဖက်ဝါဒဟာ တစ်နေရာရာမှာ အခြေတည်မိပြီဆိုရင် ပပျောက်အောင်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ တစ်ချိန်မှာ လျော့သွားတတ်ပေမယ့် တစ်ချိန်မှာ ပြန်မြင့်တက်လာတတ်ပြီး ငုပ်လိုက်ပေါ်လိုက်ဖြစ်နေတတ်တာမျိုးပါ။ အထူးသဖြင့် နိုင်ငံရေးနဲ့ ဝါဒရေးအခြေခံပြီး မိမိပတ်ဝန်းကျင်မှာ ရန်တိုက်သွေးခွဲသူတွေရှိနေသမျှ၊ ချိုကြွထောင်လွှားသူတွေရှိနေသမျှ မငြိမ်းချမ်းမှုတွေ ဆက်လက်ရှိနေတတ်တယ်ဆိုတာ အမြဲသတိရှိရပါမယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံမှာအကြမ်းဖက်မှုကို မဖြေရှင်းနိုင်ရင် အကြမ်းဖက်မှုနဲ့ ပုံမှားရိုက်ရောင်တော်ပြန်လွှတ်တဲ့ ခိုးဆိုးလုယက်သတ်ဖြတ်မှုတွေလည်း ရှိလာတတ်တာမို့ တရားဥပဒေစိုးမိုးရေးအတွက်လည်း စိန်ခေါ်မှုတွေ ရှိလာနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတကာမှာလည်း အကြမ်းဖက်မှုတွေရှိနေဆဲဖြစ်လို့ မြန်မာနိုင်ငံမှာလည်း အရိပ်သဖွယ် ခြိမ်းခြောက်အရှိန်ယူနေတဲ့ အကြမ်းဖက်ဖြစ်စဉ်တွေ ချုပ်ငြိမ်းသွားအောင် ရှိပြီးသားဥပဒေတွေကို အသက်သွင်းပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ နိုင်ငံ့စွမ်းအားအရင်းအမြစ်တွေကို ထိထိရောက်ရောက် အသုံးချသွားရမှာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း မိမိတို့နိုင်ငံမှာ မည်သို့သောအကြမ်းဖက်မှုပုံစံမျိုးကိုမဆို ပြည်သူနဲ့အတူ လက်တွဲတားဆီးကာကွယ်ကြရပါမယ်။ နိုင်ငံတကာနဲ့လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရပါမယ်။ အကြမ်းဖက်မှုဖြစ်ပွားရခြင်းရဲ့ အခြေခံအကြောင်းတရားတွေကိုလည်း လေ့လာသုံးသပ်အဖြေရှာနိုင်ရပါမယ်။ သို့မှသာ မိမိနိုင်ငံသူနိုင်ငံသားတွေရဲ့ဘက်စုံလုံခြုံမှုကို အပြည့်အဝတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်တဲ့အတွက် အားလုံးရင်ဆိုင်နေရတဲ့ အကြမ်းဖက်အန္တရာယ်တွေကို မျက်ခြည်မပြတ် အာရုံစိုက်စောင့်ကြည့်ကာကွယ် တိုက်ဖျက်သွားကြရမှာ ဖြစ်ပါကြောင်း စေတနာထား တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံသို့ အောက်ဆီဂျင်အရည် ၂၁ တန် လှူဒါန်း



ရန်ကုန် ဩဂုတ် ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လူမှုကူညီရေးအသင်းနှင့် ယူနန်ပြည်သူများက လှူဒါန်းသည့် အောက်ဆီဂျင်အရည် တန် ၂၅၀ ထဲမှ ၂၁ တန်ကို ဝေဘာဂီအထူးကုဆေးရုံသို့ ယနေ့ နံနက်က လှူဒါန်းကြောင်း သိရသည်။

အဆိုပါလှူဒါန်းသည့် အောက်ဆီဂျင်အရည် ၂၁ တန်ကို မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းကိုယ်စားလှယ် ဦးအိုက်ထွန်းက လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာလှ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးထွန်းမင်းနှင့် ဝေဘာဂီအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးအောင်တို့က လက်ခံယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

မြို့နယ်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်းဘူး(စကု)မြို့နယ်အတွင်း မွေးမြူရေးနှင့် လယ်ယာကဏ္ဍ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးနေမှု ကြည့်ရှု

မကွေး ဩဂုတ် ၇

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာရှိ ဦးထွန်းထွန်းလွင် ပိုင်ဆိုင်သော CP အသားတိုးကြက်မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**



အဆိုပါ အသားတိုးကြက် မွေးမြူရေးခြံမှ ကြက်မွေးမြူရေးလုပ်ငန်းကို လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက CP ကုမ္ပဏီနှင့် အကျိုးတူမွေးမြူ ဆောင်ရွက်ခဲ့ကြောင်း၊ ကြက်ခြံ တစ်ယူနစ်လျှင် အကောင် ၃၀၀၀ ရှိပြီး ၄၅ ရက်ခန့် မွေးမြူပြီးပါက တစ်ပိဿာခွဲခန့် အရွယ်ရရှိကာ ဈေးကွက်အတွင်းသို့ ဖြန့်ခွဲရောင်းချကြောင်း၊ တစ်ယူနစ်မွေးမြူလျှင် အကျိုးအမြတ် ငွေကျပ်သိန်း ၂၀ ခန့် ရရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဦးခင်မောင်ထွေး၏ ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ ရောက်ရှိကာ ရာသီသီးနှံ ရုံးပတီသီး၊ ခဝဲသီး၊ ပဲသီး၊ ဘူးသီး၊ ဘူးရွက်၊ ကညွတ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု အခြေအနေ ဝင်ငွေရရှိမှုများနှင့် တစ်ဖက်ရပ်ဆည်မှ ရေယိုစိမ့်နေသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းဘူးမြို့ ဦးသြဘာသခန်းမသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှု၍ ဆေးထိုးလာပြည်သူများအား နှုတ်ဆက်အားပေးကာ အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးရမည့်သူများ ကျန်ရှိမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် မင်းဘူး(စကု) မြို့နယ် ဥယျာဉ်ဇင်ကျေးရွာရှိ သိမ်ကုန်းရှေ့တန်းစခန်းသို့ ရောက်ရှိပြီး စပါးစိုက်တောင်သူများ၊ ဆန်ရောင်းဝယ်သူများနှင့် တွေ့ဆုံရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တောင်သူများက စိုက်ပျိုးသီးနှံများ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန် တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

**မောင်ညီညာ**
**(မကွေး)**

**တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မင်းဘူးမြို့နယ်ရှိ ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။**

# မြိတ်မြို့တွင် အောက်ဆီဂျင်စက်ရုံ တိုးချဲ့တည်ဆောက်မည့်မြေနေရာနှင့် ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံအဆောက်အအုံ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မြိတ် ဩဂုတ် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တိုင်းဒေသကြီးအစီအစဉ်ဖြင့် အောက်ဆီဂျင်စက်ရုံ တိုးချဲ့တည်ဆောက်မည့် မြေနေရာနှင့် ပြည်သူ့ဆေးရုံတွင် တပ်ဆင်မည့် အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ တည်ဆောက်နေမှုကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက ဇူလိုင် ၇ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် မြိတ်တောင်ကျေးရွာရှိ စုပေါင်းရုံးအနီးတွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်သူ့ဆေးရုံတွင် တပ်ဆင်မည့် အောက်ဆီဂျင်စက်ရုံ အဆောက်အဦ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအား ဆေးရုံအုပ်ကြီးနှင့် တည်ဆောက်ရေး တာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

ပြည်သူ့ဆေးရုံတွင် တပ်ဆင်မည့်အောက်ဆီဂျင်စက်ကို မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုကော်မတီသို့ စေတနာရှင်များက ကိုဗစ်ကာကွယ်ဆေးအတွက် လှူထားသည့် ရန်ပုံငွေဖြင့် မှာယူထားရှိပြီး ဩဂုတ်လအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါ အောက်ဆီဂျင်စက်ရုံသည် Container Type ဖြစ်၍ ရောက်ရှိလာပါကမီးစက်နှင့် ချိတ်ဆက်ပြီး အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံ



စက်မှ တစ်နေ့လျှင် အောက်ဆီဂျင်အိုး အလုံး ၁၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

မြိတ်မြို့တွင် ကိုဗစ်လူနာများအတွက် အောင်ဆီဂျင်လိုအပ်ချက်ကို မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီနှင့် စေတနာရှင်အလှူရှင်များ၊ ဂန္ဓမာ အောင်ဆီဂျင်စက်ရုံတို့က လှူဒါန်းပေးလျက်ရှိကြောင်း၊ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ လူနာများအတွက် ဆေးရုံပိုင် အောက်ဆီဂျင်အိုး အလုံး ၁၁၀ ကျော်ဖြင့် နေ့စဉ် အသုံးပြုလျက်ရှိကာ လိုအပ်သည့် အောက်ဆီဂျင်အိုးကို ဂန္ဓမာစက်ရုံမှ ငှားရမ်း အသုံးပြုလျက်ရှိကြောင်း၊ ဂန္ဓမာ အောက်ဆီဂျင်စက်ရုံမှ ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်ကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး**
**(ပြန်/ဆက်)**

## ဇလွန်မြို့နယ်တွင် အောက်ဆီဂျင် အခမဲ့ဖြန့်ဝေ ပေးနိုင်တော့မည်

ဇလွန် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အောက်ဆီဂျင် လိုအပ်နေသော လူနာများအား အောက်ဆီဂျင် အခမဲ့ ဖြန့်ဝေပေးနိုင်ရန် အောက်ဆီဂျင် ဖြည့်တင်းစက်မှာ ယနေ့ နံနက်ပိုင်းတွင် အောက်ဆီဂျင်စက် ထားရှိမည့်နေရာသို့ ရောက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်သည် ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန် ဘုရားကြီးဘေး ဗိုလ်ချုပ်လမ်း Lucky Point တွင် ထားရှိပြီး အောက်ဆီဂျင်စက်မှ တစ်နေ့တာ အောက်ဆီဂျင်ထွက်ရှိမှုမှာ ၁၅ လီတာ အိုး ၂၀၀ မှ ၂၂၀ ခန့်ထွက်ရှိမည်ပြီး ထွက်ရှိလာသော အောက်ဆီဂျင်ကို အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ (ပြန်/ဆက်)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ခေတ်မီစက်ကိရိယာများဖြင့် သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ဒီရေတက်သဖြင့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ ရေဝင်ရောက်ခြင်းများ ရှိလာပါက အချိန်တိုအတွင်း ရေစုပ်ထုတ်နိုင်ရေး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်က ယနေ့ မွန်းလွဲပိုင်းတွင် အင်းလျားကန်၌ သရုပ်ပြသရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မီးလောင်မှုနှင့် ရေကြီးရေလျှံမှုများတွင် လျင်မြန်ထိရောက်သော မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရေးနှင့် ရန်ကုန်မြို့တွင် ရေကြီးရေလျှံဖြစ်ပေါ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ထို့နောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဂါလန် ၁၆၀၀ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ ( Hydro Sub HFS-60) စက် နှစ်လုံး၊ Life Voy နှင့် ရေငုပ်ဝတ်စုံများဖြင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်မှုများကိုပါ ပူးတွဲသရုပ်ပြသသည်။

အဆိုပါ HFS-60 စက်သည် ဟိုက်ဒရောလစ်စနစ်ဖြင့် မောင်းနှင်သော Submersible Pump၊ စွမ်းဆောင်ရည်မြင့်မားသော axial-piston တို့ ပါဝင်သည့် ဟိုက်ဒရောလစ်ပန့်နှင့် စွမ်းအားမြင့်ဒီဇယ်တို့၏ ပေါင်းစပ်မှုကြောင့် Mobile Pump System အမျိုးအစားထဲတွင် လုပ်ဆောင်နိုင်စွမ်း အမြင့်မားဆုံးဖြစ်ပြီး ကြီးမားသော မီးငြိမ်းသတ်ရေးတွင် တစ်မိနစ် ၃၃၀ ဂါလန်(လီတာ ၁၅၀၀)နှုန်းဖြင့် မီးငြိမ်းသတ်နိုင်ခြင်း၊ မီးသတ်ကား ငါးစီးကို နှစ်မိနစ်မှ သုံးမိနစ်အတွင်း တစ်ပြိုင်တည်း ရေဖြည့်နိုင်ခြင်း၊ ရေကြီးရေလျှံမှုများနှင့် မြေအောက်ထပ်အလွှာများ ရေဝင်ရောက်နိုင်မှုကို အချိန်တိုအတွင်း ရေစုပ်ထုတ်နိုင်ပြီး ရေစုပ်ထုတ်ရာတွင် တစ်မိနစ် ရေဂါလန် ၄၄၀၀ (လီတာ ၂၀၀၀၀)နှုန်းဖြင့် စုပ်ထုတ်နိုင်ခြင်းစသည့် စွမ်းဆောင်ရည်များရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်များ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမှုမြင်ကွင်းများ



နေပြည်တော် ဒက္ခိဏသီရိမြို့နယ်။ ထွန်းထွန်းဝင်း(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်။ မိုင်းထွန်း(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်။ မောင်မောင်ထိန်



ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်။ သိန်းဖေ(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်။ စန်းစန်း

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## လေလံကြော်ငြာခြင်း

၁။ ရွှေဘိုမြို့မဈေးကြီးအတွင်းရှိ မီးဘေးသင့်ဈေးဆိုင်ခန်းများ၏ ဆယ်တင်သံထည်ပစ္စည်းဟောင်းများအား လက်ရှိမျက်မြင် အခြေအနေအတိုင်း လေလံတင်ရောင်းချဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| လေလံတင်ရောင်းချမည့်ရက်၊ အချိန် | - ၂၀-၈-၂၀၂၁ရက်(သောကြာနေ့) နံနက် ၁၀နာရီ |
| လေလံရောင်းချမည့်နေရာ | - ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး |
| လေလံကြမ်းခင်းဈေး | - ကျပ်သိန်း၁၀၀(ကျပ်သိန်းတစ်ရာတိတိ) |
| လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၀-၈-၂၀၂၁ရက်(အင်္ဂါနေ့) |
| လေလံလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန် | - ၁၉-၈-၂၀၂၁ရက်(ကြာသပတေးနေ့) ညနေ ၄:၃၀နာရီအထိ |

၂။ လေလံလျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းချက်များကို ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး(၀၇၅-၂၁၀၃၁၊ ၀၉-၂၅၀၈၅၉၈၅၄၊ ၀၉-၇၉၃၁၅၂၅၅၈)တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆယ်တင်ပစ္စည်းများလေလံတင် ရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်-သုမင်္ဂလာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၅၈)(A)၊ ဧရိယာ ဝဒသမ ၁၁၆ဧက၊ ၅၀၆၀ စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်ာန်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊သုခမ္မာလမ်း၊ အမှတ်(၅၈)(A)ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးမြဇင် ၁၀/ မလမ(နိုင်)၀၆၉၅၀၃ အမည်ပေါက်ပြီး ဦးမြဇင် ကွယ်လွန်သွားသဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်ဝါ ၁၀/ မလမ(နိုင်)၀၂၇၄၂၀ က တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း အဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းချသူဒေါ်တင်တင်ဝါအား စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဂရန်မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၀ ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမိုးကျော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၅၈၈)**
**ရုံး- အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**အိမ်- တိုက်(၃)၊ အခန်း(၂၀၃)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၉၆၃၆**

## မိုးညှင်း၊မြစ်ကြီးနား၊ ပုသိမ်ကြီးနှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ရန်ကုန်-မြစ်ကြီးနားသွားကားလမ်း၊ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ခရီးသည် မမေသွယ်ဦး သယ်ဆောင်လာသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၂ ကီလိုကို လည်းကောင်း၊ ထို့နေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် မန္တလေး - မြစ်ကြီးနားသွားကားလမ်း (၂၀) မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သူရဟိန်း မောင်းနှင်ပြီးအောင်နေလင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ည ၈ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားမြို့ တပ်ကုန်း (ထွယ်ဆန်) ရပ်ကွက် ရွှေလမ်းမကြီးတွင် မကေသီလှိုင် (ခ) ကေကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုတို့ကို လည်းကောင်း။

ထို့နောက် ဩဂုတ် ၆ ရက် ညနေ ၄ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ-ရွှေစာရံကျေးရွာသွားကားလမ်းဘေးရှိ ပျိုးဥယျာဉ်ဆိုင်ရှေ့တွင် ဝင်းဖေမောင်းနှင်ပြီး မောင်ငယ်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃,၄၅၀ ကိုလည်းကောင်း၊ယင်းနေ့ ည ၈ နာရီခွဲတွင် နောင်ချိုမြို့နယ် နောင်ချို-မန္တလေးသွားကားလမ်း၊ အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ထွန်းလှ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲမြန်ကြား

## ဦးသောင်းတင်
### (အ.န.က မှူး/ကျန်းမာရေးမှူး-ငြိမ်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၅/ခ နေ ဒေါ်ခင်ကြည်(အငြိမ်းစား ကျန်းမာရေးဆရာမ)၏ခင်ပွန်း၊ (ဒေါက်တာ လွင်ဦး-ဒေါ်ခင်မာစိုးနွယ်)၊ ဒေါ်ယုယုခိုင်၊ ဦးထွန်းဝေ-ဒေါ်ရွှေရွှေသောင်း၊ ဗိုလ်ကြီးသန်းဝင်းမောင်(ငြိမ်း)-ဒေါ်စီစီပြုံး(ညွှန်ချုပ်၊ ငွေတိုက်ဦးစီးဌာန၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာန)၊ ဒေါ်ဝင်းဝင်းသောင်း၊ ဦးထင်အောင်-ဒေါ်မြတ်မြတ်သောင်း၊ (ကိုသောင်းကျော်လွင်)တို့၏ ဖခင်၊ မြေး ၁၂ ယောက်၊ မြစ် လေးယောက်တို့၏ ဘိုးဘိုးကြီး သည် ၇-၈-၂၀၂၁ရက် မွန်းလွဲ ၂:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
### ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး
### ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)
### အသက်(၅၈)နှစ်

ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကို သည် ၇-၈-၂၀၂၁ ရက်နေ့ ညနေ ၃:၂၅ နာရီတွင် ဝေဘာဂီ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရန်ကုန်အရှေ့ပိုင်းခရိုင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
### ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး
### ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)
### အသက်(၅၈)နှစ်

ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကို သည် ၇-၈-၂၀၂၁ ရက်နေ့ ညနေ ၃:၂၅ နာရီတွင် ဝေဘာဂီ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူးများ**
**ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယ(၃၁)လမ်း၊ အမှတ်(၃၃၈/က)တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အအုံ၏(၄)လွှာ အခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်ထွဋ် ၁၂/အစန(နိုင်)၁၅၈၄၀၂ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဖြိုး ၁၂/ဥကတ(နိုင်)၀၆၃၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘီ)၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း(ယခင်အခေါ်ဦးဘဟန်လမ်း)၊ အမှတ်(၁၃၅)၊ ဒေါ်ကျင်မြိုင်အမည်ပေါက် မြေပေါ်တွင်ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်၏ မြေညီထပ် အလျားxအနံ(၂၂x၅၂) ပေ အကျယ်အဝန်းရှိ တိုက်နှင့် ယင်းတိုက်ခန်းတွင် ကပ်လျက်ရှိသော Airconနံရံကပ်ဗီရိုအပါအဝင်တို့အား ဦးအောင်ဇေယျ(ဘ)ဦးစိုးတိုင် ၁၃/တကန(နိုင်)၀၀၄၇၈၀ မှ အရောင်းအဝယ်စာချုပ်များဖြင့် မိမိအမှန်တကယ်ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေကြီးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့်အခန်းနှင့်ပတ်သက်၍ ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်မာသော စာရွက်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး LL.B(Q),PGDL,C.B.L**
**အထက်တန်းရှေ့နေ(စဉ်-၅၂၂၈၈)**
**အင်းစိန်စုပေါင်းရုံးဝင်း**
**မြန်မာနိုင်ငံစာရေးဆရာအသင်းအောက်ထပ်**
**ဖုန်း-၀၉-၇၅၇၀၁၇၂၈၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးနိုင်အောင်
### ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဗိသုကာဌာန ဧည့်ပါမောက္ခ
### Consultant Engineer-ကမ္ဘောဇဘဏ်လီမိတက်
### အသက်(၆၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ၄ လမ်း၊ အိမ်အမှတ် ၁၆ နေ (ဦးညို-ဒေါ်အုန်းမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးစိုးပိုင်အောင်- ဒေါ်ထွေးထွေး၊ ဖျာပုံမြို့နေ ဦးမျိုးအောင်-ဒေါ်ရီရီသန့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်းနှင့် ၃ လမ်းမြောက်၊အမှတ် ၁၂၇ နေ ဒေါ်သင်းသင်းခိုင်၏ခင်ပွန်း၊ မအေးမြမြသင်းအောင် (Stream Line Training and Learning Centre,Grade 6,Cherry Class ) ၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ တူမ(၅)ယောက်တို့၏ ဘကြီးသည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးနိုင်အောင်
### ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဗိသုကာဌာန ဧည့်ပါမောက္ခ
### Consultant Engineer-ကမ္ဘောဇဘဏ်လီမိတက်
### အသက် (၆၄)နှစ်

ဒေါ်သင်းသင်းခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြမြသင်းအောင် (Stream Line Training and Learning Centre,Grade 6,Cherry Class ) ၏ ကျေးဇူးရှင်မွေးသဖခင် ဦးစိုးနိုင်အောင် သည် ၆-၈-၂၀၂၁ရက်နေ့(သောကြာနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဒုတိယဗိုလ်မှူးကြီး ထွန်းနိုင်ကို(ငြိမ်း)
### ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ရှမ်း/မြောက်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ[ဗိုလ်မှူးကိုကိုကြီး(ငြိမ်း)]-ဒေါ်တင်တင်လှတို့၏သား၊ ဗိုလ်မှူး စိုင်းထွန်းရင်(ငြိမ်း)-ဒေါ်အေးဝင်းတို့၏သားသမက်၊ ဒေါ်တင်နီလာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မကေခိုင်ကို၊ မောင်ကောင်းမြတ်ကိုတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင် ဦးထွန်းနိုင်ကို သည် ၇-၈-၂၀၂၁ရက်(စနေနေ့) ညနေ ၃:၂၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၂၁ရက်(သောကြာနေ့)တွင် သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အမှတ် ၇၅နေ အေရာတော်စတိုးမှ ဒေါ်ယဉ်လှိုင်၏ ခင်ပွန်း၊ ဦးအောင်ကိုဟိန်း-ဒေါက်တာလတ်လတ်ထွန်း၊ ဒေါ်ဆွေဇင်မာထွန်း၊ ဦးအောင်မျိုးမင်း-ဒေါ်လဲ့လဲ့ဝင်းဇော် တို့၏ ဖခင် ဦးကြည် သည် ၆-၈-၂၀၂၁ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်းသိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)
## ကြည်း-၆၅၇၈
## အသက်(၈၂)နှစ်

ကလေးမြို့နေ (ဒေါ်လှမြိုင်)၏ချစ်လှစွာသောခင်ပွန်း OTS(30) နည်းပြတပ်ခွဲမှူး(ငြိမ်း)ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)သည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ကလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာဒုတိယဗိုလ်မှူးကြီး ကျော်ငြိမ်း(ငြိမ်း)ကောင်းရာသုဂတိသို့လားပါစေ။

OTS(30)ကျောင်းဆင်းအရာရှိတပည့်များနှင့်မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီး ဒေါ်ခင်မေနွဲ့
## ပါမောက္ခ(ဌာနမှူး)(ငြိမ်း)
## အသက်(၈၄)နှစ်

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး)(ငြိမ်း)ဆရာမကြီး ဒေါ်ခင်မေနွဲ့ သည် ၂၈-၇-၂၀၂၁ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘသန်း
## ဘသန်းရွှေသန့်စင်လုပ်ငန်း
## အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်-ဒေါ်သိန်းရင်တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဉာဏ်ဝင်း-မနန်းချောထွေး၊ မသော်တာသန်း၊ ကိုဇော်ရဲဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မနန်းယွန်းဆုမြတ်ထက်၏ ချစ်လှစွာသောအဘိုးသည် ၆-၈-၂၀၂၁ရက် မွန်းလွဲ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း အမကြီး
## ဒေါ်အုန်းဟန်(ခ)ဒေါ်သွဲ့
## အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးအောင်စံအေး-ဒေါ်ခင်လှ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးလှဖေ)-ဒေါ်ကျော့စိန်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၄၂)နေ ဦးတင်ဦး၏ဇနီး၊ ဒေါ်သင်းသင်းဦး(ခ)ဒေါ်သရဖီဦး၊ ဗိုလ်မှူးကျော်လင်း(ငြိမ်း)-ဒေါ်ကေသွယ်အောင် (လက်ထောက်ညွှန်ကြားရေးမှူး)၊မကျော့ကျော့ခိုင်(ခ)မကျော့ကျော့ တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၇-၈-၂၀၂၁ ရက် (စနေနေ့)နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

သွေးသည် အသက်၊ သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ဝိ
## အသက်(၈၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မိုးညှင်းဈေးနေ ဒေါ်ချိုချိုမြင့်၊ LLC အထည်ချုပ်လုပ်ငန်း၊ ဦးကျော်မျိုးလွင်၊ ဒေါ်စန်းစန်းမော်(ဆင်နှစ်ကောင်ကွမ်းသီး၊ ကွမ်းရွက် ရောင်းဝယ်ရေး)၊ ဦးနေထွန်းဝင်း(ကောင်စီဝင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ အလုပ်အမှုဆောင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(ရန်ကုန်တိုင်းဒေသကြီး)၊ Digital City IT Group တို့၏မိခင်ကြီး၊ မကြည်လင်းလဲ့မော်၊ မောင်ကောင်းဆက်လွင်၊ မသန္တာမိုးပြည့်တို့၏အဘွားသည် မုံရွာမြို့နေအိမ်၌ ၇-၈-၂၀၂၁ရက် ညနေပိုင်းတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းခြင်း
## ဒေါ်ဝိ
## အသက်(၈၄)နှစ်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးနေထွန်းဝင်း ၏မိခင် ဒေါ်ဝိသည် ၇-၈-၂၀၂၁ရက်နေ့တွင် မုံရွာမြို့ရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
## အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၂၅နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်သန်း-ဒေါ်မိမိအုန်းမိသားစု
ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
## အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၂၅နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဦးဘသိန်း
## (မြန်မာ့လေကြောင်းကော်ပိုရေးရှင်း)
## အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၈၉) အောင်မင်္ဂလာလမ်းနေ ဦးသိန်းမောင်-ဒေါ်ရီတို့၏သား၊ ဦးမြသိန်း၏ညီ၊ ဦးမြင့်သန်း၊ ဦးသိန်းထွန်းတို့၏ အစ်ကို၊ ဒေါ်စန်းစန်း၏ချစ်ခင်ပွန်း၊ မချိုချိုဦး၏ဖခင် ဦးဘသိန်း (မြန်မာ့လေကြောင်းကော်ပိုရေးရှင်း) အသက်(၇၆)နှစ်သည် ၆-၈-၂၀၂၁ ရက် (သောကြာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစောကျော်ဆန်း(RASU)
## (B.Sc, Physics)
## အသက်(၆၅)နှစ်

တွံတေးမြို့၊ ကျွန်းတော(၁)လမ်း၊ အိမ်အမှတ်(၂)နေ (ဦးစောရွှေလှ-ဒေါ် ရင်ရင်)တို့၏သား၊ မအူပင်မြို့နယ်၊ ရွှေသောင်မြေကျေးရွာနေ (ဖိုးတင်ဖေ-ဖွားရွှေစိန်)တို့၏သားသမက်၊ (ဒေါက်တာတင်ဝင်း)- ဒေါ်နန့်စန်းစန်းလှ(သူနာပြုဆရာမကြီး-ငြိမ်း)၊ အမှတ်(၁)ရေနံချက်စက်ရုံ ဆေးပေးခန်း(သန်လျင်)တို့၏ညီ/မောင်၊ ဦးအောင်နိုင်ဦး-ဒေါ်စန်းစန်းတင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)အထက(ကံဘဲ့)၊ ဒေါ်စန်းစန်းမော်၊ ဒေါ် ယဉ်ယဉ်ရွှေ(ဒု/ဦးစီးမှူး(စီမံ)(တွံတေးမြို့နယ်၊ ပညာရေးမှူးရုံး)၊ နန့်မိုင်မိုင်ဝင်း(M/W) Staff ပြည်ကြီးတံခွန် ဒေသန္တရဆေးခန်း၊ စဇင်မောင်မောင်တင်၊ ဒေါ်သဲစိမ့်စိမ့်ထက်(မူ၊ ပြ/အမက(အလယ်စု)၊ ဒေါ်ထိန်ဝင့်ဝင့်လတ်(မူ၊ပြ/အမက(အိုးဖိုအရှေ့)တို့၏ဘကြီး၊ (ဒေါ်နန့်ခင်စန်းရီ)(လ/ပြ-ငြိမ်း)အထက(၁)တွံတေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန့်ဆုဖြိုးဝေ(ခ)ဒေါ်နန့်ပန်းပွင့်ဖြူ(ထ/ပြ၊ အထက(ခွဲ)သံကြိုးတိုင်)၊ စသိန်းဖြိုးအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၅-၈-၂၀၂၁ ရက် ညနေ ၅:၃၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် တွံတေးမြို့၊ အိုးဖိုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြင်တိ
## အသက်(၉၄)နှစ်

ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်-ဒေါ်စန်းစန်းမော်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တိ အသက်(၉၄)နှစ် သည် ၇-၈-၂၀၂၁ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဒုတိယ ဗိုလ်မှူးကြီး သန်းဌေး(ငြိမ်း)
## ကြည်း- ၉၇၂၄၊ OTS- 29
## အသက်(၈၄)နှစ်

မြိတ်မြို့နေ(ဦးရဖေ-ဒေါ်မြမေ)တို့၏သားငယ်၊ (ဦးခင်မောင်ဝင်း-ဒေါ်ခင်စိန်)တို့၏သားသမက်၊ (ဒုတိယ ဗိုလ်မှူးကြီး တင်အောင်- ဒေါ်ရင်ရင်ထွန်း)၊ (ဦးစိုးလွင်-ဒေါ်တင်ဦး)တို့၏ညီမောင်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ်(၂၄)နေ ဒေါ်ခင်စောဝင်း(မြန်မာ့လေကြောင်း-ငြိမ်း)၏ချစ်လှစွာသော အနန္တ ကျေးဇူးရှင် ခင်ပွန်း၊ ဦးသီဟဌေး-ဒေါ်သန်းသန်းဝင်း၊ ဒုတိယ ဗိုလ်မှူးကြီး ဇော်သူအောင်-ဒေါ်ချောစုလှိုင် တို့၏ အနန္တကျေးဇူးရှင် ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဒုတိယ ဗိုလ်မှူးကြီး သန်းဌေး(ငြိမ်း) (ကြည်း-၉၇၂၄၊ OTS-29)သည် ၇-၈-၂၀၂၁ရက် နံနက် ၁၁:၅၅နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈ - ၈-၂၀၂၁ရက်တွင် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
## အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၁ရက် (စနေနေ့) ညနေ ၃:၂၅နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မြင့်(ဒုတိယဝန်ကြီး-ငြိမ်း)-ဒေါ်ရွှယ်ဂျာ မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းနိုင်ကို
## ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊
## ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)၊ ရှမ်းပြည်နယ်
## အသက် (၅၈) နှစ်

ဦးထွန်းနိုင်ကို၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ပြည်နယ် ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(လားရှိုး)၊ ရှမ်းပြည်နယ် သည် ၇-၈-၂၀၂၁ ရက်(စနေနေ့) ညနေ ၃:၂၅ နာရီတွင် ဝေဘာဂီဆေးရုံ၌ ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

ဦးစိုင်းသော်ဝင်းနှင့် ဇနီး
ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဒေါ်သန်းရီ
## မန်နေဂျာ(ငြိမ်း)၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း
## အသက် (၇၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅) ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အိမ်အမှတ်(၅၄၁)နေ (ဦးချစ်သန်း - ဒေါ်လှရှင်) တို့၏သမီး၊ (ဦးမောင်မြင့်-ဒေါ်ငွေလှိုင်)တို့၏ချွေးမ၊ ဒေါ်စိန်ရီ၏အစ်မ၊ (ဦးကြည်)၏ဇနီး၊ ဒေါ်နှင်းနှင်းလွင်၊ ဦးအောင်ဇော်သန်း၊ ဦးအောင်စိုးသန်း (The Voice Daily တာဝန်ခံအယ်ဒီတာဟောင်း)၊ ဒေါ်မိုးမိုးလွင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မသီဂီဝင်းလဲ့ဇော်၊ မကြယ်စင်ဝင်းလဲ့ဇော် တို့၏အဘွားသည် ၆-၈-၂၀၂၁ ရက် (သောကြာနေ့) ညနေ ၅:၄၅ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇-၈-၂၀၂၁ ရက် (စနေနေ့) ညနေပိုင်းတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ညွန့်
## အသက်(၆၇)နှစ်

ဗိုလ်မှူးမောင်ကို-ဒေါ်စမ်းရီတို့၏ချစ်သမီးကြီး၊ ဗိုလ်မှူးသန့်ဇင်-ဒေါ်ရင်မေဇင်တို့၏ ချစ်လှစွာသောချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးရန်အောင်သန့်ဇင်၏ ချစ်လှစွာသောဇနီး၊ မဇင်ငုဝါအောင်၊ မဇင်ယင်းမာအောင်တို့၏ ချစ်လှစွာသောမိခင်၊ မောင်လရောင်မြစ်၊ မလမင်းမေ(ယင်မင်းမိုက်)တို့၏ချစ်လှစွာသောအဘွားသည် ၇-၈-၂၀၂၁ ရက် မွန်းလွဲ ၂:၂၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈ - ၈-၂၀၂၁ရက်တွင် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဘဝနတ်နန်းစံမြန်းတော်မူခြင်း

## ရွှေကျင်နိကာယ ရတ္တညူမဟာနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ



ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက်/နောက်ရပ်ကွက်၊ ကျိုက္ကစံပထမ ရွှေကျင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကစံတော်ရှင်စေတီတော်မြတ်ကြီးနှင့် ရန်မျိုးအောင်စေတီတော်မြတ်ကြီးတို့၏ ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)ဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်မြတ်သည် ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃)ရက်၊ ၅-၈-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၄၅ နာရီတွင် ပျံလွန်တော်မူပြီးဖြစ်၍ ယင်းနေ့ည ၉:၀၀ နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇာပြီးစီးပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျိုက္ကစံပထမရွှေကျင်ကျောင်းတိုက်
ဂန္ထဝါစကစာချနာယကအဖွဲ့

### အမည်မှန်

မြိတ်မြို့၊ မြိတ်တက္ကသိုလ်နယ် မြေဧရိယာမှ ဦးစိန်ချို၏သမီးဖြစ်သူ သန့်ရှင်းရေးဝန်ထမ်း ဒေါ်ခင်ဝါ၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်ခင်ဝါဝါ ၆/မမန(နိုင်)၂၄၄၆၆၈ ဖြစ်ပါကြောင်း။

ဒေါ်ခင်ဝါဝါ

### ချက်လက်မှတ် ပျောက်ဆုံးကြောင်း

မြိတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၏ ငွေထုတ်စာရင်းအမှတ် (MD-021382) မှ ချက်လက်မှတ် အမှတ် (B-312791) ချက် စာရွက်ပျောက်ဆုံးလျက်ရှိပါကြောင်း ကြေညာအပ်ပါသည်။

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ ရွှေပြည်သာရပ်ကွက်နေ ကျွန်တော် ဦးလှဝေ ၅/ရဥန(နိုင်)၀၀၄၅၄၃ နှင့် ကျွန်မ ဒေါ်တင်မြင့် ၅/ရဥန(နိုင်)၀၀၄၅၅၂ တို့၏ သားဖြစ်သူ မောင်ဇင်မင်းထွန်း ၅/ရဥန(နိုင်) ၁၂၅၀၀၉ သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း နှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်မယူနိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှဝေ-ဒေါ်တင်မြင့်

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး

**ဦးမင်းစံ**

နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)
Hotel POPULAR Myanmar, Summit Plastic
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman-POPULAR Group)-ဒေါ်ချောစုလွင်(Vice Chairman-POPULAR Group)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံသည် ၁၈-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၇:၃၀နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Popular ရုံးခွဲ(တောင်ကြီး)
POPULAR GROUP

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးမိစံ**

မြန်မာ့မီးရထား(ငြိမ်း)
အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ (ဦးမောင်ခင်-ဒေါ်မြကြည်)တို့၏သမီးကြီး၊ (ဦးအောင်မြင့်)၏ဇနီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သံသုမာလမ်းနေ ဒေါ်ညိုညိုခင်၊ ဒေါ်မြင့်မြင့်စန်း၊ ဦးသံလွင်ဦး-ဒေါ်ရီရီမြင့် (အကြီးတန်းသတင်းထောက်-မြန်မာ့သတင်းစဉ်)၊ ဦးမျိုးမင်းထွန်း၊ ဒေါ်တင်မိုးခိုင်တို့၏မိခင်ကြီး၊ မောင်ဟိန်းအေးအောင်၊ မရီနန္ဒာဖြိုး၊ မောင်မျိုးပြည့်ဦးတို့၏အဘွားဖြစ်သူ ဒေါ်အေးမိစံသည် ၇-၈-၂၀၂၂ ရက် နံနက် ၃ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၂၂ ရက်တွင် ဆရာတော်၊ သံဃာတော်များအား ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဟန်ဝင်း**

B.A(လက်ပံတန်း) မြန်မာ့မီးရထား၊ မြန်မာ့ရုပ်ရှင်၊ နဝရတ်ဟိုတယ်
အသက်(၆၇)နှစ်

(ဦးစိန်ရွှေ-ဒေါ်ညွန့်ညွန့်) တို့၏သား ၊(ဦးသောမာနန္ဒ/ဆရာကြီးဦးသာဝင်း)-(မော်ကွန်းဝင်ဒုတိယဆင့် ဆရာမကြီး ဒေါ်သောင်း)တို့၏သားသမက်၊ အမှတ်-၄၉၉၊ နေကြာ(၂)လမ်း၊ (၅၀)ရပ်ကွက်၊ မြောက်ဒဂုံနေ ဒေါ်ဆွေဆွေဝင်း (ဒုတိယကျောင်းအုပ်-ငြိမ်း၊ ပညာရေးကောလိပ်လှည်းကူး)၏ချစ်လှစွာသော ခင်ပွန်း၊ (မမေဘယ်ဟန်)၊ ဦးထွန်းတေဇာ၊ ဦးထွန်းဇေယျာ-ဒေါ်နှင်းဖြူထွေး၊ (ထွန်းဗေဒါ)၊ ဦးချမ်းပြည့်အောင်-ဒေါ်အိန္ဒြာအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၃)ယောက်တို့၏ အဘိုးသည် ၄-၈-၂၀၂၂ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၂ရက်တွင်ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်စီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ရေတွင်း၊ လမ်း ဒါယကာကြီး

**ဦးထွန်းမြင့်**

အငယ်တန်းအင်ဂျင်နီယာ(၂)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၅၀)နေ ဒေါ်ဘော်ဘင်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ ရဲမြင့်အောင်၊ မသံသာဇင် တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၆-၈-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၁:၃၈နာရီတွင်ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စိန်တင့်**

(မော်လမြိုင်)
အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၈) လေးလွှာနေ (ဦးတင့်-ဒေါ်အေးခင်)တို့၏သမီး၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ ဦးစိုးမြင့်-(ဒေါ်ခင်မြကြီး)၊ (ဦးကျော်ဝေ)-ဒေါ်ခင်စိန်ကြီး၊ (ဦးစိန်မောင်)-ဒေါ်အုန်းကြည်တို့၏မိခင်၊ ဦးဌေးဝင်းအောင်-ဒေါ်မျိုးဇာဇာလှိုင်၊ ဒေါ်ဥမ္မာမြင့်၊ ဦးမျိုးလွင်၊ ဦးမျိုးမင်း၊ ဒေါ်ဝေမာသွယ်၊ ဦးတင်ဝင်းအောင်-ဒေါ်မြမျိုးမြင့်နွယ်၊ ဒေါက်တာ ကျော်ဇင်သန့်တို့၏အဘွား၊ မောင်ဖွဲ့ပိုင်အောင်၊ မောင်ပြည့်စုံအောင်၊ မရွှေရည်ဖူးတို့၏ ချစ်လှစွာသော အဘွားသည် ၄-၈-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၂ ရက်(ကြာသပတေးနေ့)တွင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးသောင်းလှိုင် အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နေ(ဦးလှသိန်း)၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်ကြည်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ရော(၁)လမ်း၊ အမှတ်(၄၆၅)နေ (ဦးကြည်သန်း-ဒေါ်လှ)တို့၏သားသမက်၊ မောင်ကျော်သန့်ဇင်(Myanmar Industrial Port(MIP))၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မြကြည်(ခ)ဒေါ်ပို၏ချစ်လှစွာသောခင်ပွန်း ဦးသောင်းလှိုင် အသက်(၅၉)နှစ်သည် ၄-၈- ၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၅ နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအား ရည် စူး၍ ၁၀-၈-၂၀၂၂ ရက် (အင်္ဂါနေ့)နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ရော(၁)လမ်း၊ အမှတ်(၄၆၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်ကြည်**

တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း၊ အမှတ်စဉ်(၆)မှ
တရားရေးအရာရှိ(ငြိမ်း)

တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း၊ အမှတ်စဉ်(၆)မှ တရားရေးအရာရှိ(ငြိမ်း)ဦးစိန်ကြည်သည် ၆-၈-၂၀၂၂ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း၊
အမှတ်စဉ်(၆)မှ သူငယ်ချင်းများ

### အမည်မှန်

ဦးစောလှမောင်၏သမီး၊ ကျောက်တော်မြို့နယ်၊ အထက (ခွဲ) သရက်တပင် အဋ္ဌမတန်းမှ မပန်း မြစံ၏ အမည်မှန်မှာ မအေးမျိုးဦး ၁၁/ကတန(နိုင်)၁၆၂၈၉၁ ဖြစ်ပါကြောင်း။

### အမည်မှန်

ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာနေ ဦးမောင်စောယဉ်၏သား ဦးမောင်ယောင်း၏ အမည်မှန်မှာ စောလှမောင် ၁၁/ကတန(နိုင်)၀၉၁၁၅၂ ဖြစ်ပါကြောင်း။

စောလှမောင်

# ဦးခင်မျိုးအောင်

## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ငွေတံမှုံရိပ်သာ၊ အမှတ်(၇၀/C)နေ (အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်)-ဒေါ်ခင်သိန်းတို့၏ ချစ်လှစွာသောသားငယ်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စရည်းပင်လမ်းနေ (Captain ဦးကျော်ဝင်းလှ)-ဒေါ်တင်တင်အေးတို့၏ သားသမက်၊ ဒေါ်လှဝေဝေလှ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရဲမင်း၊ မတင်ထက်ပိုင်အောင်တို့၏ ချစ်လှစွာသော ဖခင်၊ ဦးခင်မောင်အောင်-ဒေါ်ရီရီမေ၊ Los Angeles နေ ဒေါက်တာဦးခင်မြင့်အောင်-ဒေါက်တာဒေါ်ခင်အေးစီတို့၏ ညီ/မောင်၊ စင်ကာပူနိုင်ငံနေ ဒေါ်စန္ဒာအောင်-ဦးကိုကိုထူးတို့၏အစ်ကို/ညီ၊ ကိုဇင်လင်းအောင်၊ ဒေါက်တာရဲလင်းမောင်၊ မောင်မင်းသီဟထူး၊ မဆုသီရိထူး တို့၏ချစ်လှစွာသော ဦးလေး ဦးခင်မျိုးအောင်သည် ၃-၈-၂၀၂၂ရက် (အင်္ဂါနေ့)နံနက်၄:၀၀နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးစန်းတင့်(ခ)ချိန်တင်

## အသက်(၆၉)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၆၃၆)နေ (ဦးလူလေး-ဒေါ်ကျင်မွှာ)တို့၏သား၊ (ဦးမြသောင်း-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်တိုးတိုးရီ၏ခင်ပွန်း၊ မငြိမ်းငြိမ်းစံ (ခေတ္တ-စင်ကာပူ)၊ မောင်ဟိန်းထက်ဇော်(ခေတ္တ-ကိုရီးယား)-မဇင်မာလင်း၊ မောင်အာကာဖြိုး(ခေတ္တ-ဂျပန်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ခန့်တေဇာထက်၏အဘိုးသည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၂ရက်တွင် အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်
### အသက် (၉၇)နှစ်

ရန်ကုန်မြို့နေ (ဒေါက်တာ ဖေခင်-ဒေါ်စိန်ညွန့်)တို့၏သမီး၊ ပညာဝန်ထောက် (ဦးထွန်းလှိုင်-ဒေါ်ရင်နု)တို့၏သမီးချွေးမ၊ (ဦးသိန်းတိုး GM-Columbia Film Co.,Ltd. လ/ထ ညွှန်မှူး၊ ရုပ်ရှင်ကော်ပိုရေးရှင်း)၏ဇနီး၊ ပါမောက္ခ ဒေါက်တာ ဦးဦးကျော် (ခွဲစိတ်/ အထူးကု)၊ ဦးခင်ဇော် (IMC)-ဒေါ်ရင်ရင်လေး၊ ပါမောက္ခ ဒေါက်တာ ဦးသိန်းမြင့်သူ (မီးယပ်/သွားဖွား)-ဒေါက်တာ ဒေါ်တိုးရှိန်၊ (ဒေါ်ဝါဝါ ခင်)-ဦးအေးချို၊ ဒေါ်ညိုညိုဝင်း-(ဦးခင်မောင်ဗိုလ်)၊ ဒေါ်လှလှဝင်း-ဦးဝေလင်း၊ Winston Thein Toe (ခ)ဦးဖိုးထွေး (Old-MRTV)-ဒေါ်တင်တင်နွယ်တို့၏မိခင်၊ ဒေါ်ခိုင်ဝင့်ဖြူ၊ ဒေါ်စန္ဒီချို-ဦးသန်းထိုက်အောင်၊ ဦးမိုးဇော်-Soudalie Zaw၊ ဦးမြင့်တိုး၊ ဒေါက်တာ ဖြိုးကျော်လင်း၊ ဒေါ်ဆုမွန်တိုး၊ ဒေါက်တာ ဝဏ္ဏကျော်-ဒေါ်ငြိမ်းဆုနေအောင်၊ ဒေါ်ထွေးထွေးတိုးတို့၏အဘွား၊ Sou Rhain Zaw ၏ ဘွားဘွားကြီးသည် ၄-၈-၂၀၂၁ရက် ညနေ ၃:၃၀ နာရီတွင် ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် (၁၃၇)၊ $B_3$ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၂၁ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး
## ဒေါ်ကြင်မစိမ်း (မြောင်းမြ)
### အသက် (၉၀)

မြောင်းမြမြို့၊ ကွယ်လွယ်၊ မြစန္ဒာရပ်ကွက်၊ အမှတ် (၂၄)နေ (ဦးမှန်သိန်း-ဒေါ်ကျင်ရွှေ)တို့၏ချွေးမ၊ မြောင်းမြမြို့နယ်၊ တပင်ချောင်းနေ (ဦးရှမ်းထော်-ဒေါ်ဆိတ်ခို့)တို့၏သမီးငယ်၊ မြောင်းမြမြို့၊ ကွယ်လွယ်နေ (ဦးဝမ်ဗုက်)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန် မြို့နေ ဦးမောင်မောင်မြင့်-(ဒေါ်မြင့်မြင့်)၊ (ဦးစိုးသိန်း)-ဒေါ်မြိုင်မြိုင်၊ ဦးချစ်စမ်းမောင်-ဒေါ်ခင်မိုးမိုးစံတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၆-၈-၂၀၂၁ရက် ည ၉:၁၅ နာရီတွင် ရန်ကုန်နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၂၁ရက် နံနက် ၁၁:၂၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း
### အထက (၁) ဒေါပုံ ကျောင်းဆရာ (အငြိမ်းစား)
### (ဘဏ္ဍာရေးမှူး)၊ ချမ်းမြေ့ရိပ်သာကျောင်း၊ ရန်ကုန်မြို့
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ် (၁၂၆) နေ (ဦးဖြူမင်း-ဒေါ်ရွှေရည်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်တင်တင်၏ခင်ပွန်းသည် ၄-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး
## ဒေါ်ဝင်းမေ(မုံရွာမြို့)
### အသက်(၇၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်နေ(ဦးဘရှင်-ဒေါ်ဖွားမြစ်)တို့၏သမီးကြီး၊ မုံရွာမြို့နေ ဦးဝင်းအောင်(စွမ်းထက်အောင် သီးနှံပွဲရုံ ၊ မုံရွာမြို့)-ဒေါ်ကြည်မွှေး၊ ရန်ကုန်မြို့နေ ဦးဝင်းငွေ(MD-Myanma Ocean Win Services Co.,ltd)-ဒေါ်ယဉ်မော်အောင် (Director -Myanma Ocean Win Services Co.,ltd)၊မုံရွာမြို့နေ ဦးဝင်းတင်(အောင်မြင့်မြတ် သီးနှံပွဲရုံ ၊ မုံရွာမြို့)-ဒေါ်ကြင်လှ၊ ဦးဝင်းခင်-ဒေါ်ခင်အုန်းမြင့်(မူလတန်းပြ-ငြိမ်း)၊ ဦးထွန်းဝေ (မွန်းစတားဆီစက်၊ မုံရွာမြို့)-ဒေါ်ဝင်းဌေး(အလယ်တန်းပြ-ငြိမ်း)၊ ဦးအောင်ကျော်စိုး (2/O)-ဒေါ်ဝင်းကြွယ်တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ အဒေါ်ကြီး၊ မြေး ငါးယောက်တို့၏ ဘွားဘွား သည် ၇-၈-၂၀၂၁ရက် (စနေနေ့)နံနက် ၃:၁၅နာရီတွင် မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မီးသတိပြု၊ မီးဘေးရှောင် မလောင်တား

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်း-ဒေါ်သိန်းရင်တို့၏သားမက်၊ ဒေါ်ခင်မာဝင်း(ခ)မစွဲ ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်ဝင်း-မနန်းချောထွေး၊ မသော်တာသန်း၊ ကိုရဲဇော်ဝင်းတို့၏ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာ ဒါယကာ **မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘသန်း**(ဘသန်း-ရွှေသန့်စင်လုပ်ငန်း) အသက်(၇၃)နှစ်သည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း၊ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်း-ဒေါ်သိန်းရင်တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း(ခ)မစွဲ ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်ဝင်း-မနန်းချောထွေး၊ မသော်တာသန်း၊ ကိုရဲဇော်ဝင်းတို့၏ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာ **ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယက ဦးဘသန်း**(ဘသန်း-ရွှေသန့်စင်လုပ်ငန်း) အသက်(၇၃)နှစ်သည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း၊ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း -YGEA**

## ရက်လည်ဆွမ်းကျွေးတရားတော်နာ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ ပြည်တော်သာ ၃လမ်း၊ အမှတ် (၁၂/၃၃ဘီ)နေ ဒေါ်ကြည်ကြည်ခိုင် ၏ ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း) DSA-11၊ မြေစာရင်းညွှန်ချုပ်(ငြိမ်း)သည် ၄-၈-၂၀၂၁ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၁ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူဇနီး-ဒေါ်ကြည်ကြည်ခိုင်**

## ဗိုလ်မှူးကြီး(ဟောင်း) စန်းပွင့်
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (အေ-၃)နေ (ဦးလှဒင်-ဒေါ်ပြုံး) တို့၏သား၊ (ဒေါ်ဖြူဖြူ)၏ ခင်ပွန်း၊ ဒေါက်တာ မေစန်းပွင့်၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး သည် ၇-၈-၂၀၂၁ရက် (စနေနေ့) နံနက် ၁:၀၆ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး(ဟောင်း) စန်းပွင့်
### ကြည်း/၁၂၈၅၈၊ တော‌ဇ (၁)
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ တော်ဝင်လမ်း၊ (၉)မိုင်နေ (ဒေါ်ဖြူဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ မမေစန်းပွင့်၏ ဖခင် ဗိုလ်မှူးကြီး(ဟောင်း) စန်းပွင့်သည် ၇-၈-၂၀၂၁ရက် နံနက် ၁:၀၆ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တော‌ဇ (၁) သူငယ်ချင်းများ မိသားစု**

## ဦးတင်မောင်ရီ(ခ)ဦးဝါရှင်း
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးတင်လှ-ဒေါ်မြရီ)တို့၏သား၊ (ဒေါ်သန်းရီ)၏မွေးစားသား၊ ဒေါ်လှလှဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက် တာ ကောင်းဇော်- ဒေါက်တာ ထက်ထက်အောင်၊ ကိုမင်းသူ-မဝေမွန်မြင့် တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်မောင်ရီ (ခ) ဦးဝါရှင်းသည် ၆-၈-၂၀၂၁ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ကျောင်း၊ ရေကန် အလှူဒါယိကာမကြီး
## ဒေါ်မြနု
### အသက်(၉၆)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ[ ဦးဘအောင်(ကျောင်းဆရာ-ငြိမ်း)] ၏ ဇနီး၊ ရဲမှူးချုပ် မြဝင်း-ဒေါ်ငွေအေးမူ တို့၏မိခင် ဒေါ်မြနုသည် ၄-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစုများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ဦးရွှေသာ
### လားရှိုးမြို့နယ်လဝက ဦးစီးမှူး(ငြိမ်း)
### လားရှိုးမြို့
### အသက် (၈၃)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးမောင်ကျော်ဇံ-ဒေါ်ရွှေသော့)တို့၏သား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ (ဦးညို-ဒေါ်မြသန်း) ပန်းမြိုင်ရွှေဆိုင်တို့၏သားသမက်၊ လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၆)၊ ရုံးကြီးလမ်းနေ ဒေါ်ငွေငွေသာ (ပန်းမြိုင်ရွှေဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းချမ်းသာ၏ဖခင် ဦးရွှေသာသည် ၅-၈-၂၀၂၁ရက် ၁၁:၂၀ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် လားရှိုးမြို့၊ ကြာကန်သုသာန်၌ သင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်စိုး
### ဒု/အရာခံဗိုလ်(ငြိမ်း)
### အမှတ်(၄) ပညာရေးကျောင်း
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ ကိုးလုံးကွင်းကျေးရွာ၊ မာလကာကုန်းပိုင်းနေ ဦးအောင်သင်း၊ ၃လမ်း၊အမှတ် ၁၇၈နေ(ဒေါ်ခင်စိုးကြည်)၊ (ဒေါ်ခင်စိုးရီ)၊ ဦးအောင်သိုက်(ဒု/ညွှန်မှူး-ငြိမ်း)-ဒေါ်ခင်မေကြည်၊ ဦးပဋ္ဌင်းဦးသာသန ၏ခမည်းတော်၊ အရာခံဗိုလ် ကျော်တင့် (အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လုပ်ရေးတပ်)- ဒုရဲမှူးကြီး ကေသီထွန်းတို့၏ဖခင်၊ ဦးနွယ်ဦး-ဒေါ်နန္ဒာကေသီ၊ ဦးဖွဲ့ထက်အောင်-ဒေါ်ဆွေလဲ့ဦး၊ မောင်သက်ထွန်းအောင် တို့၏ အဘိုး၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်းသည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်ပြီး ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်တင်အေး(ခ)ဒေါ်ခင်ရွှေ
### (ငါးသိုင်းချောင်းမြို့)
### အသက် (၈၆)နှစ်

ငါးသိုင်းချောင်းမြို့နေ (ဦးဘိုကလေး-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးဘညွန့်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ (ဒေါ်မြသော်)၊ (ဦးကျော်မြင့်-ဒေါ်ညွန့်ရီ) တို့၏ညီမ၊ [ဦးစိန်လင်း (ရေယာဉ်မှူး၊ ရေကြောင်းအရာရှိချုပ်-(ငြိမ်း)၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)]၏ ချစ်လှစွာသောဇနီး၊ ဦးသက်တင်လင်း-ဒေါ်မိုးသွင်၊ (ဦးဇော်အောင်ဌေး)-ဒေါ်သူတင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးထွန်းထွန်းမြင့်- ဒေါ်ချိုချိုအောင် (ပါမောက္ခ)တို့၏အဒေါ်၊ ကိုသစ်ထွန်းအောင်-မနုနုထွေး၊ ကိုခွန်ဇော်အောင်၊ ကိုဉာဏ်လင်းအောင်၊ ကိုဟန်လင်းအောင်၊ မခိုင်ရတနာလင်းတို့၏အဘွား၊ ရင်မြန်းသစ်၏ဘွားဘွားကြီးသည် ၅-၈-၂၀၂၁ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၁ ရက် နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၂၁ရက်တွင် ရွှေဘုန်းပွင့်ကျောင်းတိုက်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ သည်။

ကျန်ရစ်သူမိသားစု

## ဦးနေဝင်း(ခ)ဦးနေ (ရှုမဝ)
### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မိုးကုတ်လမ်း၊ အမှတ် ၁၃/၁၅၆နေ (ဒေါ်နီနီဦး)၏ခင်ပွန်း၊ မဝေနီဦး-မောင်ဝေလု၊ မောင်ဝေယံ-မခင်ပပ၊ မမြရည်သွန်း-ကိုသိန်းနိုင်ဦးတို့၏ဖခင်သည် ၅-၈-၂၀၂၁ရက် ညနေ ၄နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန် သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန့်ဇင်ထွဋ်(ပခုက္ကူမြို့)
### အသက်(၃၇)နှစ်

မြစ်သာရေလှိုင်း(ယောလုံချည်ဖြန့်ဖြူးရေးနှင့်အထည်ဆိုင်)(ဦးကျော်မျှား)-ဒေါ်ချစ်တင်တို့၏သားထွေး၊ ဒေါ်အေး သီတာ၏ခင်ပွန်း ဦးသန့်ဇင်ထွဋ်သည် ၆-၈-၂၀၂၁ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရောဂုဏ် မိသားစု**
**ပခုက္ကူမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၂၄ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သုံးကြိမ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား (ထူးခြားသည့် အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၉-၈-၂၀၂၁ ရက်နေ့မှ ၁၅-၈-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တား ထိန်းချုပ်ရန်လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ(ပုဂ္ဂလိကကျောင်း၊ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၉–၈–၂၀၂၁ ရက်နေ့မှ ၁၅–၈–၂၀၂၁ ရက်နေ့အထိ ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဩဂုတ် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၆၅၁ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၂၆၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၁၅၂၆ ဦးရှိ**

**(၇–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၆–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၂,၅၁၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၆၅၁)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၃,၂၄၈,၃၂၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၂၆,၄၈၉) ဦး ရှိပြီဖြစ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❒

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ**

စာ - ၁၂



## ခံစစ်ကစားသမား ရိုမီရိုကို စပါးအသင်းက အပြီးသတ် စာချုပ်ခေါ်ယူ




ခံစစ်ကစားသမား ရိုမီရို။

ပရီမီယာလိဂ်ကလပ် စပါးအသင်းက အတ္တလန္တာအသင်းမှ အာဂျင်တီးနား ခံစစ်ကစားသမား ရိုမီရိုကို ပေါင် ၄၂ ဒသမ ၅ သန်းဖြင့် စာချုပ်ခေါ်ယူလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးသည် စပါးအသင်းအတွက် ၂၀၁၉ ခုနှစ်တွင် အင်ဒွန်ဘီလီကို ပေါင် ၅၃ ဒသမ ၈ သန်းဖြင့် ခေါ်ယူပြီးနောက် ဒုတိယမြောက် တန်ဖိုးအမြင့်ဆုံး ပေးချေရသည့် ပြောင်းရွှေ့ကြေး ဖြစ်လာခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ရိုမီရိုသည် စီးရီးအေ၌ ပြီးခဲ့သည့်ဘောလုံးရာသီတွင် အကောင်းဆုံးခံစစ် ကစားသမားအဖြစ် မဲပေးရွေးချယ်ခံခဲ့ရသူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် အာဂျင်တီးနားအသင်းနှင့်အတူ

*စာမျက်နှာ ၇ ကော်လံ ၄* ❖